
www.burmeseclassic.com
အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်
သစ္စာမွန်စာပေ
ရွှေဘဝင်
အမှန်တရား၏ မျက်နှာပြင်
BURMESE CLASSIC
L လင်း
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀) ကျပ်
ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမှန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ- ဦးသက်လွင် (၀၀၆၅၁)
သစ္စာမှန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ကွန်ပျူတာ - ပန်းအိစံ
ဖြန့်ချိရေး - သစ္စာမှန်စာပေ
စာအုပ်ချုပ် - သစ္စာမှန်

၈၉၅·၈၃
ရွှေဘဝင်
အမှန်တရား၏မျက်နှာပြင်/ရွှေဘဝင်။-ရန်ကုန်
သစ္စာမှန်စာပေ၊ ၂၀၁၆။
၂၁၅-စာ၊ ၁၂×၁၈ စင်တီ။
(၁) အမှန်တရား၏မျက်နှာပြင်

သစ္စာမှန်စာပေတိုက်
၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၅၄၁၄၂၁


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အဖွင့်

"ဂျိန်း…"

ညအမှောင်ထုထဲတွင် ကောင်းကင်ထက်မှ မိုးကြိုးပစ်သကဲ့သို့ ကျယ်လောင်သော မိုးခြိမ်းသံကြီးနှင့် လေ ပြင်းတိုက်ခတ်မှုကြောင့် ဦးဖိုးအောင်တစ်ယောက် ပွဲတွင် ထွန်းညှိထားသော အယောင်းတိုင်ကို မငြိမ်းအောင် လက်ဖြင့်ကာရင်း ပါးစပ်မှ ဂါထာများကို ရွတ်ဆိုနေလေသည်။

"ဂျိမ်း…ဂျိမ်း…ဂျိမ်း"

လျှပ်စီးကြောင်းတွေကြောင့် အမှောင်ထုတွင်း စိတ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



"မင်း··အရက်ကလွဲပြီး ဘာမှမသိတဲ့ကောင်ကို ရှင်းပြလည်းဘာမှထူးမှာမဟုတ်ဘူး"

"ဒိုးကြီးဆိုတဲ့ကောင်က အရက်သောက်တာကလွဲပြီး မင်းလို ခေါင်းရင်းခန်းတက်ပြီး သူများသားမယား ကြာကူလီ မလုပ်ဘူး"

"ဟေ့ကောင် ဒိုးကြီး··မင်းပါးစပ် ပိတ်ထားစမ်း"

"ငါ့ပါးစပ်က အစထဲက ပိတ်ထားတာ၊ ငါ့ရှေ့မှာလာပြီး ပါးစပ်ဟအောင်လုပ်နေတာ မင်းတို့ကွ"

"ဖိုးအောင်ရာ··ဒီအရက်သမားနဲ့ဖက်ပြီးပြောမနေနဲ့၊ ဘာမှ သုံးလို့မရတဲ့ကောင်"

"ဟားဟားဟား··· သာကျော်··မင်းဆိုတဲ့ကောင်က မိန်းမဈေးဗန်းခေါင်းပေါ်တင်ပြီး ရောင်းတာကို အရှက်မရှိ ထိုင်စားပြီး အသုံးဝင်လှတဲ့ မဟာယောက်ျားကြီးပါလား··· ဒါတောင် မိန်းမလစ်ရင် ထမီခိုးပြီး ဖဲလေးကရိုက်သေး"

"မင်း··မင်း····"





သာကျော်မှာအမှန်ကို ပြောခံရသဖြင့် မခံနိုင်အောင်ဖြစ်သွားပြီး ဒိုးကြီးကို ထပြီးထိုးဖို့ပြင်သည်နှင့်···

"စကားလုံးတွေကနေ လက်ကိုကူးမယ်ဆိုရင်တော့ ရတယ်ဟေ့··· ဒိုးကြီးရာဇဝင်မှာမဟုတ်တာမလုပ်ဘူး၊ မမှန်တာ မပြောဘူး၊ စိန်ခေါ်လာရင် လက်မနှေးဘူး··"

"ခွမ်း··· ဒုန်း···"

"ဟာ··သွား···သွားပြီ"

ဇရပ်ပေါ်မှစင်ပေါ်တွင်တင်ထားသော ငှက်ပျောပွဲဇလုံကြီး လွင့်စင်သွားတော့သည်။

"မွေး···မွေး···မွေးပြီဟေ့၊ ယောက်ျားလေး···"

ဇရပ်ဆီသို့ပြေးပြီး လာပြောသော သောင်းထွန်းအသံကြောင့် ရန်ပွဲခဏမျှ ရပ်သွားသည်။

"ခင်···ခင်မကတော့··ဆုံး···သွားပြီ"

"ဘာ···ဟာ···ဟယ်···"

"ငါထင်တယ်··· ဒီကလေးငြိုဟ်မွေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



“ဖိုးအောင်…မင်း…အရှူးပါးစပ်နဲ့ကလေးဘ၀ကို မဖျက်ဆီးနဲ့”

“မှန်တာပြောတာကွ”

“ကဲကွာ… အပြစ်မဲ့တဲ့ ကလေးအနာဂတ်ကို ဖျက်ဆီးချင်တဲ့ကောင်”

“ဟော့…ဟော့…ကောင်တွေ”

ဇရပ်ပေါ်တွင် ဆူညံပွက်လောရိုက်သွားလေတော့သည်။



BURMESE CLASSIC

## အခန်း (၁)

ရွာမှ ဆရာတော် ကျောင်းပေါ်တွင် ရွာသူရွာသားအားလုံး စုံညီစွာရောက်နေကြသည်။

ဆရာတော်ကြီးမှ တစ်အိမ်တစ်ယောက်လာရမည်ဟု မိန့်ကြားထားသဖြင့် တစ်ယောက်မှ မလာဘဲမနေရဲ ကြပေ…။ ကျေးရွာတွင် ရွာလူကြီးထက် ဆရာတော့်သြဇာမှာ ထိရောက်သလို ကြောက်ရွံ့ရိုသေကြ၏။

“ရွာလူကြီး ဦးကြာ…လူစုံပြီလား”

“တင်ပါ့…စုံပါပြီဘုရား”

“အေး…စုံရင် ငါပြောထားတဲ့အတိုင်းပြောပြလိုက်တော့”

“တင်ပါ့…အဟမ်း… အားလုံးနားထောင်… ဒီနေ့ တစ်ရွာလုံးကိုခေါ်ရတဲ့အဓိကအကြောင်းရင်းကတော့ မင်းမောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်မတို့ မွေးခဲ့တဲ့ကလေးကိစ္စပဲ… မင်းမောင်နဲ့ခင်မတို့မှာ ဆွေမျိုး အသိုင်းအဝိုင်းမရှိကြဘူးဆိုတာ အားလုံးသိတယ်‥ မြို့ကနေ ကျုပ်တို့ရွာကိုရောက်လာပြီး ဒီမှာလုပ်ကိုင်စားရင်းနဲ့ သူတို့ဘဝကို မြှုပ်နှံခဲ့ကြတာ၊ သူတို့ဇာတိချက်မြှုပ်ကို ဘယ်သူမှမသိကြဘူး၊ ခု သူတို့နှစ်ယောက်လုံးမရှိကြတော့ဘူးဆိုတော့ ကျန်ခဲ့တဲ့ ကလေး ကိစ္စကိုဘယ်လိုလုပ်ကိုင်မလဲဆိုတာ ရွာသူရွာသားတွေရဲ့ သဘော ဆန္ဒကို သိချင်လို့ခေါ်မေးရတာပဲ”

“ကျွန်တော်တစ်ခု တင်ပြပါရစေ”

“ဖိုးအောင်…မင်းက ဘာတင်ပြချင်တာလဲ၊ တင်ပြစမ်း”

“ဒီလိုပါဘုရား…ဒီကလေးဟာ လူ့ပြည်ကိုကောင်းကျိုး ပြုဖို့ရောက်လာတဲ့ ကလေးတစ်ယောက်မဟုတ်ပါဘူး၊ တပည့်တော် ပညာအရ‥ တွက်ချက်ကြည့်တော့ ဘီလူးနက္ခတ်နဲ့ယှဉ်မွေးတဲ့ ကလေးတစ်ဦးဖြစ်လို့ ရွာမှာမထား သင့်ပါဘူးဘုရား…”

“ဖိုးအောင်…မင်း ငါ့လက်သီးကိုထပ်ပြီးအရသာ ခံချင်ပြီ နဲ့တူတယ်…ဘုန်းကြီးကျောင်းပေါ်မို့လို့ပေါ့ကွာ၊ အပြင်မှာဆို





နောက်ထပ် သွားတစ်ချောင်းထပ်ပြီးကျိုးတယ်၊ ဟင်း…”

“ဒိုးကြီး…ပါးစပ်ပိတ်စမ်း”

“တင်ပါ့‥ဘုရား”

“နောက်ဘယ်သူထပ်ပြီးပြောစရာရှိသေးလဲ”

“ရှိပါတယ်ဘုရား”

“သာကျော်…ပြောစမ်း”

“ဖိုးအောင်ပြောတဲ့အကြောင်းအချက်တွေဟာ အပြင်မှာ တကယ်လက်တွေ့ကြုံခဲ့ရတာပါ၊ ဒီကလေးကြောင့် သူ့အဖေရော အမေပါ သေခဲ့ရတာဟာ ငြင်းလို့မရပါဘူး၊ ပြီးတော့ ရွာမှာ မဖြစ်စဖူး အရှေ့တာကြီးကျိုးသွားပြီး ရွာအရှေ့ပိုင်းမှာ အိမ်ခြေ (၅၀)လောက် ပျက်စီးသွားရတယ်၊ ခုလိုဖြစ်ရတာ ဒီကလေး ကြောင့်ပါ”

“သာကျော်‥မင်းတို့တစ်တွေ တကယ် အရှက်မရှိတဲ့ ကောင်တွေပဲကွာ၊ အရှေ့ဘက်ကတာကြီးကျိုးရတာ မင်းတို့လယ် လုပ်ကိုင်တဲ့သူတွေ တစ်ယောက်ကိုတစ်ယောက် တွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တာကြီးကို ဖို့ရမယ်၊ ပြင်ရမယ်ဆိုတာ သိရက်နဲ့မလုပ်လို့ မိုးဦးရေတက်ရင် ခုလိုဖြစ်တတ်တာလေ၊ ဘယ်ကလေးကြောင့်မှ မဟုတ်ဘူး''

''ဒိုးကြီး…မင်းဘာမှဝင်ပြောစရာမလိုဘူး''

''မပြောလို့မရဘူးကွ… ကိုယ့်အပြစ်ကိုဘာမှမဟုတ်တဲ့ ကလေးပေါ်မှာ ပုံမချနဲ့''

''တိတ်ကြစမ်း''

ဆရာတော်ကြီး အော်လိုက်တော့မှအားလုံးတိတ်သွားတော့သည်။

''ငါသဘောပေါက်ပြီ…တစ်ရွာလုံးက ဒီကလေးပေါ်မှာ ဖိုးအောင်စကားနဲ့ ရှုံ့ရှာနေကြတာကိုး… သတ္တဝါတွေအားလုံးဟာ သူ့ရဲ့ ကံအကျိုးဆက်နဲ့လာကြပြီး ပြန်ကြရတာ၊ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်ဆိုတာမရှိဘူး… အတိတ်ကပြုခဲ့တဲ့ ကံပေါ်မှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်းတွေ ကြုံခဲ့ရတယ်၊ ဒီအပေါ်မှာ အသိသတိနဲ့ကုသိုလ်ကံ အကုသိုလ်ကံကို ပြုလုပ်ကြရတယ်၊ ထားလိုက်





တော့… ငါမင်းတို့ကို မေးမယ်… မိဘမဲ့နေတဲ့ဒီကလေးကို မျိုးထောင်ပေးမယ့်သူ ဘယ်သူရှိလဲ… ဖြေကြစမ်း''

ဆရာတော်ကြီး၏ အမေးကို ဘယ်သူမှဖြေကြားနိုင်ခြင်းမရှိပေမယ့်…

''တပည့်တော်ကို မွေးစားခွင့်ပြုမယ်ဆိုရင် တပည့်တော်မျိုးထောင်ပေးပါရစေ…''

ရဲရဲဝံ့ဝံ့ထပြီးပြောလိုက်သူက အရက်သမား ဒိုးကြီးဖြစ်သည်။ သူနေထိုင်သည်မှာ ရွာပြင်သုသာန်မှ ဇရပ်အိုတွင်ဖြစ်သော်လည်း…ဒိုးကြီးမျိုးရိုးမှာ ဆင်းရဲမွဲတေသော မိသားစုမှပေါက်ဖွားလာသူမဟုတ်၊ မိဘတွေမှာ ရွာ၏ထိပ်တန်း လယ်ပိုင်ရှင်ယာပိုင်ရှင်ကြီးများ ဖြစ်သည့်အပြင် တစ်ဦးတည်းသောသားဖြစ်ပြီး မြို့မှာ ကျောင်းတက်ပြီး ကြီးပြင်းခဲ့တဲ့ ဒိုးကြီးသည် မတရားမှုများကို ကိုယ်နှင့် ဆိုင်ဆိုင်မဆိုင်ဆိုင် ဖြေရှင်းတတ်မှုကြောင့် လူသတ်မှုဖြင့် ထောင်ကျခဲ့ရပြီး ခုလိုအရက်သမားဘဝကို ရောက်ရှိသွားသူဖြစ်သည်။ သူ့မိဘများပိုင်ဆိုင်သောလယ်ယာမြေများကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ လှည့်မကြည့်သည့်အပြင် မိဘပိုင်အိမ်ကြီးကို ရွာစာသင်ကျောင်းအဖြစ် လှူဒါန်းခဲ့ပြီး ဇရပ်မှာသွားရောက်နေထိုင်သူဖြစ်သည်။

တစ်ရွာလုံးက ဒိုးကြီးကို ရူးသွပ်သွားသူလို့ သတ်မှတ်ထားပေမယ့် အဆင့်အတန်းခွဲခြားပြီး မဆက်ဆံရဲကြပေ… ဘာကြောင့်လဲဆိုတော့ ဒိုးကြီးပိုင်ဆိုင်လျက်ရှိသော လယ်ယာမြေပေါ်တွင် လုပ်ကိုင်စားသောက်သောသူတွေက ရွာတွင်မနည်းလှပေ။ ဒိုးကြီးမိဘများ ကျန်ရစ်ခဲ့သော ငွေကြေးဥစ္စာများကို ဆရာတော်ကြီးနှင့် ရွာလူကြီးများမှ ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်ပေးထားရသည်။ သူပိုင်ဆိုင်သော လယ်ယာများမှ တစ်နှစ်တစ်ခါရသော ငွေကြေးထဲမှ (၁၀)ပုံ တစ်ပုံကိုသာ သူသုံးပြီး ကျန်ငွေများကို ရွာမှ နွမ်းပါးသော ကလေးသူငယ်တွေအတွက် ပညာရေးထောက်ပံ့ပေးခဲ့သည်။ ဒါ့ကြောင့်လည်း ဒိုးကြီးကို မပြောရဲကြပေ။

ထို့အပြင် ရွာသားများ အကြောက်ဆုံးမှာ ဒိုးကြီးရှေ့တွင် မဟုတ်တာ၊ မတရားတာတွေကို မပြောရဲ မလုပ်ရဲ ကြခြင်းပင်





ဖြစ်သည်။

“ဒိုးကြီး မင်းတောင်းဆိုချက်ကို ခွင့်ပြုချင်ပါတယ်၊ ဒါပေမယ့် ခက်နေတာက မင်းက အရက်ကို နေ့ရောညပါ သောက်နေတော့ ကလေးအတွက် ဘယ်လိုလုပ်ပြီး စိတ်ချနိုင်မှာလဲ၊ မင်းဘက်ကနေ ကတိတစ်ခု ပေးနိုင်ရင်တော့ မင်းလက်ထဲကို ကလေးထည့်ပေးနိုင်မယ်”

“ဆရာတော်ဘုရား တောင်းမယ့်ကတိကို တပည့်တော်ပေးနိုင်ပါတယ်”

“သေချာရဲ့လား ဒိုးကြီး စဉ်းစားအုံးနော်”

“ဆရာတော်ဘုရား တောင်းမယ့်ကတိကို တပည့်တော်သိနေပါတယ်၊ တပည့်တော်ကို အရက်ဖြတ်ခိုင်းမှာ မဟုတ်လားဘုရား”

“သိဝ်ဟုတ်တာပေါ့ကွာ မင်းပေးနိုင်မလား”

“တပည့်တော်က အရက်သမားဆိုပေမယ့် အရက်ရဲ့ ကျေးကျွန်မဟုတ်ပါဘူးဘုရား၊ အရက်ကို မြင်းတစ်ကောင်လို စိုင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



နင်းနင်း ဇက်ကြိုးကိုင်နိုင်တဲ့သူပါ''

''ကောင်းပြီ မင်းကတိအတိုင်း တည်မယ်ဆိုရင် ဒီနေ့ ကစပြီး ဒီကလေးကို မင်းလက်ထဲကို အပ်လိုက်ပြီ၊ ဘယ်သူမှ သဘောမတူဘူးလို့ ပြောမယ့်သူ ရှိမှာမဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား... ဖိုးအောင်''

''ဘုရား...''

''မင်းကြပ်ကြပ်သတိထားနော်၊ ရွာထဲမှာ ဝံပါက်ကရ သတင်းတွေ လွှင့်ပြီး မဟုတ်တာတွေလုပ်နေတာ ကြားကြား နေရတယ်''

''တပည့်တော်ဇာ (၇) ရက်သားသမီးအသက်တွေကို ကယ်တင်နေတာပါဘုရား''

''တော်စမ်း နောက်တစ်ခါ ငါ့နားထဲ မဟုတ်တာကြား လို့ကတော့ ဟိုမှာတွေ့လား''

''တွေ့ပါတယ်ဘုရား''

ဆရာတော်ကြီး ကျောင်းနံရံတွင် ဆွဲထားသော ကြိမ်လုံးကြီး





ကို ပြလိုက်ခြင်းဖြစ်သည်။ ဆရာတော်ကြီး ကြိမ်လုံးသည် ရွာတွင် လူမရွေး နေရာမရွေးသော ကြိမ်လုံးဖြစ်လေသည်။

''ဦးကြာ..ကလေးကို ဒိုးကြီးလက်ထဲကို ပေးလိုက်တော့''

''တင်ပါ''

မွေးကတည်းက မိခင်ဆုံးပါးသွားပြီး ဆရာတော်ကြီး ကျောင်းတွင် ထားခဲ့ရသော ကလေးငယ်ကို ဒိုးကြီးလက်ထဲသို့ ပေးလိုက်လေသည်။

''ဟေး... အဖိုးတန်ငါ့သားကွ... ငါ့အနှစ်သက်ဆုံး အရက်နဲ့လဲယူပြီး မွေးရမှာဟေ့''

ဒိုးကြီးအော်ဟစ်ပြောဆိုနေသည့်ပေါ်တွင် ရွာသူရွာသား အားလုံး မနှစ်မြို့သော အကြည့်တွေနှင့်ကြည့်ပြီး နေကြသော်လည်း စကားသံတော့ ဘယ်သူမှ တီးတိုးတောင် မထွက်ပေါ်ရဲကြပေ။ ထို့နောက် ဆရာတော်ကြီးကို ဦးချရှိခိုးပြီး ကလေးငယ်ကိုပွေ့ကာ ကျောင်းပေါ်မှ ဆင်းသွားသော ဒိုးကြီးခြေလှမ်းများမှာ သွက်လက် လျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ဒိုးကြီး ကလေးငယ်ကိုပွေ့ချီလျက် ရွာလူကြီး ဦးကြာ အိမ်သို့လာခဲ့သည်။

" ဦးကြာ…ဦးကြာ…"

" ဟော့ ဒိုးကြီး မနက်စောစောစီးစီး ဘာလဲကွဲ့"

"ကျုပ်ကို ငွေပေးစမ်းပါဦး ပြီးတော့ နွားလှည်းလည်း ယူချင်တယ်"

" ဟေ… ဘာလုပ်မလို့လဲ"

" ကျုပ်သားအတွက် လိုအပ်တာတွေ မြို့တက်ပြီး သွား





ဝယ်မလို့"

" မင်းနဲ့ကွာ လူကြုံမှာလိုက်ရင်ရတာပဲ"

" ကျုပ်သားနဲ့ပတ်သက်ပြီး ရွာကလူတွေနဲ့ မဆက်ဆံချင်ဘူးဗျာ"

" ခဏစောင့်… မယ်ကြော့ရေ ဒိုးကြီးပိုက်ဆံတွေထဲက ငွေတစ်သောင်းလောက်ယူခဲ့ဦး"

"ဟာဗျာ ငွေတစ်သောင်းနဲ့ ဒီခေတ်မှာ ဘာဝယ်လို့ရမှာလဲ တစ်သိန်းယူခဲ့"

"ဒိုးကြီး များလှချည်လား"

"ဝယ်ချင်တာတွေကို စိတ်တိုင်းကျ ဝယ်ချင်လို့ပါဗျာ"

"ငွေတစ်သိန်းဆိုတာ နည်းတဲ့ငွေတွေမဟုတ်ဘူး ဒိုးကြီးရဲ့ နင်အလဟဿ သုံးမလို့လား"

"ဒေါ်ကြော့ ခင်ဗျားစကားတော်တော်ရှည်တာပဲဗျာ၊ ခင်ဗျားဆီကတောင်းတာ မဟုတ်ဘူး ကျုပ်ငွေ ကျုပ်တောင်းတာ"

"မယ်ကြော့ နင်ပါးစပ်ပေါက်ပိတ်ထားစမ်းကွာ ပေးမှာ



www.burmeseclassic.com

www.burmeseclassic.com



သာပေးလိုက်''

''နင်က နွားလှည်းယူသွားဦးမှာလား''

''ဟုတ်တယ်၊ ခင်ဗျာတို့ပိုင်တဲ့ နွားလှည်းကို ယူမှာ မဟုတ်ဘူး၊ ကျုပ်နွားလှည်းကျုပ်ယူမှာ''

''မယ်ကြော့…''

လူကြီးဦးကြာ သူ့ဇနီးကို အော်ဟစ်ပြီးပြောလိုက်တော့မှ ငွေထုပ်ကိုယူပြီးပေးလေသည်။

'' မင်းတစ်ယောက်တည်း ကလေးနဲ့နော်၊ တစ်ယောက်ယောက်အဖော်ခေါ်သွားပါလား''

''ရွာမှာရှိတဲ့လူတွေကို ကျုပ်အတော်ကို စိတ်ကုန်နေပြီဗျ''

ဒိုးကြီး နွားလှည်းပေါ်သို့ ကလေးငယ်ကို တင်ပြီး…

''ဟဲ့ နွားနီ… နွားကျား… သွားမယ်''

''ရွှန်း…''

ဒိုးကြီး ကြိမ်လေးတို့ကာ မောင်းထွက်ခဲ့စဉ် ရွာထိပ်တွင် ဖိုးအောင်၊ သာကျော်နှင့် ဦးဘချစ်တို့ အုပ်စုနှင့် တိုးလေသည်။





ဘချစ်ဆိုသူက ရွာတွင် လယ်ကေမျာစွာ ပိုင်ဆိုင်ပြီး တပည့်တပန်းတွေနှင့် ဩဇာထက်နေသူတစ်ဦး၊ ရွာလူကြီး ဦးကြာကိုပင် မလေးမခန့်နှင့် ဆက်ဆံသူတစ်ဦး…

''ဒိုးကြီး ရပ်စမ်း''

ဖိုးအောင် အသံမာမာဖြင့်တားလေသည်။ ဒိုးကြီး ဒေါသထွက်သွားပြီး လှည်းကိုရပ်လိုက်သည်။

''ဘာလဲ ဖိုးအောင်''

''မင်းကို သတိပေးစရာရှိတယ်၊ ကိုဘချစ် ပြောလိုက်လေ''

''ဟော့ကောင် ဒိုးကြီး မင်းဒီကလေးနဲ့ ရွာထဲကနေမသွားနဲ့ ငါတို့ရွာနာတယ်''

''ဘာကွ…ဘချစ် မင်းကမသွားနဲ့လို့ တားရအောင် မင်းကိုယ်မင်း ဘာမှတ်နေလို့လဲ၊ ဒီရွာမှာ လူကြီးရှိတယ် မင်းဘာမှ ငါ့ကို အမိန့်ပေးစရာမလိုဘူး''

''မင်းကို ကောင်းကောင်းမွန်မွန်ပြောနေတာ နောက်တစ်ခါဆို ငါတို့အဆိုးမဆိုနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဘချစ် မင်းလိုကပ်ပါးရပ်ပါးကောင်တွေကို အရက်လေးတိုက် ထမင်းလေးကျွေး လူမိုက်မွေးထားတဲ့ကောင်ရဲ့ ခြိမ်းခြောက်မှုကို သွေးပျက်မယ်လို့ထင်လား ရှေ့က ဖယ်မလား... မဖယ်ဘူးလား... ကြာတယ်ကွာ..."

"ရှွန်း...ရှွန်း..."

ဒိုးကြီးမှာ နွားတွေကို ကြိမ်တို့ပြီး မောင်းထွက်ခဲ့သဖြင့် ရှေ့မှာရပ်နေသော ဘချစ်လူများ ဘေးကပ်ရပ်ကြတော့သည်။

"ငါဒီလမ်းကပြန်လာမှာ ရှင်းချင်ရင် စောင့်နေကြ"

"တောက်... ဒိုးကြီးရာ တွေ့ကြသေးတာပေါ့"

ဘချစ်၊ ဖိုးအောင်နဲ့ သာကျော်တို့တွေ မကျေမနပ်နှင့် ကျန်ရစ်ခဲ့ကြတော့သည်။ ဒိုးကြီး နွားလှည်းဖြင့် ရွာမှထွက်သော အခါ...

"ဟေး...ဒိုးကြီး... ရပ်ပါဦးကွ"

ဒိုးကြီးနှင့် သောက်ဖော်သောက်ဖက် ဗုံတို လှမ်းခေါ်သဖြင့် နွားလှည်းကိုရပ်လိုက်ရပြန်၏။





"ဗုံတို ဘာလဲ၊ အရက်သောက်ဖို့ဆိုရင်တော့ စကားမဆက်နဲ့"

"ငါမင်းအရက်မသောက်တော့ဘူးဆိုတာကို သိပါတယ်ကွ"

"ဒါဆိုဘာလည်း အရက်ဖိုးတောင်းမလို့လား"

"မဟုတ်ပါဘူးကွာ၊ ငါညက မင်းနဲ့ကလေးအကြောင်းကို စဉ်းစားပြီး ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်ကွ.. ငါလည်း မင်းနဲ့အတူနေပြီး ဒီကလေးကိုစောင့်ရှောက်မယ်"

"ဗုံတို..မင်းအရက်သောက်ထားလား"

"မသောက်ထားပါဘူး...သောက်လည်းမသောက်တော့ဘူး"

"မင်းစကားတည်ရင်တော့ မင်းနဲ့ငါ လက်တွဲလို့ရပြီ"

"တည်ပြီးသားပဲဟေ့"

"နွားလှည်းပေါ်တက်...ကလေးအတွက် ဝယ်ခြမ်းစရာတွေကို မြို့တက်ပြီးဝယ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းတာပေါ့ကွာ…”

နွားလှည်းကလေးဆက်ပြီးထွက်လာရင်းနှင့်…

“မင်းကလေးနာမည် ပေးပြီးပြီလား”

“ဒိုးကြီးရဲ့သား ဒိုးလေးပေါ့”

“ကောင်းတယ်…ဒိုးကြီးရဲ့သား ဒိုးလေး…မင်းကိုသတင်းတစ်ခုပြောရဦးမယ်… ဖိုးအောင်တို့အုပ်စုတွေ ကလေးကို ဒုက္ခပေးဖို့ကြံနေကြတယ်နော်”

“ငါသဘောပေါက်တယ်၊ ဒီခွေးမသား ရွာထဲမှာ ပေါက်ကရတွေလိုက်ပြီးပြောနေတယ်၊ ဒီကလေး (၃) နှစ်ပြည့်တာနဲ့ ဘီလူးနက္ခတ်က အသက်ဝင်ပြီး ရွာကို ဒုက္ခပေးတော့မယ်ဆိုပြီး ပြောထားတာ”

“ဖိုးအောင်ကတော့ ခက်နေပြီ မင်းဘာလုပ်မလဲ၊ ကလေးအတွက် အန္တရာယ်ကိုတော့ ကြိုတင်ပြီးကာကွယ်ထားဖို့လိုလာပြီ”

“ခုလောလောဆယ်တော့ ဆရာတော်ကြီးကို လျှောက်တင်ထားတယ်၊ ဆရာတော်ကြီးကလည်း ဒီသတင်းကို နိုင်နိုင်လုံလုံ





သိတာနဲ့ ဖိုးအောင်ကိုခေါ်ပြီး ဆုံးမမယ်လို့တော့ပြောတယ်၊ ကိုယ့်ဘက်က ကလေးအတွက်တော့ ပြင်ဆင်စရာတွေကို ပြင်ဆင်ထားရတော့မှာပေါ့ကွာ…ဖိုးအောင်၊ ဘချစ်နဲ့သာကျော်တို့နဲ့တော့ ပွဲကြီးပွဲကောင်းတွေ့ ရဦးမယ်ဟေ့”



www.burmeseclassic.com

www.burmeseclassic.com

ရွာတွင် ရွာလူကြီးဦးကြာနှင့် ဆရာတော်ကြီး ရှိနေချိန်ထိ ဒိုးကြီးတို့အတွက် ဖိုးအောင်တို့ အန္တရာယ်မပေးရဲ ခဲ့ကြသော်လည်း ဒိုးလေး (၃)နှစ်သားအရွယ်တွင် ဆရာတော်ဘုရားကြီး ကျန်းမာရေးမကောင်းသဖြင့် မြို့တွင် ဆေးဝါးကုသပြီး ရွာကိုကျောခိုင်းချိန်၊ ရွာလူကြီးဦးကြာ ကွယ်လွန်ပြီး ဘချစ်ကို တစ်ရွာလုံးမှ ရွာလူကြီး တင်မြှောက်ချိန်မှာတော့…

သတိပေး ကြေညာချက်

ဤရွာအတွင်းသို့ ဒိုးကြီးနှင့် သူ၏သား ဒိုးလေး၊ ဗုံတို တို့ဝင်ခွင့်မရှိ၊ ဝင်ရောက်ပါက အရေးယူ ဆုံးမခြင်း ခံရမည်။

ပံ့– ဘချစ်

ရွာလူကြီး





"တောက်…"

ဒိုးကြီးသည် ကပ်ထားသောစာရွက်ကို ဆွဲဖြဲပြီး ရွာထဲတွင်ဝင်မည်အပြု…

"ဒိုးကြီး မသွားနဲ့၊ ခုချိန်မှာ သူတို့ဘက်က တစ်ရွာလုံးပါနေတယ်၊ ပြီးတော့ သူကလူကြီးဖြစ်နေပြီ ကိုယ့်ဘက်က အရှုံးပဲကွ"

ဗုံတိုသည် ဒိုးကြီးကို အတင်းဆွဲခေါ်ပြီး ဇရပ်ဆီသို့ ပြန်လာခဲ့သည်။ ဇရပ်ပေါ်တွင် ဒိုးလေးတစ်ယောက် အိပ်ပျော်နေဆဲ…

"ဗုံတိုရယ် ကြည့်ပါဦးကွာ၊ အပြစ်မဲ့တဲ့ ကလေးတစ်ယောက်ရဲ့ ဘဝကို ရက်စက်ယုတ်မာကြတဲ့ကောင်တွေ"

"ငါတို့ဘက်မှာ အကာအကွယ်ပေးမယ့် ဆရာတော်ကြီးလည်း မြို့မှာသူ့ကျန်းမာရေးနဲ့သူ ရွာကိုပြန်မကြွနိုင်တော့ဘူး ဦးကြာကလည်း ဆုံးသွားပြီဆိုတော့ ငါတို့အတွက် ရှေ့ဆက်ပြီးရပ်တည်ဖို့တောင်ခက်မယ်၊ မင်းပိုက်ဆံတွေကိုလည်း ဘချစ်နဲ့ ဒေါ်ကြော့ ပေါင်းပြီး အကုန်သိမ်းလိုက်ပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးကြော့ကွယ်လွန်သွားသောအခါ ဒိုးကြီး အပ်နှံထားသော ငွေတွေကို ဒေါ်ကြော့မှ ပြန်မပေးတော့ပဲ အားလုံးကို အစဖျောက် ပစ်လိုက်တယ်။ဒီ့အပြင် ဒိုးကြီးပိုင်ဆိုင်သော လယ်ယာမြေပေါ်တွင် လုပ်ကိုင်စားသောက်သူတွေကလည်း ကျေးဇူးမဲ့စွာ ဘချစ်နှင့်အပေး အယူလုပ်ပြီး သိမ်းယူလိုက်ကြတော့သည်။ အမှုကို မြို့တက်ပြီး ရင်ဆိုင်ချင်ပေမယ့် အသိသက်သေဖြစ်သည့် ဆရာတော်ကြီးမှာ ရောဂါအခြေအနေဆိုးရွားနေသဖြင့် ဆရာတော်ကြီးကို ငဲ့ညှာပြီး ဒိုးကြီးလက်လျှော့ပေးခဲ့သည်။

"အမှန်တရားဆိုတာ တစ်နေ့ပေါ်လာဦးမှာပေါ့ ဖိုးတိုရာ၊ ငါ့မှာရှိတဲ့ ခွန်အားနဲ့ ငါ့သားလေးကို လူဖြစ်အောင် မွေးရမှာပဲ"

"ရွာမှာ လုပ်ကိုင်စားသောက်ဖို့ကတော့ မလွယ်တော့ဘူး ဒိုးကြီး၊ ငါတို့တစ်ခုခုတော့ လုပ်ကြရတော့မယ့် ထင်တယ်"

"ငါလည်း ဒါကိုစဉ်းစားနေတာပဲ ဖိုးတို... ခုဆိုရင် ငါတို့ကို ရွာထဲပေးမဝင်တော့ ဝယ်ခြမ်းစရာရှိလည်း ဘချစ်က မရောင်းရဘူးလို့ တားမြစ်ထားတယ်၊ ငွေကလည်း လက်ထဲမှာ





တစ်သောင်းတောင် မပြည့်တော့ဘူး"

"ငါတစ်ခု စဉ်းစားမိတယ် ဒိုးကြီး၊ ငါတို့မြို့ပေါ်တက်ပြီး လုပ်ကိုင်စားသောက်ကြရင်ကောင်းမယ်၊ ကလေး ရဲ့နောင်ရေးပါ ကောင်းသွားတာပေါ့၊ မြို့မှာဆို ထမင်းတစ်လုတ်စားဖို့တော့ ကူလီဝင်ထမ်းတာတောင် ထမင်းစား ရပါတယ်"

"ဒီလိုပဲ ဆုံးဖြတ်ကြတာပေါ့၊ ဟော..သားတောင်နိုးပြီ"

"ဖေဖေကြီး... ဖေဖေလေး.. သား သားဗိုက်ဆာတယ်"

"စားရမှာပေါ့ကွာ၊ ဖိုးတိုရေ... မင်းသားအတွက် ချန် ထားတဲ့ ငှက်ပျောသီးလေး ကျွေးလိုက်ပါဦး၊ ငါ ဟင်းစားငွေလေး ဘာလေး ကွင်းထဲထွက်ပြီး ရှာလိုက်ဦးမယ်"

"ဒိုးကြီး မင်းရွာဘက်နားထိမသွားနဲ့နော်"

"အေးပါကွာ"

ဖိုးတို ဒိုးလေးကို ငှက်ပျောသီးလေးခွာကျွေးရင်း ညနေစာ အတွက် ဆန်အိုးထဲကို ကြည့်တော့ ဆန်မှာ တစ်လုံးပင် မပြည့် တော့၊ သူတို့ဘဝတွေအတွက် အငတ်ဘေးကို စတင်ပြီး ကြုံရ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်ဖြစ်သည်။

"တောက်"

မုံတို ရွာဘက်ကို လှမ်းကြည့်ပြီး ရင်ထဲမှာ နာကြည်းမိတော့သည်။ လူမဆန်လှသော လူတွေစုပြီး နေထိုင်သော ရွာပေါ်တွင် မုန်းတီးရွံရှာမိတော့သည်။



မှောင်စပြုနေချိန်ထိ ဒိုးကြီးပြန်မရောက်သဖြင့် မုံတိုစိတ်ပူနေမိသည်။ ဒိုးလေးကို ထမင်းနှင့် ထန်းလျက်ခဲ လက်ကျန်တစ်ခဲနှင့် ထမင်းကျွေးပြီး သိပ်လိုက်ပြီဖြစ်သည်။

"ဒီကောင်ကြီး ဘာလို့မိုးချုပ်နေတာလဲ တစ်ခုခုများဖြစ်နေမလား ဘုရား..ဘုရား...ဘုရား ဘာမှ မဖြစ်ပါစေနဲ့"

"မုံ...တို..."

"ဟာ...ဒိုးကြီး"

ဒိုးကြီးကိုယ်ပေါ်တွင် သွေးများဖြင့် မြင်မကောင်းအောင်တွေပြီး ဇရပ်ပေါ်သို့ ရောက်သည်နှင့် လဲကျသွားသည်။

"ဒိုးကြီး ဘယ်လိုဖြစ်ရတာလဲ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ···ငါ့ကို ဖိုးအောင်တို့ လုပ်ကြံလိုက်တယ်၊ မင်း··· မင်း··သားကိုခေါ်ပြီး ဒီဇရပ်ကနေပြေး···ပြေးတော့၊ ဒီကောင်တွေ ဒီကိုလာကြတော့မယ်···ဒီနေ့ သားလေး(၃)နှစ်ပြည့်တဲ့နေ့မှာ သားလေးကို ဘီလူးဖြစ်ပြီဆိုပြီး ရှင်းကြတော့မှာ"

"ဘာ···"

ဗုံတိုလက်ပေါ်တွင် ဒိုးကြီးခေါင်းကျိုးကျသွားပြီး၊ အဝေးဆီမှ မီးရောင်တွေကို မြင်တွေ့နေရလေသည်။ ဗုံတို သူငယ်ချင်းဖြစ်သူ၏ အလောင်းကို မြေမြှုပ်ခွင့်တောင်မရတော့ဘဲ၊ အိပ်ပျော်နေသော ဒိုးလေးကို ပခုံးပေါ်သို့တင်ပြီး ဇရပ်နောက်ဖေးဆီမှ ပြေးထွက်ခဲ့တော့သည်။

"ဝေါ"

"ဟာ အရေးထဲကွာ"

ကံဆိုးခြင်းနှင့်အတူ လိုက်ပါလာသောမိုးသည် သည်းထန်စွာ ရွာသွန်းလေတော့သည်။

"ဖေဖေကြီး···"





"သားလေး···"

ဗုံတိုသည် ကလေးကို သူ့အင်္ကျီလေးလွှမ်းခြုံပေးထားပြီး ဆူးညှောင့်ခလုတ်များကို ဂရုမပြုနိုင်တော့ဘဲ လွတ်မြောက်ရာဆီသို့ ခြေကုန်သုတ်ပြီး ပြေးခဲ့ရတော့သည်။

နာကျင်ခြင်းဒဏ်ရာတွေနှင့် သည်းထန်စွာရွာနေသော မိုးကြားမှာ ပြေးလွှားနေဆဲ···



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃)

သင်္ကြာရာဇ်တွေလည်း ပြောင်းလဲခြင်းနောက်တွင် ကြွေကျသွားသော နွေ၊ မိုး၊ ဆောင်း၊ ရာသီလေးတွေ လှည့်ပတ်ခရီးသွားရင်း ကုန်ဆုံးခဲ့သည်မှာ နှစ်ပေါင်း (၂၀)ပြည့်ခဲ့ပြီ ဖြစ်သည်။

ဝေါ...

မိုးဦးကာလလေးဖြစ်၍ မိုးရေလေ့ပါ ထန်ပြီး ညနေခင်းကို အမှောင်လွှမ်းပြီး သဲသဲမဲမဲရွာချနေတော့သည်။ ကျောင်းဆင်းချိန်ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားလေးများ မိုးရေထဲမှာ





ပြေးလွှားပြီး ပြန်သည့်သူကပြန် တချို့ကတော့ မိုးတိတ်သည်အထိ စောင့်နေသေးသည်။

"နွေဦးပန်း မပြန်သေးဘူးလား"

တစ်ကျောင်းထဲ အတူတူစာသင်ရသော ဆရာမမာမာအောင်မှ ထီးလေးဖွင့်ပြီး ပြန်မည်အပြု ပြောလိုက်ခြင်းကြောင့်...

"မပြန်သေးပါဘူး မာမာရယ် ကလေးကုန်မှပဲ ပြန်တော့မယ် ကလေးတွေကို စိတ်မချဘူး"

"ငါက အိမ်မှာ အမေနေမကောင်းလို့ ပြန်ဦးမယ်ဟာ၊ ဆရာကိုမြတ်သာတော့ ကျန်သေးတယ် သူနဲ့ပြန်ပေါ့"

"အေး"

မာမာအောင်ပြန်သွားပြီး နွေဦးပန်း ကျောင်းပေါက်ဝတွင် ရပ်နေရင်း စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေသည်။ သူ မနက်က ကျောင်းကိုလာစဉ် ချောင်းကူးတံတားကို စိတ်ထဲမှာတစ်မျိုးဖြစ်နေသည်။ တံတားကြီးမှာ နွေဦးပန်းတို့ မြတ်လေးရုံရွာလေးတွင် ဆရာမအနေနဲ့ပြန်ပြီး မရောက်ခင်ကတည်းက မပြုပြင်ရသော



www.burmeseclassic.com

www.burmeseclassic.com



တံတားကြီးမှာ ဆွေးမြေ့နေပြီဖြစ်သည်။ ဒီတံတားပေါ်မှ ကျောင်းသားကျောင်းသူတင်မက ရွာမှလူတွေပါ ဖြတ်သွားနေကြပေမယ့် အန္တရာယ်ကိုတွေးမိခြင်း မရှိကြပေ၊ သူတို့နှင့် မဆိုင်သလိုနေတတ်သော ရွာကလေးပင်ဖြစ်သည်။

နွေဦးပန်းသည် မြတ်လေးရုံရွာသူလေးဖြစ်ခဲ့ပေမယ့် ရွာ၏ ဓလေ့စရိုက်နှင့် အကျင့်တွေကို လုံးလုံးမကြိုက် နှစ်သက်ခဲ့သူ၊ မြို့နှင့် (၃)မိုင်လောက်သာ ဝေးသောရွာကလေးဖြစ်သလို ခေတ်စနစ် တိုးတက်နေသောကာလတွင် ဓလေ့စရိုက်တွေမှာ လွန်စွာ ခေတ်နောက်ကျနေသည်။ အထူးသဖြင့် အတွေးအခေါ်ရေ ဗဟုသုတပိုင်းမှာပါ အားနည်းသောရွာကလေးဖြစ်သည်။

ရွာ၏ပညာရေးခရီးဆုံးမှာ အခြေခံပညာအဆင့်လောက် သာ မိဘများက သားသမီးများကို ထားခဲ့ကြပြီး စာရေးတတ်ဖတ် တတ်ရင်သူတို့ဘဝ ပြီးဆုံးပြီဟုသတ်မှတ်ထားကြသည်။

ဒါ့ကြောင့်ရွာတွင် ပညာတတ်သူမှာ လက်ချိုးရေတွက်လျှင် နွေဦးပန်းအပါအဝင် (၅)ယောက်တောင်မပြည့်ခဲ့။





နွေဦးပန်း ခုလိုကျောင်းဆရာမဘဝသို့ ရောက်ခဲ့ရသည်မှာ မေမေကြောင့်ဆိုလျှင်မမှား၊ ဖေဖေ့သဘော အတိုင်းသာဆိုလျှင် နွေဦးပန်း တခြားသူတွေလိုပဲ ရွာလုပ်ငန်းထဲတွင် ကျင်လည်ရမည့်သူဖြစ်သည်။

ဖေဖေရော မေမေပါ သူများအလုပ်တွင် လုပ်ကိုင်ပြီး ဘဝကို ရပ်တည်နေခဲ့ရသည်မှာ ကြာပြီဖြစ်သော်လည်း နွေဦးပန်း ကျောင်းဆရာမဘဝကို ရောက်မှ မေမေ့ကိုအနားပေးပြီး ဖေဖေကတော့ သူ့လယ်ပိုင်ရှင်အိမ်တွင် လူယုံအဖြစ်လုပ်ကိုင်နေရဆဲဖြစ်သည်။ မြို့တွင် နေထိုင်သော မေမေ့ညီမထံသို့ မေမေပို့ခဲ့လို့သာ နွေဦးပန်းကျောင်းဆရာမလေးဖြစ်ခဲ့ရခြင်းဖြစ်သည်။

“ဆရာမ ကလေးတွေကို စိတ်မချသေးတာနဲ့ မပြန်သေးတာနဲ့တူတယ်”

“ဟုတ်တယ်ဆရာကိုမြတ်သာ၊ အရှေ့ပိုင်းပြန်ရတဲ့ကလေးတွေထက် အနောက်ဘက် တံတားကြီးကို ဖြတ်ကူးပြီး ပြန်ရမယ့် ကလေးတွေကို စိတ်ထင့်နေတာ တံတားကြီးက သိပ်ပြီးမကောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး''

''ကျွန်တော်လည်း ဒီတံတားကိစ္စကို ရွာကလူကြီးတွေကို တင်ပြတာပဲဗျာ၊ သူတို့ဘက်က လုပ်ပေးမယ်သာပြောပြီး ဘာမှ ခုထိ မပြုပြင်သေးဘူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို တင်ပြပြီး ပြုပြင်ဖို့ လုပ်ရမှာပဲ၊ ဒီရွာအကြောင်းကို ရွာခံရှေ့မှာ မပြောချင်ပါဘူးဗျာ..''

''ကျွန်မရွာရဲ့စိတ်ဓာတ်နဲ့ အကျင့်တွေကို ကျွန်မ သိပါတယ် ဆရာကိုမြတ်သာ''

''ဆရာမ...တံတားကြီးကျိုးကျပြီး.. နီနီတို့တစ်တွေ ချောင်းထဲကိုကျသွားပြီ''

''ဘာ...''

''ဟယ်...''

ကျောင်းသားလေးတွေ အပြေးအလွှားပြောသဖြင့် နွေဦးပန်းနှင့် ကိုမြတ်သာ မိုးရေထဲပြေးထွက်လာခဲ့သည်။

ချောင်းကူးတံတားဘေးတွင် ရွာသားတချို့ရပ်ကြည့်နေပြီး





ဆင်းမဆယ်ကြ..။

''ရှင်တို့ ဘာလုပ်နေတာလဲ၊ ကလေးတွေကို ဆင်းပြီးဆယ်ကြပါဦး''

ဆရာမြတ်သာ အပေါ်အင်္ကျီချွတ်ပြီး ဆင်းဖို့ပြင်ချိန်တွင် ကလေးနှစ်ယောက်ကို လက်တစ်ဖက်စီတွင် ပွေ့ပြီး ရေစီးကြားတွင် ကူးလာနေသော လူတစ်ယောက်ကိုတွေ့လိုက်ရသည်။ ရွာမှ လူတော့မဟုတ်။

''ကျုပ်ကိုတစ်ယောက်ပေး''

ကိုမြတ်သာ ရေထဲကိုဆင်းပြီး ထိုလူထံမှ ကလေးတစ်ယောက်ကိုဆွဲယူပြီးအပေါ်သို့တင်လိုက်သည်။

''ဒီကလေးကို ခေါ်ထားဦး၊ ဟိုမှာ (၂)ယောက်ကျန်သေးတယ်၊ သူတို့ကို ဝါးတိုင် ကိုင်နိုင်းပြီးထားခဲ့ရတယ်''

ကလေး(၂)ယောက်ကိုပေးခဲ့ပြီး ရေစီးနှင့်ထပ်ပြီး မျောချသွားသည်။ ကမ်းပေါ်တွင် ရွာသားတွေ ရောက်နေကြပေမယ့် ဝင်ရောက်ကူညီမည့်သူဆိုလို့ ကလေးဖခင် (၃)ဦးလောက်သာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ထိုထဲတွင် ကိုယ့်ကလေးအပေါ် ရောက်လို့ခါ ပြန်မယ့် ဖခင်တစ်ဦးကြောင့်…

"ရှင်တော်တော်လူစိတ်မရှိတာပဲ ကိုယ့်ကလေးဘေးမဖြစ်တော့တာနဲ့ တခြားကလေးကို မကူညီတော့ဘူး"

"ဟိုမှာ ကယ်နေတဲ့လူရှိနေပြီပဲ"

"တောက်"

နွေဦးပန်း ဒေါသဖြစ်သွားသောကြောင့် ထိုလူသည် သူ့ကလေးကို လက်ဆွဲပြီး ခပ်သွက်သွက်လေး ထွက်သွားတော့သည်။ အမည်မသိသောလူမှာ နောက်ထပ်ကလေး (၂)ယောက်ကို ရေစီးကြားထဲမှ ခက်ခက်ခဲခဲ ခေါ်လာပြီး ကိုမြတ်သာလက်ကို အပ်လိုက်သည်။

"ကျုပ်တွေ့တာတော့ ဒီကလေး (၄)ယောက်ပဲ တံတားကျိုးပြီး ရေထဲကို ကျသွားတာ"

"ကျေးဇူးတင်ပါတယ်ရှင်…"

"လူ့အသက်တစ်ချောင်းကို ကယ်ရတာ မွန်မြတ်တဲ့ကုသိုလ်တစ်ခုပါပဲ"





ထိုလူ ကမ်းဘေးပေါ်မှ သူ့ခရီးဆောင် ကျောပိုးအိတ်ကြီးကို လွယ်ပြီးထွက်သွားတော့သည်။ ထိုသူသည် ဘယ်သူဆိုတာကို နွေဦးပန်း မသိခဲ့ပေ…



www.burmeseclassic.com

www.burmeseclassic.com

ရာသီဥတု ဆိုးဝါးမှုကြောင့်နှင့် တံတားကြီးကို ပြန်လည် တည်ဆောက်နိုင်ခြင်း မရှိသေးသောကြောင့် နွေဦးပန်းတို့ ကျောင်းကို ပိတ်ထားလိုက်ရသည်။

တံတားပြုပြင်ရေးကိစ္စကို ရွာအရှေ့ပိုင်း အနောက်ပိုင်း ခွဲခြားပြီး ကပ်သပ်နေခြင်းကြောင့် တည်ဆောက်ခြင်းအဆင့်သို့ မရောက်သေးပေ၊ ကလေးသူငယ်တွေ စာသင်ရက်တွေ လျော့နည်းသွားခြင်းပေါ်မှာ ဆရာ၊ဆရာမများ စိတ်ပျက်လာနေသည်။

"ဒီအတိုင်းကြည့်နေလို့တော့ မရတော့ဘူး ဆရာမကြီး





နဲ့တိုင်ပင်ပြီး မြို့ကိုတက်အကြောင်းကြားရတော့မှာပဲ"

ဆရာကိုမြတ်သာ သည်းခံနိုင်စွမ်းမရှိတော့သဖြင့် မြို့ကိုတက်ပြီး သက်ဆိုင်ရာသို့ အကြောင်းကြားဖို့ပြောဆိုလေသည်။

"ဆရာပြောသလိုပဲလုပ်မှရမယ် ဒီရွာကိုအားကိုးပြီး တံတားပြီးတဲ့ထိစောင့်နေရင် ကျောင်းစာမေးပွဲတွေ ဖြေဆိုချိန်ရောက်တာတောင် ကလေးတွေ ကျောင်းတက်ရမှာမဟုတ်ဘူး"

"ဆရာမကြီးနဲ့တိုင်ပင်ဖို့ကျတော့ တိုင်းပညာရေးမှူးရုံးမှာ အစည်းအဝေးသွားတက်နေတော့ ဘယ်ရက်ကိုပြန် ရောက်မယ် မသိဘူး၊ ဆရာမကြီး ခွင့်ပြုချက်မပါဘဲသွားရင်လည်း မကောင်းပြန်ဘူး၊ ကလေးတွေ စာသင်ရက်ပျက်တာ (၅)ရက်တောင်ရှိနေပြီ"

"ဟုတ်ပါရဲ့ရှင်...တံတားအကောင်းစားကြီးမဟုတ်တောင် သွားလို့လာလို့ရအောင် ဝါးတံတားလေးဆောက်ပေးရင်တောင် ကလေးတွေကို ကျွန်မတို့ ကြီးကြပ်ပြီး တံတားကူးခိုင်းလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရွာကလူတွေက ဘယ်လိုကူးကြသလဲ"

"ဘယ်လိုကူးရမလဲ ရှေ့ဘက်ချောင်းရိုးကနေ သွားပြီးကူးကြတယ်လေ၊ ကလေးတွေကျ ဒီချောင်းရိုးက ကူးဖို့ဆိုတာ လယ်ကွင်းတွေ၊ ဗွက်တွေ၊ အိုင်တွေကို ဖြတ်လျှောက်ပြီးမှ ကျောင်းကိုလာရမှာ ဘယ်လိုလုပ်ပြီး အဆင်ပြေမှာလည်း စွေဦးရယ်"

"ရွာနာမည်လေးက မြလေးရုံတဲ့ နူးညံ့သလောက် ရွာမှာရှိတဲ့ လူတွေရဲ့စိတ်ဓာတ်တွေ အကျင့်တွေက ကြမ်းတမ်းလိုက်ကြတာ"

"အခုလိုဖြစ်တာ ခုမှမဟုတ်ပါဘူး မာမာ ဟိုအရင်လူကြီးတွေလက်ထပ်ကတည်းက အုပ်ချုပ်ရေးညံ့ဖျင်းတဲ့သဘောပေါ့"

"ခုရွာလူကြီး ဦးတင်ဌွေးကလည်း ခပ်ပျော့ပျော့ သူ့သားနဲ့ သူ့တူတွေစီမံတာကို လိုက်ပြီးလုပ်နေတာ...သားကိုပြန်ပြီး ကြောက်နေရတဲ့ ဖခင်ကို ခုမှတွေ့ဘူးတယ်"

"ငါတို့ရွာမှာက ငွေရှိတဲ့ လူတွေကပဲ ရွာလူကြီးလုပ်နေကြတာ၊ ဦးတင်ဌွေးအဖေ ဦးဘချစ်လက်ထက်ကတည်းက





ခုထိရွာကို သူတို့ပဲ အုပ်ချုပ်နေကြတာ"

"ဒါကလည်း စွေဦးရယ် ရွာခံလူတွေက လက်မခံရင်ရတာပဲဟာ"

"ငါတို့ရွာမှာက ဦးဘချစ်လက်ထက်ကတည်းက ငွေကြေးနဲ့ပတ်သက်လာရင် မကောင်းကြတဲ့သူတွေက များတယ်လေ"

"နင်တို့ရွာမှာ ကြည့်မရဆုံးက ဟိုအဘိုးကြီးပဲ"

"ဘယ်သူလဲမာမာ"

"သူ့ကိုယ်သူ နက္ခတ်ပညာရှင်ကြီးလိုလို ဂိုဏ်းဆရာကြီးလိုလိုနဲ့ အခန့်သားကြီးနေတဲ့ ဦးဖိုးအောင်လေ"

"ငါတို့ရွာရဲ့ ကံကြမ္မာက သူ့လက်ပေါ်မှာရှိတယ်ဆိုပြီး ရွာသူရွာသားတွေကို ပေါက်ကရဝါဒတွေ လွှင့်နေတဲ့သူဟာ၊ ခက်တာက သူ့ကိုတစ်ရွာလုံးက ယုံကြည်ကိုးစားနေတာ ၊ အရင်က ငါ့အဖေနဲ့တွဲဖော်တွဲဖက်ပဲ၊ နောက် သူ့အကျင့်တွေကို သိလာပြီး သိပ်မပေါင်းသင်းတော့တာဟ"

"ဟိုမှာ..ရွာလူကြီးတင်ဌွေးလာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နွေဦးပန်းတို့ကျောင်းဝန်းထဲသို့ဦးတင်ဌွေးနှင့် သူ၏သား ကျော်စွာမင်းခေါင်နှင့်ဘေးတွင်တူတော်မောင် ဟန်ဌွေးတို့ လိုက်ပါလာသည်။

"လာ...ဦးတင်ဌွေး..ကိစ္စရှိလို့လား"

"ဟုတ်တယ် မောင်မြတ်သာ.. မြို့ကိုတက်ပြီး တံတားကိစ္စကို အကြောင်းကြားမလို့ဆို"

"ဟုတ်တယ် ဦးတင်ဌွေး.. ရွာကခုထိ တံတားကိုဘာမှ မလုပ်ပေးတာ၊ ကလေးတွေ ကျောင်းတက်ဖို့အခက်အခဲ ဖြစ်နေပြီလေ၊ ဒါကြောင့် မြို့က အာဏာပိုင်အဖွဲ့ကိုအကြောင်းကြားရမှာ"

"ဒီရွာမှာ လူကြီးရှိနေတာပဲ၊ ခင်ဗျားအရင်ဆုံးအကြောင်းကြားခွင့်ပြုချက်တော့ ယူရမှာပေါ့ဗျ"

"ဒီမှာကျော်စွာ.. နင့်အဖေကို ငါတို့ဘက်က တစ်ကြိမ်မက တော့ဘူး အကြောင်းကြားထားပြီးပြီ၊ လုပ်မှမလုပ်တာ၊ ဒီတော့ ငါတို့ဘက်က လုပ်သင့်တာကိုလုပ်ရမှာပေါ့"





"တံတားတစ်ခုဆောက်တယ်ဆိုတာ နင်တို့လို မြေဖြူခဲ လေးကိုင်ပြီး စာပြသလို လွယ်တယ်များမှတ်နေလား မိန္နေ... သူ့နက္ခတ်၊ သူ့အချိန်ကိုတွက်ချက်ပြီးမှ လုပ်လို့ရမှာဟ"

"ဟန်ဌွေး.. ယနေ့ခေတ်ကြီးမှာ နင်တို့ပြောတဲ့ အယူအဆ တွေက အသုံးမဝင်တော့ဘူး၊ တံတားတစ်ခုဖြစ်ဖို့ အရေးကြီးတာ လုပ်ကိုင်ဆောင်ရွက်ဖို့ပဲ၊ နင်ပြောတဲ့နက္ခတ်ကျချိန်တွေကိုသာ စောင့်ရရင် ကလေးတွေ စာသင်ရမှာ တောင်မဟုတ်ဘူး"

ဆရာမ မာမာအောင်စကားကြောင့် ဟန်ဌွေးဘာမှဆက်ပြီး မပြောတော့ပေ... ဆရာကိုမြတ်သာမှ...

"ဦးတင်ဌွေးတို့ဘက်က တံတားနဲ့ပတ်သက်ပြီး ဘာပြော ချင်သေးလဲ ပြောပါ"

"တံတားအတွက် အချိန်တစ်လလောက်စောင့်ပေးရမယ်"

"ဟာ..ဒါကတော့ မဖြစ်နိုင်ဘူး ဦးတင်ဌွေး၊ ကလေး တွေရဲ့ စာသင်ရက်တွေကို ဒီလောက်ထိပျက်ကွက်လို့ မဖြစ်နိုင် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခုဟာ တစ်ရွာလုံးက ကလေးတွေမှ မဟုတ်တာ အနောက်ပိုင်းက ကလေးတွေပဲ ကျောင်းမတက်နိုင်တာ သူတို့ကို ထားပြီး ကျန်တဲ့ကလေးတွေသင်ပေါ့"

"ကျော်စွာ ငါတို့စာသင်တာ အရှေ့ပိုင်း အနောက်ပိုင်း ခွဲခြားသတ်မှတ်ပြီး သင်လို့မရဘူး၊ ကျောင်းသားအားလုံး တန်းတူ သင်ရတာဟဲ့"

"ဒါတော့မတတ်နိုင်ဘူး"

"မတတ်နိုင်ရင်လည်းရတယ်လေ တစ်ခုတော့ရှိတယ်၊ နင်တို့သိထားရမှာက ငါတို့က စေတနာ့ဝန်ထမ်းအနေနဲ့ စာလာပြီး သင်နေတာမဟုတ်ဘူး၊ အစိုးရဝန်ထမ်းတွေ ဆက်ပြီးတော့ လုပ်သင့်တာကို လုပ်ရမှာပဲ"

"မိန္တေ"

"ကျော်စွာ မင်းပါးစပ်ပိတ်ထားစမ်းကွာ"

"ဟာဗျာ အဘအခုလို ပျော့အိ ပျော့အိလုပ်နေရင် သူတို့ဘက်ကို လိုက်လျောသလိုဖြစ်သွားမယ်နော်"





"မောင်မြတ်သာ နောက်ငါးရက်အတွင်မှာ အဖြေတစ်ခုပေးမယ်၊ သွားကြမယ်"

ဦးတင်ဌွေးတို့ ကျောင်းမှ ပြန်ပြီးထွက်သွားကြတော့သည်။

"ကျွန်မတို့က ကျောင်း(၅)ရက်ထပ်ပြီး ပိတ်ထားရ မလို ဖြစ်နေပြီ"

"နွေဦးရယ် ဆရာမကြီးမှ မရောက်သေးတော့၊ ကိုယ့်ဘက် က ဆရာမကြီးအလာကို စောင့်ရင်းသူတို့ပြောတဲ့ (၅)ရက်ကို အခြေအနေကြည့်ကြတာပေါ့"

"စကားမစပ် ဟိုနေ့က ကလေးတွေကို ကယ်တဲ့လူကို ထပ်ပြီးတွေ့သေးလား"

"လူလူချင်းတော့မတွေ့ဘူး၊ ဇရပ်မှာနေတယ်လို့ သတင်း ကြားတယ်၊ ရွာကလူတွေပြောတာတော့ ဦးနှောက် သိပ်မကောင်း ဘူးတဲ့"

"ဟယ်"

"ကျွန်တော်တော့ သိပ်မထင်ဘူး သူ့ပုံကို အဲဒီနေ့ကမြင်ရတာ သာမန်လူတစ်ယောက်လိုပါပဲ နွေဦးပန်းလည်း တွေ့သေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်သာစကားကြောင့် ထိုလူပုံရိပ်ကလေးကို ပြန်ပြီး တွေးမိလိုက်သည်။ ဆံပင်မှာ ကုတ်ထိဝဲကျနေပြီး အသားညိုညို မျက်လုံး၊ မျက်ခုံးကောင်း၊ နှာတံနှင့် နှုတ်ခမ်းတို့မှာ သာမန် ယောကျ်ားတွေထက် ကြည့်ကောင်းသော မျက်နှာပိုင်ရှင် ဖြစ်သလို ခန္ဓာကိုယ် အချိုးအစားမှာ ယောကျ်ားကောင်းတို့၏ ကိုယ်ခန္ဓာ ပိုင်ရှင်...။



## အခန်း(၄)

ဆရာမ မာမာအောင်နှင့် ဘုန်းကြီးကျောင်းကို အရဏ်ဆွမ်း ချိုင့်ပို့ပြီး ပြန်လာကြရာ အလင်းရောင်က မသဲမကွဲပင်ရှိသေးသည်။

“ဒီနေ့ ဆရာမကြီးပြန်ရောက်မယ်ဆို”

“ဟုတ်တယ်မာမာ ဆရာကိုမြတ်သာတောင် သွားကြိုဖို့ရှိ တယ်၊ ငါ့ကိုတောင် ကျောင်းအပြန် ဝင်နိုးဖို့မြောထားသေးတယ်”

“ဒါဖြင့်လည်း သွားနိုးတာပေါ့”

ဆရာကိုမြတ်သာက လူပျိုလူလွတ်ဖြစ်ပြီး မြို့မှလာပြီး ကျောင်းဆရာအလုပ်ကို လုပ်ကိုင်နေသူဖြစ်သည်။ ကျောင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သီးသန့် အခန်းလေးတစ်ခန်းလုပ်ပြီး နေထိုင်သူဖြစ်သည်။ စားရေးသောက်ရေးကို နွှေဦးပန်းမိခင်ကြီးမှ တာဝန်ယူ ချက်ပြုတ်ပေးခဲ့သည်။ ကျောင်းဘက်သို့လျှောက်လာကြရင်း…

"နွှေဦး ဟိုမှာကြည့်စမ်း လူတစ်ယောက်တံတားဘက်ကို ဝါးလုံးကြီးတွေ ထမ်းပြီးသွားနေတယ်"

"အေး…ဘယ်သူလည်းမသိဘူး သွားကြည့်ရအောင် "

နွှေဦးပန်းတို့လာနေသည်ကို ထိုလူမမြင်ချေ… တံတားအနားရှိ သစ်ပင်ကြီးနားတွင်ရပ်ပြီး ကြည့်လိုက်စဉ်… တံတားပျက်ကြီးကို ယာယီသွားလာလို့ရအောင် ဝါးလုံးများဖြင့် ခိုင်ခိုင်ခံ့ခံ့ လုပ်ကိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဒီ…ဒီလူ ကလေးတွေကို ကယ်ခဲ့တဲ့လူပဲ"

"ရွာကပြောပြောနေတဲ့ အရူးဆိုတာလား"

"မဖြစ်နိုင်ပါဘူးဟာ ရွာကလူတွေအကြောင်းလည်း နင်သိသင့်သလောက်သိနေပြီပဲ ထင်ရာမြင်ရာတွေ စွပ်ပြီး ပြောနေကြတာ"





"သူတစ်ယောက်တည်း လုပ်တာလားမသိဘူး"

"သူတစ်ယောက်တည်းမလုပ်လို့ ဘယ်သူက ဝိုင်းပြီးလုပ်မှာလဲ၊ ခုလိုမိုးမလင်းခင်မပြောနဲ့ နေထွက်ချိန်တောင် လာပြီးလုပ်ကိုင်မယ့်သူ ဝေးရော…"

"တံတားလုပ်ထားပုံကတော့ သပ်ရပ်တယ် ဘယ်အချိန်ကတည်းက လုပ်ထားလဲမသိဘူးနော်"

"ညကတည်းက လုပ်နေတာနေမှာပေါ့ဟာ၊ အဲ ငါတို့ကို မြင်သွားပြီ"

ထိုလူ နွှေဦးပန်းတို့ဘက်ကို တစ်ချက်လှည့်ကြည့်ပြီး သူလုပ်စရာကို အပြီးသတ်လုပ်ပြီးမှ ဝါးတံတားကို ခိုင်မခိုင်သိရအောင် စိတ်တိုင်းကျ လျှောက်ပြီးမှ နွှေဦးပန်းတို့ဘက်ကို လျှောက်လာသည်။

"ကျုပ် ခင်ဗျားတို့(၂)ယောက်ကို မေတ္တာရပ်ခံချင်တယ်"

"ရှင် ဘာပြောချင်တာလဲ"

"ကျုပ် ဒီတံတားကို လုပ်ကိုင်ခဲ့တာကို ရွာကလူတွေမသိပါ



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့”

“ကောင်းတာလုပ်တာပဲ သိတော့တာဖြစ်လည်းသိပါစေပေါ့”

“ကောင်းတာလုပ်တာကို မကောင်းမြင်တဲ့လူတွေရဲ့ ရန်လိုမှုကို မကြုံချင်လို့ပါ”

ထိုလူပြောလိုက်သော စကားအဓိပ္ပါယ်ကို သဘောပေါက်မိသည်။ ရွာလူကြီးနှင့် သူ့သားအုပ်စုတွေက လုပ်ကိုင်သူအပေါ်မှာ ရန်လိုမည်ဖြစ်သည်။

“ကောင်းပါပြီ ကျွန်မတို့ ဘယ်သူ့မှ မပြောပါဘူး”

“သွားခွင့်ပြုပါ”

“နေပါဦး ရှင်ဘယ်သူဘယ်ဝါဆိုတာကိုတော့ သိပါရစေ”

“ကျုပ်က မြလေးရုံရွာသားပါ၊ နာမည်ကိုတော့ မပြောပါရစေနဲ့၊ ခင်ဗျားတို့ခေါ်ချင်သလိုသာ ခေါ်နိုင်ပါတယ်၊ သတ်မှတ်တဲ့အတိုင်းပေါ့ဗျာ”

“အယ်...”

ထိုလူ ပြုံးရောင်သန်းသလို ရှိနေသော နှုတ်ခမ်းပါးလေးမှ





စကားလေးအဆုံးသတ်သွားပြီး နွေဦးပန်းတို့ကို ကျောခိုင်းရင်း တစ်ဖက်အမှောင်ရိပ်ထဲသို့ လျှောက်သွားတော့သည်။

“နွေဦး”

“ဘာလဲ မာမာ”

“ဘယ်လို ခံစားရလဲ”

“မပြောတတ်ဘူး ပြောနိုင်တာတစ်ခုတော့ရှိတယ်၊ သူဟာ ရူးသွပ်နေတဲ့လူတစ်ယောက်တော့ မဟုတ်ဘူး”

“သူ့နာမည်ကို ဘယ်လိုစဉ်းစားမိလည်း လူပုံကတော့ ခပ်ချေချောပဲနော်”

ထိုလူအတွက် နာမည်လေးတစ်လုံးကို ခေါ်ဖို့အတွက် နွေဦး၏ အတွေးအိမ်လေးထဲသို့ ဝင်ရောက်မှုလေးကတော့ ရင်ခုန်ဖွယ်ကောင်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီးကို ဦးတင်ဌေး မေတ္တာရပ်ခံချက်ကြောင့် မြို့ကိုသွားပြီး အကြောင်းကြားဖို့ ကိစ္စကို ရွှေဆိုင်းလိုက်ရသည်။ တံတားအသစ်ကို တစ်လအတွင်း လုပ်ကိုင်ပေးမည်ဟု ဦးတင်ဌေးဘက်မှ ကတိပေးခဲ့သောကြောင့် ဆရာမကြီး လိုက်လျောခဲ့ခြင်းဖြစ်သည်။

ကလေးတွေ ကျောင်းတော့ ပြန်ပြီးတက်နိုင်ပြီဖြစ်သည်။ အမည်မသိသောလူ၏စေတနာကြောင့် ဝါးတံတားလေးမှ ကျောင်းသို့ လာနိုင်ခဲ့ခြင်းဖြစ်သည်။





"ဝါးတံတားတည်ဆောက်ထားပုံက စနစ်ကျတယ် ရွှေဦးရာ ဖြစ်သလိုလုပ်ထားတာတော့ မဟုတ်ဘူး…ပြီးတော့ လုပ်ကိုင်ထားတဲ့ပုံစံက တကယ်နိုင်ခံ့တဲ့ တံတားပဲဗျ၊ ဒီလူဟာ ဆောက်လုပ်ရေးပညာကို တတ်ကျွမ်းသူဖြစ်ရမယ်၊ ရွာကလူတွေ လုပ်တာတော့ မဖြစ်နိုင်ဘူး"

ရွှေဦးပန်းနှင့် မာမာအောင်တို့ နှစ်ယောက်ကလွဲပြီး ဘယ်သူ့ကိုမှ မပြောပြသည့်ထဲတွင် ဆရာကိုမြတ်သာ လည်းပါဝင်ခဲ့သည်။ ဆရာကိုမြတ်သာပေါ်တွင် မယုံကြည်၍မဟုတ် ထိုလူပေါ်မှာ ပေးထားသောကတိပေါ်ကို မဖျက်ချင်၍ ဖြစ်သည်။

"ကိုမြတ်သာက ဘာလို့ပြောနိုင်တာလဲ"

"မနေ့က တံတားပေါ်ကို ကျွန်တော်သေသေချာချာကို သွားပြီး လေ့လာခဲ့တယ်၊ ဆရာမကြီးက ဗူလေးတွေအတွက် စိုးရိမ်းပြီးကြည့်နိုင်းတာပါ၊ ရွာကလူတွေလုပ်မယ်ဆိုရင် ဝါးနှီးတွေနဲ့ ကြိုးတွေကိုပဲ အများဆုံးသုံးကြမှာဗျ။ ခုလုပ်ထားတာက သွပ်နန်းကြိုး သုံးသင့်တဲ့နေရာမှာသုံးပြီး သံမှုလီတချို့တောင်

www.burmeseclassic.com



သစ်သားနဲ့ကပ်ပြီး အသုံးပြုထားသေးတယ်၊ စိတ်ဝင်စားဖို့ကောင်းတာက တစ်ညတည်းနဲ့ ပြီးအောင်ဘယ်လိုလုပ်လိုက်သလဲ မသိဘူး၊ ညနေပိုင်းက ကျွန်တော် တံတားနားကိုရောက်တော့ ဘာမှမလုပ်ရသေးဘူး၊ မနက်ဆရာမကြီးကို သွားပြီးကြိုတော့ တံတားဖြစ်နေပြီ… တစ်ခုတော့ စဉ်းစားမိတယ်”

“ဘာကိုလဲ ကိုမြတ်သာ”

“တံတားကို ကြိုတင်တိုင်းထွာမယ်၊ ပြီးတော့ ပြင်ဆင်မှုတွေလုပ်ပြီးမှ တစ်ခါတည်း လုပ်တာမျိုးဖြစ်နိုင်တယ်ဗျ”

“ကိုမြတ်သာ ပြောသလိုမျိုး ဖြစ်နိုင်ပါတယ်”

“ဘယ်သူလုပ်ကိုင်သလဲဆိုတာ ခုထိရွာထဲမှာ မသိရသေးပါလား”

“ကိုမြတ်သာကသာမသိရသေးတာ ဟန်ဒွေးက သူတို့ပဲလုပ်သလိုလိုတောင် ပြောနေတာရှင့်…အဟိ”

မာမာအောင်မှာ သိထားသူဖြစ်သောကြောင့် ဟန်ဒွေးကြွားဝါမှုကို ရယ်ချင်နေမိသည်။





“ဒီလူ ဒီလောက်တော်နေရင် သွားပြီးတောင် ကန်တော့လိုက်ချင်ပါတယ်ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် ရွာမှာ ပညာရှင် တစ်ယောက်ရှိနေပြီဆိုတာတော့ သေချာပြီ”

ကျောင်းပိတ်ရက်ကလေးဖြစ်သောကြောင့် နွေဦးပန်းတို့အိမ်တွင် ကိုမြတ်သာ ထမင်းလာစားပြီး စကားပြောနေကြခြင်းဖြစ်၏။

“နွေဦး…ဟိုမှာ…”

“ဟယ်…”

နွေဦးပန်းတို့အိမ်ပေါက်ဝတွင် ရပ်နေသော အမည်မသိလူကို တွေ့လိုက်ရသည်။

“ဝင်ခွင့်ပြုပါ”

“ဝင်…ဝင်ခဲ့ပါ”

နွေဦးပန်း အံ့အားသင့်စွာနှင့် ကြည့်နေမိသည်။ ဝတ်ဆင်ထားသော အဝတ်အစားတွေမှာ နွမ်းပါးနေသော ဂျင်းအင်္ကျီနှင့် ဂျင်းဘောင်းဘီအနက်မှာ ဖြူဖပ်ဖြူရော်ပင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စများရှိလို့လဲဟင်"

"အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"ဟုတ်ကဲ့ပြောပါ"

"ဆန်တစ်ပြည်လောက် ရောင်းပါလားဗျာ၊ ဆိုင်မှာသွားဝယ်တာ မရောင်းဘူးတဲ့၊ သုသာန်ကရတဲ့ ပိုက်ဆံနဲ့ ဝယ်လို့တဲ့ဗျာ၊ သုသာန်က ခုချိန်ထိ ဘာပိုက်ဆံမှ မရပါဘူးဗျာ၊ ဖြစ်နိုင်မလား မသိဘူး၊ ခုလိုအိမ်ထဲဝင်တာကိုရော ကြိုက်ရဲ့လား မကြိုက်ရင် တောင်းပန်ပါတယ်"

"အို မဟုတ်တာရှင် ရပါတယ် ခဏလေးနော်··· ကျွန်မ ဆန်သွားပြီးယူလိုက်ဦးမယ်"

နွေဦးပန်း အိမ်နောက်ဖေးဘက်ကိုဝင်ပြီး ဆန်အိတ်ထဲမှ ဆန်(၃)ပြည်လောက်ကို ပုဆိုးနှင့်ထုပ်ပြီး ပေးလိုက်သည်။ထည့်စရာမရှိ၍မဟုတ်။ ထိုလူဝတ်စေချင်လို့ တမင်ထုပ်ပေးလိုက်ခြင်း ဖြစ်သည်။

"ပိုက်ဆံကတော့ တစ်ထောင်ကျော်ပဲပါတယ်"





"နေပါစေ တမင်ကူညီလိုက်တာပါ"

"သုသာန်က ငွေထင်လို့ မယူတာလား"

"ရှင်ရယ် ရွာကလူတွေနဲ့ ကျွန်မတို့က တခြားစီပါရှင်"

"ကျေးဇူးတင်ပါတယ်၊ သြော် ပုဆိုးပြန်ပြီး ပို့ပေးပါ့မယ်"

"ဟို······အင်း····"

နွေဦးပန်း မပို့ဖို့ပြောချင်ပေမယ့် ထိုလူနှင့် နောက်တစ်ခါ ဆုံချင်သောကြောင့် ခေါင်းလေးကို ညိတ်မိလိုက်သည်။

"ကိုမြတ်သာ ဘယ်လိုမြင်မိလဲ"

"ဘာကိုလဲ နွေဦးပန်း"

"ခုထွက်သွားတဲ့လူအပေါ်ကို ရှင့်အမြင်လေး ပြောပြပါဦး"

"နွေဦးပန်းကတော့ ကျွန်တော့်ကို အဓိပ္ပါယ်ပညာရှင်ကြီးများ မှတ်နေသလားမသိပါဘူး"

"ကိုမြတ်သာ တွေးခေါ်မှုတွေက အတော့်ကို နီးစပ်လို့ပါ၊ ကျောင်းဆရာမဖြစ်ဘဲ စုံထောက်ပဲဖြစ်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ဗျာ...နွေဦးပန်း ခန့်မှန်းခိုင်းတာကို ပြောရရင် ဒီလူဟာ လျှို့ဝှက်ချက်နဲ့ ဒီရွာကို ရောက်နေတဲ့ လူတစ်ယောက်ဖြစ်ဖို့ သေချာတယ်"

"ရှင်"

"ခံစားချက်တစ်ခုကြောင့် ဘဝကို ဇာတ်မြုပ်တာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

"စိတ်ဝင်စားဖို့ကောင်းတဲ့ လူတစ်ယောက်ပဲနော်"

"ဘာလဲ နွေဦး နင်စိတ်ဝင်စားနေပြီလား"

"ကောင်မ ပြောတော့မယ်၊ ငါစိတ်ဝင်စားတာ ရိုးစင်းတဲ့ အကြောင်းရင်းပေါ်မှာပါ"

"ကျွန်တော်စိတ်ထဲမှာ မြလေးရုံရွာနဲ့ ပတ်သက်ပြီး ပုံရိပ်တစ်ခုကို ထင်မှတ်နေမိတယ်"

"ဘာကိုလည်း ကိုမြတ်သာ"

"စောစောကလူနဲ့ မြလေးရုံရွာဟာ အကျိုးဆက်တစ်ခု ဖြစ်ပေါ်လာနိုင်တယ် အကောင်းလား အဆိုးလားတော့ မပြော





တတ်ဘူး"

"ကျွန်မက တစ်ခုတော့ စိုးရိမ်မိတယ်"

"နင်ကဘာကို စိုးရိမ်ရပြန်တာလဲ"

"ဒီလူနဲ့ကျော်စွာမင်းခေါင်၊ ဟန်ငွေးတို့တစ်တွေနဲ့ပါ..."

နွေဦးပန်း စိတ်ထဲမှာ အမှန်ပင်စိုးရိမ်မိသော ကိစ္စလေး တစ်ခုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

သုသာန်ပြင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ မာမာအောင်ကို အဖော်ပြုပြီး နွေဦးပန်း သုသာန်ကို လာခဲ့ခြင်းဖြစ်သည်။ တကယ်ဆို နွေဦးပန်း သုသာန်သို့လာဖို့ မသင့်သော်လည်း ထိုလူနှင့် ပတ်သက်ပြီး ရင်ထဲမှာ ခံစားချက်လေးတစ်စုံ ဝင်ရောက်နေခဲ့တာအမှန်၊ ထိုလူအတွက် စားသောက်ရေးပေါ်မှာ သောကဂယက်လေးဖြစ်နေခြင်းကြောင့် သုသာန်သို့ နွေဦးပန်းလာခဲ့ခြင်းဖြစ်သည်။





နွေဦးပန်းတို့၏ အတိုင်ပင်ခံ ဆရာကိုမြတ်သာကို ထိုလူ လျှို့ဝှက်ထားနိုင်သော တံတားကိစ္စလေးကို ဖွင့်ပြောပြီး သုသာန်သို့သွားချင်သော ဆန္ဒလေးပါ ထုတ်ဖော်ပြီးပြောပြတော့ ကိုမြတ်သာမှ သွားသင့်ကြောင်းပြောခဲ့သဖြင့် မာမာအောင်နှင့် လာခဲ့ရခြင်းဖြစ်သည်။

"နွေဦး အရိပ်အယောင်တောင် မတွေ့ရပါလား"

ဇရပ်ကြီးနားသို့ရောက်ချိန်ထိ ထိုလူကိုမတွေ့ရသေးပေ။

'အပြင်ကိုများသွားနေလားမှမသိတာ၊ ဇရပ်ပေါ်ကိုတက်ပြီး ကြည့်ရအောင်"

"ကောင်းပါ့မလား နွေဦး"

"ဘာလို့မကောင်းရမှာလဲဟ၊ ငါတို့က သူ့ကို ဒုက္ခပေးဖို့လာကြတဲ့သူတွေမှ မဟုတ်တာ၊ သူ့ရဲ့မိတ်ဆွေကောင်းအဖြစ် လာကြတာပဲ"

"နင့်သဘောပဲဟာ"

ဇရပ်လေးပေါ်ကိုတက်တော့ လူတစ်ယောက်အိပ်ဖို့နေရာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို သပ်သပ်ရပ်ရပ်ကလေး ခင်းကျင်းထားပြီး ခြေရင်းဘက်တွင် မြေအိုးကလေးနှစ်လုံးနှင့် သံပန်းကန်လေးတစ်ချပ်၊ ယောက်မတစ်ချောင်း၊ ဓွန်းကလေးတစ်ချောင်း တို့ကို ဆေးကြောပြီးထားတာကိုပါ တွေ့လိုက်ရသည်။ ဘေးဘက်မှာတော့ စစ်ရောင်ကျော့ပိုးအိတ်ကြီးတစ်လုံးကို ချိတ်ဆွဲထားပြီး တခြားဘာမှတော့ ထူးထူးခြားခြားမတွေ့ရ။ ဇရပ် ဘုရားစင်ပန်းအိုးမှာတော့ တောအရိုင်းပန်းကလေးတွေ ကပ်လှူထား၏။

"သူ့ဘဝလေးနဲ့ သူကတော့ ဟန်တော့ကျနေတာပဲနော်၊ အရင်က ဇရပ်ပေါ်မှာ ငှက်သိုက်တွေ၊ အမှိုက်တွေ၊ ကြွက်တွေနဲ့ ရှုပ်ပွနေတာ၊ ခုတော့လည်း ရှင်းလင်းပြီး သပ်သပ်ရပ်ရပ်ကလေးပါလား၊ အယ်တော့ မိုးပေါက်တွေ ကျလာပြီ"

နွေဦးပန်းတို့ ဇရပ်ပေါ်သို့ရောက်ပြီး သိပ်မကြာ မိုးရွာချသောကြောင့် ထိုလူ့အိပ်ရာဘေးလေးနားကို ကပ်လိုက်ကြရသည်။

"ထီးမယူလာမိတာ ဒုက္ခရောက်ပြီ"

"မိုးတိတ်မှ ပြန်ကြတာပေါ့ဟာ၊ နင်က မနေရဲဘူးလား၊





နေ့ခင်းဘက်ကြီးပါဟ"

"မနေရဲလို့မဟုတ်ပါဘူးဟာ၊ ဇရပ်ပေါ်ကို အရက်သမားတွေ ဖဲသမားတွေလာမှာကြောက်လို့"

မိုးသည်းသည်းရွာနေတဲ့ကြားတွင် အပြင်ကို ငေးကြည့်နေတုန်း လူ(၃)ယောက်ဇရပ်ထဲသို့ဝင်လာလေသည်။

"ဇရပ်ပေါ်မှာ ဥစ္စာစောင့်လေးတွေ ရောက်နေတာကိုး"

"ဟင်...ဟယ်..."

မြလေးရုံရွာသားတွေတော့မဟုတ်၊ တခြားရွာမှ ရောက်ရှိလာကြသူများဖြစ်ကြသည်။

"အလှဘုရင်မလေးတွေနှင့် မိုးသည်းသည်းထဲမှာ ကခုန်ရတာပေါ့..ဟား..ဟား..ဟား..."

"ရှင်...ရှင်တို့ အနားမကပ်နဲ့နော်"

"မကြောက်ပါနဲ့ မဒီလေးရယ်၊ ကိုကိုတို့တစ်တွေက သဘောအရမ်းကောင်းတဲ့သူတွေပါ"

ထိုလူ(၃)ယောက် နွေဦးပန်းတို့ကို အတင်းဝင်ပြီးဆွဲ



www.burmeseclassic.com

www.burmeseclassic.com



မည်အပြု…

“ဖြောင်း…အား…”

“ဟယ်…”

ထိုလူ ဘယ်အချိန်ကရောက်လာပြီး ဇရပ်ပေါ်သို့ပြေးတက်၍ သူ့လက်ထဲမှ ဝါးလုံးပိုင်းနှင့်ရိုက်ချလိုက်လေသည်။

“မင်း…မင်းက ဘာကောင်မို့လို့ ငါ့ကောင်ကို ရိုက်ရဲတာလဲ”

“ချကွာ…”

ကျန်တဲ့(၂)ယောက်မှ ထိုလူကိုပြေးဝင်ထိုးပေမယ့် အနားသို့ မရောက်လိုက်ဘဲ ထိုလူ့ဝါးလုံးပိုင်းအောက်တွင် မှောက်သွားကြတော့သည်။

“ခင်ဗျားတို့ ပြန်ကြပါ၊ ကျုပ်ကိစ္စ ကျုပ်ရှင်းမယ်”

“ကျွန်မတို့ကြောင့်ဖြစ်ရတာ၊ ကျွန်မတို့ ခေါင်းမရှောင်နိုင်ဘူး၊ ရှင်နဲ့အတူဖြေရှင်းမယ်”

“မရှင်းပါနဲ့ဗျာ၊ ခင်ဗျားတို့ရဲ့ ဂုဏ်သိက္ခာပိုင်းကို ထိပါး





သွားပါလိမ့်မယ်၊ ပြန်မှာသာပြန်ပါ”

ထိုလူအတင်းပြန်ခိုင်းသဖြင့် နွေဦးပန်းတို့ မိုးရေထဲမှာ ပြန်ခဲ့ကြတော့သည်။

“နွေဦး ဘယ်လိုလုပ်ကြမလဲ”

“ကိုမြတ်သာနဲ့တိုင်ပင်ပြီး လုပ်သင့်တာတော့ လုပ်ရမှာပေါ့”

“ဟိုလူ(၃)ယောက် သေသွားရင် ဒုက္ခပါပဲ”

“သေလောက်မယ်တော့ မထင်ပါဘူး”

နွေဦးပန်း ဇရပ်ဆီသို့ လှည့်ပြီးကြည့်တော့ ထိုလူ ဝါးလုံးကို ပခုံးပေါ်သို့တင်ပြီး မိုးရေထဲမှာလျှောက်လာသည်ကိုတွေ့နေရသည်။

“သူ ဘယ်ကိုသွားမလို့လဲ မသိဘူး”

“ထွက်ပြေးတော့မလို့လားမှ မသိတာ”

“သူ့ပုံစံက ထွက်ပြေးမယ့်ပုံတော့ မပေါ်ဘူး၊ သူလာနေတာ ရွာဘက်ကို”



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်သာဆီကို မြန်မြန်သွားပြီး အကြောင်းစုံကိုပြောပြရမယ်"

နွေဦးပန်းတို့ နှစ်ယောက်သား မိုးသည်းကြီးမဲကြီး ရွာနေသည့်ကြားမှ ကျောင်းကလေးဆီသို့လာခဲ့ကြတော့သည်။

နွေဦးပန်း ရင်ထဲမှာတော့....။



"မြို့ကအချုပ်ကို ပို့လိုက်ပြီ နွေဦးပန်း"

"ရှင်..."

ကိုမြတ်သာ အပြင်မှပြန်ရောက်လာပြီး ပြောလိုက်သည့်စကားကြောင့် ရင်ကို ထိတ်စေသွားသည်။

"ဦးတင်ဌေး ပြောတဲ့စကားအရဆိုရင် ဟိုလူ(၃)ယောက်ကဖရပ်ပေါ်မှာ မိုးတက်ခိုတာကို အသားလွတ်ကြီး ရိုက်ချတာတဲ့"

"ဒါသက်သက် ချောက်ချတာ"

"ဒီလူတွေက ကျော်စွာမင်းခေါင်နဲ့ ဆက်နွှယ်ပြီး ရွာကိုရောက်လာကြတဲ့သူတွေ"

"ဟိုလူ(၃)ယောက်ကရော ဘာဖြစ်သွားကြလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး၊ ရွာလူကြီးအိမ်မှာတောင် တွေ့ခဲ့သေးတယ်"

"ကိုမြတ်သာ.. ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ"

"လုပ်စရာတစ်ခုပဲ ရှိတယ်၊ ဒီမှာရှင်းရင်တော့ ရမှာမဟုတ်ဘူး၊ မြို့ထိတက်ပြီး ရှင်းမှဖြစ်မယ်"

"ကျွန်မတို့လိုက်သွားချင်တယ်"

"လိုက်သွားချင်တယ်ဆို ဒီနေ့လိုက်မှရမယ်၊ မနက်ဖြန်ဆိုကျောင်းဖွင့်ရက်၊ လိုက်လို့မသင့်ဘူး"

ရွာမှမြို့ပေါ်ကို သွားရန် ဆိုင်ကယ်ကယ်ရီများရှိနေသောကြောင့် သွားလာမှုမှာ သိပ်ပြီး အခက်အခဲမရှိပေ။ နာရီပိုင်းနှင့်မြို့ကိုသွားနိုင်ကြသည်။

"သွားမယ်ဆို ခုသွားကြမယ်"

"ဟုတ်ကဲ့"

နွေဦးပန်းတို့ (၃)ယောက် ရွာထဲမှ ဆိုင်ကယ်ကယ်ရီ(၂)စီးဖြင့် မြို့ပေါ်သို့တက်လာခဲ့ကြတော့သည်။ ရဲစခန်းသို့ရောက်သော





အခါ...

"ဟဲ့...မိနွေ.. ရဲစခန်းဘာလာလုပ်တာလဲ"

"ကိုလေးစံ"

နွေဦးပန်းနှင့် (၁၀)တန်းအတူတက်ပြီး မြန်မာနိုင်ငံရဲ တပ်ဖွဲ့ထဲသို့ ဝင်သွားသော သူငယ်ချင်းကိုလေးစံ ဖြစ်နေသည်။

"နင် ဒီမှာတာဝန်ကျနေတာလား"

"ဟုတ်တယ်... စခန်းမှူးတာဝန်နဲ့လေ"

"ဟယ်...ဒါဆိုအတော်ပဲဟာ"

"မိနွေ... နင်ဘာဖြစ်လာတာလဲ၊ ပြောပါဦး"

နွေဦးပန်း အကြောင်းစုံကို ရှင်းလင်းပြလိုက်တော့သည်။

"နင်ပြောတဲ့လူက ခုနင်ပြောပြသလို တစ်ခွန်းမှမပြောဘူး၊ ဓရပ်ပေါ်တက်ပြီး ရမ်းကားလို့ ရိုက်လိုက်တာလို့ ပဲပြောတာဟ"

"သူ့နာမည်ကို ဘယ်လိုပေးထားလဲ"

"ကန္တာတဲ့..."

"သူ့နာမည်က ကန္တာ..ကန္တာ..."



www.burmeseclassic.com

www.burmeseclassic.com



နွေဦးပန်း နှုတ်ဖျားပေါ်တွင် ပဲ့တင်သံလေး ရိုက်ခတ်သွားတော့သည်။

"ကိုလေးစံ…နင် ကူညီပါဦးဟာ"

"စိတ်ချပြီးသာပြန်ပါ၊ ဥပဒေဆိုတာ အမှန်တရားပေါ်မှာပဲဆုံးဖြတ်မှာပါ၊ နင်တို့ရွာလူကြီးနဲ့ ဟို(၃)ယောက်ကို ဒီနေ့ပဲ ခေါ်ခိုင်းလိုက်ပါ့မယ်၊ နင်တို့တိုင်ကြားချက်တော့ အမှုဖွင့်ရမယ်"

"ဖွင့်မယ်..ဪ…ကိုလေးစံ ငါကန္တာနဲ့တွေ့ခွင့်ရမလား၊ သူ့အတွက် စားစရာသောက်စရာတွေရော ပို့ချင်တယ်"

"ပို့လေ… ဆရာကြီးကျော်မြင့်ရေ.. အချုပ်ထဲက ကန္တာနဲ့ တွေ့ခွင့်ပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ကိုမြတ်သာနှင့်မာမာအောင်တို့က ကန္တာအတွက် စားစရာထွက်ပြီးဝယ်ကြသည်။

"အချုပ်ကျ ကန္တာ…ဧည့်တွေ့လာတယ်"

အစောင့်ရဲဘော်လေးမှ အော်ပြောလိုက်တာကြောင့် အချုပ်





ခန်းထောင့်တွင် ထိုင်နေသော ကန္တာမှ မတ်တတ်ရပ်ပြီး နွေဦးပန်းကို ကြည့်လိုက်သည်။ ပြီးမှ သံတိုင်နားသို့ကပ်လာပြီး…

"ဘာလို့ လိုက်လာတာလဲဗျာ"

"ရှင်..ဘာလို့ အမှန်ကိုမပြောတာလဲ"

"ကျုပ်လိုလူအတွက် ထောင်ကျသွားလည်း ဘာမှ ထိခိုက်ပွန်းပဲ့စရာမရှိပါဘူးဗျာ၊ ခင်ဗျားရဲ့ ဆရာမ ဂုဏ်သိက္ခာကို မထိခိုက်စေချင်လို့ပါ"

"သိက္ခာတရားဆိုတာ အမှန်တရားကို မျက်ကွယ်ပြုပြီးမှ ကာကွယ်တာမျိုးကို ကျွန်မ လက်မခံနိုင်ဘူး၊ ခု ကျွန်မ အဖြစ်မှန်ကိုဖွင့်ပြောပြလိုက်ပြီ၊ ရှင့်ဘက်က အမှန်တိုင်းပဲပြောပါ"

နွေဦးပန်း စကားတွေကို တွေဝေသောအကြည့်တွေနှင့်ကြည့်နေလေသည်။

"ကျွန်မပြောနေတာကို ရှင်မသိကျိုးကျွန်ပြုနေမှာလား ကိုကန္တာ"

"မင်းစကားတွေကို တန်ဖိုးမဲ့အောင် ကျုပ်မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

"ကျုပ်လိုလူအတွက် ကျေးဇူးတင်စရာမလိုပါဘူးဗျာ… ဘာကြောင့်လည်းဆိုတော့ ကျုပ်ဟာ လူတွေဆီက ဘာမှမမက်မောတဲ့ လူတစ်ယောက်ဖြစ်နေလို့ပါ"

"ရှင်လူတွေအတွက်တော့ လုပ်ပေးနေတယ်နော်၊ မုန်းတီးခြင်းကြောင့်တော့ မဖြစ်နိုင်ပါဘူး"

"ကျုပ်ဘာယ်သူ့ကိုမှ အမုန်းတရားနဲ့ မဆက်ဆံဘူး၊ တစ်ခုတော့ရှိတယ် မတရားတဲ့ရက်စက်ယုတ်မာမှုတွေကိုတော့ မျက်နှာမလွှဲနိုင်ဘူး"

"ရှင်ရွာကို ပြန်လာဦးမှာလား"

နွှေဦးပန်းစကားလေးကို ကန္တာပြုံးလိုက်ပြီးနောက်…

"မြလေးရဲ့ဇရပ်ကလေးမှာ ကျုပ်မတူးဖော်ရသေးတဲ့ သမိုင်းကြောင်းလေးရှိနေသေးလို့ ဇရပ်ဆီကို မဖြစ်မနေ ပြန်လာဦးမှာပါ"

ဆရာကိုမြွတ်သာနှင့် မာမာအောင်တို့ စားစရာတွေနှင့် ရောက်လာသဖြင့် ကန္တာအတွက် ပေးခဲ့ပြီး ပြန်ခဲ့ကြတော့သည်။





ကန္တာပြောသည့် မြလေးရဲ့ ဇရပ်ပေါ်ကသမိုင်းကြောင်းလေး ဆိုသောစကားကိုတော့ နွှေဦးပန်းစိတ်ထဲတွင် စွဲမှတ်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ဖေဖေက အမှုကျေအေးပေးဖို့ အတင်းအကျပ်ပြောနေသဖြင့် ဇရပ်ပေါ်မှကိစ္စကို ကျေအေးပေးလိုက်ရသည်။ ဦးတင်ဌေးနှင့် ဖေဖေမှာ အလုပ်နှင့်ပတ်သက်၍ မကင်းသော အကြောင်းများရှိနေသလို ဖေဖေ့အလုပ်ရှင်ဖြစ်နေသဖြင့် နွေဦးပန်းလိုက်လျှောပေးလိုက်ရသည်။

ကန္တာကတော့ အချုပ်ထဲမှ ပြန်ပြီးလွတ်လာသည့် သတင်းကိုပဲ ကြားရပေမယ့် လူကိုတော့မတွေ့ရသေးချေ။ ဇရပ်ဘက်ကို နွေဦးပန်းသွားရန်မသင့်သဖြင့် ကန္တာကို မတွေ့ရခြင်းဖြစ်သည်။





ကျောင်းမုန့်စားဆင်းချိန်တွင် အတန်းထဲရှိစားပွဲတွင် မာမာအောင်နှင့် ထမင်းစားရင်း...

"နွေဦး နင်သတင်းတစ်ခုကြားပြီးပြီလား"

"ဘာသတင်းလဲ မာမာ"

"ဇရပ်မှာနေတဲ့ ကန္တာကို ရွာလူကြီး ဦးတင်ဌေးက နှင်ထုတ်ဖို့ လုပ်နေကြပြီ"

"ဘာ"

"ဟို အဘိုးကြီး ဦးဖိုးအောင်စနက်လည်း ပါတယ်၊ ကန္တာဆိုတဲ့လူဟာ ရွာကို ဒုက္ခပေးဖို့ရောက်လာတဲ့လူဆိုပြီး တစ်ရွာလုံးကို သတင်းဖြန့်ထားတယ်လေ၊ ဒါကို လူကြီးဦးတင်ဌေးက ရွာသူရွာသားတွေရဲ့ ဆန္ဒနဲ့ နှင်ထုတ်တဲ့သဘောမျိုး ပြင်ဆင်နေတယ်"

"ဒီလူတွေ အတော့်ကို ကောက်ကျစ်စဉ်းလဲတဲ့ မြေခွေးတွေပဲဟာ၊ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဘာတွေခေါင်းရှုပ်နေတာလဲ"

"ကိုမြတ်သာရေ ကန္တာသတင်းကြားရပြီး ဘာလုပ်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဖြစ်နေကြတာ''

''ဇရပ်ကနေ နှင်ထုတ်မယ့်သတင်းလား''

''ဟုတ်တယ် ကိုမြတ်သာ''

''သုသာန်မြေပေါ်မှာ တရားဥပဒေနှင့် မလွတ်ကင်းတဲ့ ဒုစရိုက်သမားတွေကလွဲပြီး နေထိုင်စရာမရှိလို့ နေထိုင်တဲ့ သူကို အကြောင်းမဲ့ နှင်ထုတ်လို့မရပါဘူး၊ သူ့ကြောင့် သုသာန်မှာ အဖျက်သဘောလုပ်ရပ်တွေ ဘာတစ်ခုမှ လုပ်ခဲ့တာမှ မဟုတ်တာ''

''ဦးတင်ဋ္ဌေးက ရွာကလူတွေရဲ့ ဆန္ဒသဘောကြောင့်ဆိုပြီး နှင်ထုတ်မှာလေ''

''ကျွန်တော်ကြားပြီးပါပြီ၊ ဟိုကမ္ဘာရ ဆရာလိုလို အဘိုးကြီးရဲ့ ထင်ရာမြင်ရာစကားတွေ အတိုင်းလုပ်ချင်တိုင်းလုပ်လို့ မရဘူး''

''ကျွန်မ ဘာလုပ်ရမလဲ ကိုမြတ်သာ''

''အင်း··· နွေဦးပန်းလည်း တန္တာအတွက် သောက လက်ဆောင်ကို ရနေတာပဲ၊ ဆရာမကြီးဆီမှာ ဖုန်းဆက်ခွင့် တောင်းပြီး နွေဦးပန်းသူငယ်ချင်း စခန်းမှူးကို အကူအညီတောင်းလိုက်ပေါ့၊





တန္တာကို ကာကွယ်ပေးနိုင်တာ တာဝန်ရှိတဲ့သူတွေပဲ ရနိုင်မယ် နွေဦးပန်း''

''ဆရာမကြီး ရုံးခန်းမှာလား''

''အင်း''

နွေဦးပန်း ထမင်းပင်ဆက်မစားတော့ဘဲ ဆရာမကြီးရုံးခန်းဘက်သို့ ခပ်သွက်သွက်ကလေးထွက်လာခဲ့တော့သည်။

ဆရာကိုမြတ်သာပြောသလိုပင် နွေဦးပန်းတစ်ယောက် တန္တာနှင့် ပတ်သက်ပြီး သောကလက်ဆောင်လေးတစ်ခုကို ရလိုက်သလို··· သူ့ဘဝထဲတွင် သံယောဇဉ် ကိုယ်ပွားလေးတစ်စုံ ရောက်နေခဲ့လေပြီ···။



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာမင်းခေါင်နှင့် ဦးတင်ဒွေး ဦးဆောင်ပြီး ရွာမှ ရွာသား(၁၀)ယောက်နှင့် တုတ်၊ ဓား၊ လှံတွေကို ကိုင်ဆောင်ပြီး သုသာန်ဘက်သို့ သွားနေကြလေသည်။

"နွေဦး နှင့်သူငယ်ချင်း ခုထိမလာသေးဘူး"

"အရေးပေါ်အမှုကိစ္စလေးတစ်ခု ပြီးတာနဲ့ ချက်ချင်းလာခဲ့မယ်လို့တော့ ပြောတယ်၊ ဒုက္ခပါပဲဟာ သူတို့ ရိုက်နှက်ကြမလား မသိဘူး"

သုသာန်ကြီးကို လှမ်းပြီးမြင်ရသော ကုန်းမြင့်ပေါ်မှ ရပ်





ကြည့်နေကြပြီး ရင်မောနေကြရသည်။

"ဟိုမှာ ခေါ်ထုတ်လာကြပြီ"

"ဟယ်"

ကန္တာကို ရွာသားနှစ်ယောက်မှ လက်တွင် ဝါးလုံးရှည်သိုင်းပြီး ကြိုးတွေဖြင့် တုပ်နှောင်ခေါ်လာကြသည်။

"တကယ့်ရာဇဝတ်သားကြီးကို ဖမ်းလာသလိုပဲဟာ မိုက်ရိုင်းလိုက်ကြတာ...ငါသွားမယ်"

"နွေဦး နင်စိတ်မလောနဲ့လေ သူတို့က လူအများစုဖြစ်နေတယ်...နင်သွားလည်း ဘာမှတားလို့ရမှာမဟုတ်ဘူး၊ ကိုမြတ်သာ လာနေတယ်"

"ကိုမြတ်သာ ကယ်ပါဦး"

"နွေဦးပန်း သူတို့ဘာလုပ်နိုင်မလဲဆိုတာ စောင့်ကြည့်ပါဦး သူတို့လုပ်ရပ်တွေက ဥပဒေ အပြင်ဘက်ကို ရောက်နေပြီ"

"သတ်ပစ်လိုက်ရင်ရော"

"ကျော်စွာမင်းခေါင် ဒီလောက်ထိ မမိုက်ကန်းရဲပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လူကြီး ဦးတင်ဌေးလည်း ခပ်တုံးတုံးကောင်မဟုတ်ပါဘူး၊ တစ်ခုပဲ စိုးရိမ်စရာရှိတာ ရွာသားတွေကို သွေးထိုးပြီးလုပ်ခိုင်းမှာပဲ စိုးရိမ်ရမယ်၊ ဒီလောက်ထိလုပ်မယ်ဆိုရင်တော့ ကျွန်တော်ဝင်မှာပါ''

ကျော်စွာမင်းခေါင်နှင့် လူအုပ်ကြီး ရွှေဦးပန်းတို့ အနားသို့ ရောက်လာသည်။

''ဟယ်...''

ကန္တာကို ရိုက်နှက်ထားခြင်းကြောင့် မျက်နှာတွင် သွေးစများ ဒဏ်ရာများနှင့် တွေ့နေရသည်။

''ရွာကို ဒုက္ခပေးဖို့ ရောက်လာတဲ့ကောင် အပြတ်ရှင်းကွာ''

ရွာသားအုပ်စုထဲမှ တစ်ယောက်အသံပေးလိုက်သည်နှင့် ကျန်ရွာသားများရိုက်နှက်ဖို့ပြင်လိုက်စဉ် ကိုမြတ်သာက ကန္တာရှေ့မှ ဝင်ရပ်လိုက်ပြီး...

''ခင်ဗျားတို့ ခုလုပ်ရပ်ဟာ ဥပဒေမဲ့လုပ်ရပ်တစ်ခုကို ကျူးလွန်နေတာနော်''





''ဆရာလေးနဲ့ မပတ်သက်ရင် ဘေးဖယ်နေပါ''

''ကျွန်တော်နဲ့တော့ မပတ်သက်ပါဘူး၊ ဒါပေမယ့် လူလူချင်း တရားဥပဒေမဲ့ ရက်စက်နေတာတော့ ကြည့်နေလို့မရဘူး၊ ဒီလူဟာ ဥပဒေနဲ့ ညှိစွန်းနေရင်တောင် ခင်ဗျားတို့ လက်လွတ်စပယ်လုပ်ပိုင်ခွင့် မရှိဘူး၊ ဦးတင်ဌေးက ရွာရဲ့လူကြီးပါ''

''ငါက ရွာလူကြီးမို့ ရွာအတွက်လုပ်ပေးနေတာကွ၊ ဆရာလေးက စာသင်တဲ့အလုပ်ကလွဲပြီး ခုကိစ္စထဲကိုဝင်ပြီး မပါပါနဲ့... ဆွဲခေါ်ခဲ့ကွာ''

''ဝူး...ကျွိ''

''ဟင်''

စခန်းမှူး ကိုလေးစံနှင့် သူ့တပ်ဖွဲ့ဝင်များ ဆိုင်ကယ်များဖြင့် ရောက်ရှိလာကြတော့မှ အားလုံးရပ်ပြီး နောက်ဆုတ်သွားကြတော့သည်။

''ဦးတင်ဌေး ဒါဘာလုပ်တာလဲ''

''ဟို...ဟို...ဒီကောင်ကို ဖမ်းလာတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းရအောင် သူကဘာပြစ်မှုကျူးလွန်နေလို့လဲ"

"ဒီကောင် ရွာကို ဖျက်စီးဖို့ရောက်လာတဲ့ကောင်မို့ ဖမ်းတာပါ"

"သူရွာကို ဖျက်မယ်ဆိုတဲ့ သက်သေအထောက်အထား ဘာရှိလဲ ပြောပါ"

"ဟို…အဲ…ဒီလိုရှိပါတယ် စခန်းမှူး"

ဦးတင်ဌေးဘက်မှ ခိုင်ခိုင်လုံလုံသက်သေပြစရာ ဘာမှမရှိ…

"ကျုပ်ကြားပြီးပါပြီ၊ ခင်ဗျားတို့ ရွာက ဦးဖိုးအောင်ရဲ့ ဥပဒေမဲ့ပြောဆိုချက်အရ ဒီလူကို ဖမ်းဆီးတာမဟုတ်လား"

"ဟုတ်…ပါတယ်"

"ဦးတင်ဌေး ခင်ဗျားရွာကို အုပ်ချုပ်နေတဲ့ လူကြီးတစ်ယောက်လုပ်ပြီး ခုလို ဥပဒေမဲ့လုပ်တာကို ခွင့်မလွှတ်နိုင်ဘူး၊ ခုကြည့်စမ်း ခင်ဗျားတို့လက်ထဲမှာ ကိုင်ဆောင်ထားတဲ့ လက်နက်တွေဟာ လူတစ်ယောက်ကို သေစေနိုင်တဲ့ လက်နက်တွေပါ၊





ဒါဟာ လူသတ်မှု ကျူးလွန်ဖို့ ပြင်ဆင်ထားတာပဲ၊ ဘာအပြစ်မှ မကျူးလွန်တဲ့ သူပေါ်မှာ ရိုက်နှက်မှုဟာ ဥပဒေကြောင်းအရ အရေးယူလို့ရတယ် ခင်ဗျားသိလား"

"ဟာ…ဆရာရယ် တောင်းပန်ပါတယ် ရွာကလူတွေက အတင်းတောင်းဆိုလို့ အဘက မဖြစ်မနေ ဖမ်းဆီးရတာပါ"

"ဖမ်းဆီးတယ်ဆိုရင်တောင် ခုလိုရိုက်နှက်ပြီး ခင်ဗျားတို့ ခေါ်လာတဲ့ပုံကို ကြည့်ပါဦး၊ လူတစ်ယောက်ကို နှိပ်စက်ညှဉ်းပန်းပြီး လူမဆန်စွာ ခေါ်ခဲ့ကြတာပဲ၊ ဒါပဒေသရာဇ်ခေတ် မဟုတ်ဘူးဗျ… ဦးတင်ဌေး ခင်ဗျားရယ် ဦးဖိုးအောင်ရယ်၊ ခင်ဗျားသားတွေနဲ့ စခန်းကိုလိုက်ခဲ့ပါ။ရိုက်နှက်ခဲ့ကြတဲ့ ရွာသားတွေကိုလည်းခေါ်ခဲ့၊ ဆရာကျော်မြင့်… ကန္တာကို ကျေးလက်ဆေးခန်းမှာ ဆေးထည့်ပြီး ဆေးစစ်ချက်ကိုပါ ယူခဲ့ဗျာ"

"ဟုတ်ကဲ့ ဆရာ"

နွေဦးပန်းနှင့် ကိုမြတ်သာ ကန္တာကို ကြိုးတွေဖြေပေးပြီး ကျေးရွာဆေးခန်းဆီသို့ တွဲခေါ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေ လူစိတ်ပျောက်နေသလားမသိပါဘူး နွေဦးပန်းရယ်"

ကန္တာ၏ဒဏ်ရာ ဒဏ်ချက်တွေကို ကြည့်ပြီး နွေဦးပန်းမှာ မျက်ရည်ပင် ဝိုင်းမိပါတော့သည်။



အခန်း ( ၇ )

ဦးတင်ဌေးနှင့် ကျော်စွာမင်းခေါင်တို့၏ ရိုက်နှက်မှုဒဏ်ရာတွေကြောင့် ကန္တာတစ်ယောက် ဖရုပ်ပေါ်တွင် မထနိုင်သေးပေ။

ဦးတင်ဌေး၊ ကျော်စွာမင်းခေါင်နှင့် ရွာသား(၁၀)ယောက်ကို ဥပဒေအတိုင်း အရေးယူဆောင်ရွက်ခြင်းကြောင့် မြလေးရုံရွာတွင် ရွာလူကြီးယာယီကင်းမဲ့နေလေတော့သည်။

မြလေးရုံရွာ၏ ယာယီအုပ်ချုပ်ရေးကို ရွာရပ်မိရပ်ဖတွေမှ အုပ်ချုပ်ထားရသည်။ ထိုသို့ အဖြစ်အပျက်ပေါ်မှာ ဒေါသမီးတွေ ပေါက်ကွဲနေသူတွေကတော့ ဦးဘချစ်နှင့် ဦးဖိုးအောင် တို့ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂြိုဟ်ကောင်ကို မရှင်းနိုင်လို့ကတော့ ရွာမှာဒီထက် အခြေအနေဆိုးမယ် ဦးဘချစ်"

"အခြေအနေဆိုးတာထက် ကျုပ်သားရော ကျုပ်မြေးပါ ထောင်ကျတော့မယ့် အခြေအနေကို ရောက်နေပြီ၊ ခင်ဗျားပညာနဲ့ ဘာမှမလုပ်နိုင်တော့ဘူးလား ဦးဖိုးအောင်"

"ကျုပ် ဂမ္ဘီရ ပစ္စည်းတစ်ခုကိုဖော်နေတယ်၊ ပစ္စည်းတစ်ခုပဲ ကျန်တော့တယ်ဗျ"

"ခင်ဗျား ဂမ္ဘီရပစ္စည်းက ဘာတွေစွမ်းလို့လဲ"

"ဒီပစ္စည်းသာ အောင်မြင်သွားရင် ကျုပ်တို့အသက်ကို ကြိုက်သလောက်ရှည်ပြီးနေလို့ရမယ်၊ မြေလျှိုးမိုးပျံတဲ့ထိ ဖြစ်မှာ ဗျ"

"ဟာ..."

ဦးဖိုးအောင်၏စကားကို ကြားလိုက်ရသော ဦးဘချစ်မှာ မယုံနိုင်အောင်ဖြစ်သွားသည်။

"ကျုပ်ဂမ္ဘီရ ကျမ်းစာကို တောထဲက ဇေတီပျက်တစ်ဆူက နေရခဲ့တာ၊ ကျမ်းထဲကအတိုင်း ကျုပ်လုပ်နေတာ၊ ခုဆိုရင် (၅)နှစ် တောင်ရှိပြီ နောက်ဆုံးအဆင့်ကို ဖော်ဆောင်ဖို့ပဲ ကျန်တော့တယ်"

"အဲဒီအဆင့်က ဘာလုပ်ရမှာလဲ"

"တစ်ချက်ခုတ် (၂)ချက်ပြတ်ဖြစ်သွားအောင် အခုဇရပ်ပေါ် ကို ရောက်နေတဲ့ကောင်ရဲ့ မျက်လုံးကို ထုတ်ယူရမယ်"

"တခြားမျက်လုံးတွေနဲ့ မရဘူးပေါ့"

"မရဘူး ကျုပ်တွက်ချက်တဲ့ အရဆိုရင် ဒီကောင်ဟာ နက္ခတ်အကျဆုံးကောင်ပဲ"

"ဒီတော့ ကျုပ်တို့က ဒီကောင့်ကို ရှင်းပြီး မျက်လုံးကို ထုတ်ယူရမှာပေါ့"

"ဟုတ်တယ် ရှင်းတဲ့နေရာမှာ တစ်ခါတည်းသတ်ပစ် လို့မရဘူး၊မသေခင်မျက်လုံးကို ဆေးစိမ်ပြီး ဖောက်ထုတ်ယူရမှာ"

"ဒီအဆင့်ပြီးရင် ခင်ဗျားရဲ့ ဂမ္ဘီရပစ္စည်းက အောင်မြင်သွား ပြီပေါ့"

"သိပ်ပြီးဟုတ်တာပေါ့ ဘယ်လိုရှင်းမလဲဆိုတာကိုတော့







www.burmeseclassic.com

www.burmeseclassic.com



ကြံစည်ရမယ်''

''ခုနေ ဒီကောင်ကို ရှင်းလို့တော့မကောင်းဘူး၊ သက်ဆိုင်ရာက ချက်ချင်းရိပ်မိသွားမယ်၊ ပြီးတော့ရွာကလူတွေနဲ့ လည်းမဖြစ်ဘူး၊ ရွာက ပါးစပ်တွေက လွယ်တာမဟုတ်ဘူး၊ တခြားရွာက လူမိုက်တွေကို ငွေမက်လုံးပေးပြီး ခိုင်းရမယ်''

''ဒီအပိုင်းကတော့ ခင်ဗျားအပိုင်းပဲ ကျုပ်အပိုင်းက ပစ္စည်းအောင်မြင်မှုအပိုင်း ခုကိစ္စကို ခင်ဗျားကလွဲပြီး ဘယ်သူမှ အသိခံလို့ မရဘူးနော်''

''စိတ်ချစမ်းပါ ကျုပ်သားတောင် အသိမပေးပါဘူး''

''ရွာမှာ နောက်ထပ်လူကြီးတစ်ဦးရွေးချယ်မယ်လို့ သတင်းထွက်နေတယ်...ဟုတ်လား''

''ဦးဖိုးအောင်ရယ် မြလေးရဲ့ရွာမှာ ဘချစ်ကို လွန်ဆန်ပံ့တဲ့သူ ဘယ်သူရှိလဲ၊ ဘချစ်က ဒါဆိုရင် ဒါပဲဖြစ်စေရမယ်''

''ခင်ဗျားသား တင်ဌေးကတော့ လူကြီးရာထူးပြုတ်မှာ သေချာသွားပြီ၊ ထောင်မကျဖို့ကိုပါတောင် ဟိုကောင်က ကျေအေး





ပေးရင် အမှုကပြုတ်မယ်ဆို''

''ကျုပ်တစ်ခုစဉ်းစားမိတယ် ဒီကောင်ကို အချိုသတ်ပြီး အေး ဘုံး ကျေအေးဖို့အတွက် စည်းရုံးရမယ်၊ ပြီးတော့မှ ရှင်းကြတာပေါ့''

''ခင်ဗျားအကြံ မဆိုးပါဘူး၊ တစ်ခုတော့ရှိတယ်၊ ဒီကောင်ပေါ်မှာ ခင်ဗျားခပ်ပျော့ပျော့ ဆက်ဆံလိုက်တာနဲ့ ရွာကလူတွေရဲ့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားနိုင်တယ်၊ ဒီကောင်ကို တစ်ရွာလုံး ဒီထက်မက မုန်းတီးအောင်လုပ်ရမယ်''

''ဘယ်သူမှ မသိအောင် ညဘက်မှာ သွားပြီး တွေ့မှာပေါ့ဗျာ၊ ခင်ဗျားပါလိုက်ခဲ့ဦး၊ကျုပ်ဇရပ်ကိုမသွားရဲဘူး၊ ဟိုကောင်ဒိုးကြီးကို သတ်ထားပြီးကတည်းက ကျုပ်စိတ်ထဲမှာ ဇရပ်ကိုနေ့ခင်းတောင်မသွားရဲဘူး ဖြစ်နေတာ''

''ခင်ဗျားကို မေးမယ် မေးမယ်နဲ့ မမေးဖြစ်ဘူး''

''ဘာကိုလည်း ကိုဖိုးအောင်''

''ဗုံတိုနဲ့ ဟိုဘိလူးလေးကို သတ်ပစ်လိုက်တာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား''

''ဦးဖိုးအောင်ရယ် နှစ်တွေ ဒီလောက်ကြာမှ ဘာလို့ဒီ စကားကို မေးရတာလဲ''

''ကျုပ်စိတ်ထဲမှာ ဗုံတိုရော ဒီဘီလူးလေး အသက်မသေး ဘူးလို့ ထင်နေတယ်''

''ကျုပ်လိုက်ပြီးရှင်းခိုင်းတဲ့ ဖိုးကြူက သူကိုယ်တိုင်သတ်ပြီး မြစ်ထဲမှာ ကျောက်ခဲဆွဲပြီး မြှုပ်ခဲ့တာတဲ့''

''သေချာရင် ပြီးတာပဲဗျာ''

''နှစ်တွေ ဒီလောက်ကြာမှတော့ ဒီဇာတ်လမ်းက အသက် မဝင်နိုင်တော့ပါဘူး၊ ခေါင်းထဲမှာ ဒါတွေကို ထည့်မထား စမ်းပါနဲ့ဗျာ''

''ထည့်မထားနဲ့ဆိုလို့ ဟိုကောင်သာကျော်ပုံစံကို သဘော မကျတာကြာပြီ၊ ဒီကောင်ကျုပ်တို့နဲ့ ခပ်ကင်းကင်းနေတာ ကြာပြီနော်၊ သူ့ကိုယ်သူ ဘာသာရေးသမားလိုလို ဘာလိုလိုနဲ့ ကျုပ်တို့ကို ဆန့်ကျင်နေတာကို ခင်ဗျားကြည့်လုပ်ဦး''





''သာကျော်ဆိုတဲ့ကောင် ကျုပ်ကိုလွန်ဆန်ပြီး ဘာတစ်ခုမှ မလုပ်ရဲပါဘူး ဒီကောင့်ဆီမှာ ကျုပ်ငွေတွေ အများကြီး တင်ထား ပါတယ်''

''ခင်ဗျား ငွေတွေတင်တာ၊ ခင်ဗျားမြေးအတွက်မဟုတ် လား''

''သာကျော်ရဲ့သမီး နွေဦးပန်းလေးက ပညာလည်းတတ် ရှာရဲ့အလှဆုံး ကွမ်းတောင်ကိုင်ဆိုတော့ မျက်စိတွေ့ထားရတာဗျ''

''ကောင်မလေးက ခင်ဗျားမြေးကို စိတ်ဝင်စားပုံတော့မပေါ် ဘူးနော်''

''စိတ်ဝင်စားတာတွေ စိတ်မဝင်စားတာတွေ မလိုအပ်ပါ ဘူး၊ အရေးကြီးတာ အချိန်တန်ရင် ကျုပ်မြေးနဲ့ လက်ထပ်ဖို့ပဲ''

''ဒိုးကြီးဆီက ခင်ဗျားရထားတဲ့ငွေနဲ့ လှူယ်ယာတွေထဲက ကျုပ်အတွက်ပေးနေတာ ဒီနှစ်နည်းတယ်နော်''

''ဦးဖိုးအောင်ရယ် ဒီနှစ် ရာသီဥတုကြောင့် စပါး အထွက် နည်းလို့ပါ၊ ပြီးတော့ ဒေါ်ကြာကိုလည်း ပစ်ထားလို့မရဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမို့ ဒေါ်ကြာ့ကို ခုထိအသက်ရှင်ခွင့်ပေးနေတာ အံ့ပါရဲ့"

"ကျုပ်သတ်စရာမလိုပါဘူး၊ ဒေါ်ကြာ ဒီနှစ်တောင် မကျော်တော့ပါဘူး"

"အဘ ဘချစ်"

"ဟေ…ဘယ်သူလဲကွ"

"ကျွန်တော် ချစ်စမ်းပါ၊ မြို့ကနေ ဦးလေးတင်ဌေးခိုင်းလိုက်လို့ လာခဲ့တာ"

"အေး… ဝင်လာခဲ့"

ချစ်စမ်း အိမ်ပေါ်သို့တက်ခဲ့ပြီး ဦးဘချစ်ရှေ့တွင် ဝင်ပြီး ထိုင်လိုက်သည်။

"ငါ့သားနဲ့ ငါ့မြေးက ဘာတွေမှာလိုက်လဲ"

"သူတို့အမှုကို တရားရုံးကိုမတင်ခင် ရဲစခန်းမှာ အပြတ်ရှင်းနိုင်ဖို့ လုပ်ပေးပါတဲ့"

"လုပ်တာကတော့ ဟုတ်ပါပြီ ဟိုကောင်ဆီက ကျေအေး





ကြောင်းလက်မှတ်မရဘဲ ဘာမှလုပ်လို့မရဘူး"

"သူကြီးက မှာလိုက်သေးတယ်… ဟိုကျောင်းဆရာမြတ်သာနဲ့ ရွှေဦးပန်းတို့ကိုလည်း အမှုလျော့ပေါ့အောင် လုပ်ပေးဖို့ ပြောပေးပါတဲ့"

"အင်း…သာကျော်ကို ခေါ်ပြီးတော့ နည်းနည်းလောက် အကျပ်ကိုင်ရမှာပဲ"

"အဘ ဘချစ် အချိန်ကသိပ်ပြီးမရဘူးနော် လုပ်စရာရှိတာတွေကို အမြန်လုပ်တော့ စခန်းမှူးက ခုကိစ္စပေါ်မှာ ဒေါသအရမ်းထွက်နေတာ၊ ဦးဖိုးအောင် ခင်ဗျားအစွမ်းနဲ့ လုပ်စရာရှိတာကို လုပ်ပါဦး"

"ခု ခင်ဗျား ပွဲတစ်ပွဲပြင်ဖို့လုပ်တော့ ကျုပ်စီမံပေးမယ်၊ ခင်ဗျားသားရော ခင်ဗျားမြေးရော ပြန်ပြီးလွတ်စေရမယ် ကျုပ်ဉာဏ်ဘယ်လောက်စွမ်းသလဲဆိုတာ တွေ့ရမှာပေါ့၊ ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"ကျုပ်ပေါ်မှာ ခုလိုဂရုစိုက်ပေးတာကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့မလိုပါဘူးကိုကန္တာရယ်၊ ရှင်လည်းကျွန်မတို့ပေါ်မှာ ကူညီခဲ့တာပဲ"

နွေဦးပန်း၊ မာမာအောင်နှင့် ဆရာကိုမြတ်သာတို့ ကန္တာဆီကို လာခဲ့ကြပြီး ဆေးနှင့် စားသောက်စရာများကို လာရောက်ပို့ပေးခြင်းဖြစ်သည်။





"ကိုကန္တာရော ဒဏ်ရာတွေ သက်သာရဲ့လား၊ မသက်သာရင်မြို့ဆေးရုံကို သွားပြီးပြကြမယ်လေ"

"သက်သာသလောက်ဖြစ်နေပါပြီ၊ ဆေးရုံကိုသွားရင် အမှုက ပိုပြီးကြီးသွားပါလိမ့်မယ်ဗျာ၊ ပြီးခဲ့တာတွေလည်း ပြီးခဲ့တဲ့နေရာမှာပဲထားစေချင်ပါတယ်"

"ခုလူတွေဟာ စေတနာကောင်းထားလို့ ကောင်းတဲ့လူတွေမဟုတ်ဘူး ကိုကန္တာ"

"မနွေဦးပန်းပြောတာ ဟုတ်ပါတယ် ဒါပေမယ့် ဒီထဲမှာ ရောယောင်ပြီးပါသွားတဲ့သူတွေအတွက်ပါ၊ မနေ့ညက ဦးဘချစ်ဆိုတဲ့အဘိုးကြီးနဲ့ လူ(၃)ယောက် ရောက်လာကြတယ်"

"ဟင် ဘာလာလုပ်ကြတာလဲ"

"အမှုကျေအေးပေးဖို့ လာပြီးပြောကြတာပါ"

"ကိုကန္တာက ဘာပြောလိုက်လဲ"

"ကျွန်တော့်ဘက်ကတော့ ပြောစရာမရှိပါဘူး၊ ဒါပေမယ့် ဥပဒေလမ်းကြောင်းပေါ်မှာတော့ ကျွန်တော်မပြောတတ်ဘူး လို့

www.burmeseclassic.com



တော့ ပြောလိုက်တယ်၊ သူတို့ပြောနေပုံကတော့ ကျွန်တော့်ဘက်က ကျေအေးတာနဲ့ အမှုက ပြီးပြီတဲ့"

"ဒါက သူတို့အထင်ပါ ကိုကန္တာ... တရားဥပဒေကို သူလိုချင်တဲ့ ပုံစံနဲ့ရမယ်လို့ ထင်နေတာဗျ၊ သူတို့ ပြုမူခဲ့တဲ့ ကိစ္စဟာ ကိုကန္တာ ကျေအေးရုံနဲ့ မရဘူးလေ၊ သူတို့အပြစ်အရှိဆုံးက ဦးတင်ဌေးပဲ၊ ဥပဒေနဲ့ အညီအုပ်ချုပ်တဲ့ လူကြီးတစ်ယောက် အနေနဲ့ ဥပဒေမဲ့လုပ်ရပ်ကို ကျူးလွန်တာ ပိုပြီး အပြစ်ကြီးတယ်"

"ကျွန်တော်ကတော့ ဘာမှနားမလည်ကြတဲ့ ရွာသားတွေ အတွက်ပဲ စိတ်မကောင်းဖြစ်မိတာပါ"

"ကိုကန္တာရေ ဒါတွေကို ခေါင်းထဲထည့်ထား မနေနဲ့တော့ အရေးကြီးတာ ကိုယ့်ကျန်းမာရေးကိုပဲ ဂရုစိုက်၊ သူတို့အပြစ်နဲ့ သူတို့ပဲ ကိုယ့်ဘယ်ကနေ သူတို့ကို ခံရပါစေဆိုပြီး လုပ်ခဲ့တာ တစ်ခုမှမပါဘူး"

"ခုလိုဖြစ်ရတဲ့ အဓိက တရားခံဟာ ဦးဖိုးအောင်ဆိုတဲ့ လူကြီးကြောင့်ပဲ၊ ကျွန်တော်ဒီလူကြီးကို အနီးကပ်လေ့လာ





ကြည့်တယ်၊ ဒီလူကြီးဟာ စိတ်ရောဂါတစ်ခုဖြစ်နေသလိုပဲ"

"ရှင်"

"အယ်"

"ဘာလို့ပြောနိုင်တာလဲဆိုတော့ သူနဲ့ကျွန်တော်စကား ပြောကြည့်တော့ သူပြောနေတဲ့စကားတွေက မဖြစ်နိုင်တဲ့ အကြောင်းတွေ ပြောနေတာ၊ ပြီးတော့ သူ့ကိုယ်သူ ဂန္ဓာရီဆရာကြီးတစ်ယောက်လို ခံယူထားပြီး အယူအဆတွေဟာ တစ်ဖက်စွန်းရောက်နေတယ်"

"သူရူးတာက အရေးမကြီးဘူး၊ ရွာကလူတွေကြားကနေ ဒုက္ခရောက်ကုန်မယ်၊ ခုကိစ္စကြီးကို ဒီအတိုင်းပစ်ထားလို့တော့ မရဘူး၊ လုပ်သင့်တာကိုတော့ လုပ်မှဖြစ်မယ်"

"လုပ်သင့်တာကိုလုပ်မယ်ဆိုရင် အချိန်တော်တော်ကို ပေးရမယ် နွေဦးပန်းရေ... တစ်ရွာလုံးက သူ့ကို ယုံကြည် ကိုးစားနေတော့ ကျွန်တော်တို့မှာက လူနည်းစုဖြစ်နေတယ်၊ ဒါပေမယ့် ဒီအတိုင်းပစ်ထားရင် မရနိုင်တော့ဘူးဆိုတာ ကိုသိထားမှတော့ လုပ်သင့်တာကို လုပ်နိုင်သလောက် စပြီးလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့ဗျာ''

နွေဦးပန်းတို့ ပြောနေကြသော စကားဝိုင်းထဲတွင် ကန္တာ တစ်ယောက် နားထောင်နေခြင်းမှလွဲပြီး တစ်ခွန်းမှ ဝင်ပြော ခြင်းမရှိ။

''ရွာမှာနောက်ထပ်လူကြီးတစ်ဦးကို ရွေးရဦးမယ်ဆို''

''အဖေတို့ ပြောနေကြတာကို ကြားနေရတာပဲ၊ ဘယ်သူ့ ကိုရွေးမယ်ဆိုတာတော့ မသိသေးဘူး ကိုမြတ်သာ''

''ကျွန်တော်က ရွာခံမဟုတ်တော့ ဘယ်သူ့စိတ်ဓာတ် ဘယ်လိုရှိတယ်ဆိုတာ မသိဘူးလေ၊ ရွာအနေနဲ့ ကိုယ့်ရွာ အကျိုးကို ကြည့်နိုင်တဲ့လူတစ်ယောက်တော့ သေသေချာချာ ရွေးချယ်ဖို့တော့ သင့်ပြီ၊ အုပ်ချုပ်ရေးစနစ်ဟာ အများကြီး ပြောင်းနေပြီ၊ ရွာကို ရှေးဆန်တဲ့ အုပ်ချုပ်မှုပုံစံနဲ့တော့ မအုပ်ချုပ်သင့်တော့ဘူး''

''ရွာကလူတွေရဲ့ စိတ်ဓာတ်တွေကို ပြုပြင်ဖို့တော့ ကောင်း နေကြပါပြီ''

''ပြုပြင်ဖို့ဆိုတာလည်း ရှေ့ကနေ ပြုပြင်ပေးနိုင်တဲ့





ခေါင်းဆောင်ရှိမှဖြစ်မှာမာမာအောင်၊ မြလေးရုံရွာနဲ့ မြို့နဲ့ဆို (၃)မိုင် ခရီးပဲဝေးတာပါ ၊ ရွာမှာက လူမှုရေးထိုင်မှုပိုင်းမှာရော အကျင့်ပိုင်း တွေမှာရော ဘာကြောင့်ခုလိုနောက် ကျနေသလဲဆိုတာကို စဉ်းစား လို့တောင်မရပါဘူး''

''ဒီရဲ့တရားခံကို ဖော်ထုတ်နိုင်ရင်တော့ ကျွန်မတို့ရွာကို တိုးတက်ပြောင်းလဲလာအောင် လုပ်လို့ရပါပြီ''

''ငါ့စိတ်ထဲမှာ ဒီရဲ့တရားခံကို ရှာမယ်ဆိုရင်တော့ ဦးဖိုးအောင်၊ ဦးဘချစ်၊ ဦးတင်ငွေနဲ့ သူ့သား ကျော်စွာမင်းခေါင် တို့ပဲဖြစ်မယ်''

''နင်ပြောတာဟုတ်တယ် ဒီလူတွေဟာ အမှန်တရားကွယ် ပျောက်နေကြတဲ့ အတ္တဘီလူးတွေ''

''စကားကောင်းနေတာနဲ့ ညနေတောင်စောင်းတော့မယ် ပြန်ကြရအောင်''

''ကိုကန္တာ ပြန်ခွင့်ပြုပါဦး''

''ဟုတ်ကဲ့''

ဇရပ်အပေါက်ဝလေးထိ ကန္တာလိုက်ပို့ပေးရင်း သူတို့ကို

www.burmeseclassic.com



ဇရပ်ပေါ်မှ ရပ်ပြီးကြည့်နေလေသည်။

"နွေဦး"

"ဘာလဲမာမာ"

"နင့်ဘဝလေးထဲကို ကန္တာဆိုတဲ့လူတစ်ယောက် ရောက်နေပြီလားလို့ မေးမလို့ပါ"

"ငါမညာချင်ပါဘူးဟာ၊ သူ့ဘဝလေးကို သနားမိတာ အမှန်ပဲ"

"နွေဦးပန်းရေ… သံယောဇဉ်တွေထဲမှာ သနားခြင်းကြောင့်ဖြစ်ရတဲ့ သံယောဇဉ်ဟာ အဆိုးဆုံးနော်၊ သတိထားဦး"

"ဘာကို သတိထားရမှာလဲ ဆရာကိုမြတ်သာ"

"သံယောဇဉ်ကြိုးတွေ ရစ်ဖွဲ့တာများလာရင် နှလုံးသားက သိပ်ပြီး ခံနိုင်ရည်မရှိတတ်ဘူး··တော်ကြာ··"

ဆရာကိုမြတ်သာ စကားလေးပြတ်သွားပေမယ့် ဒီစကားလေးရဲ့ နောက်ဆက်တွဲအဓိပ္ပာယ်ကို နွေဦးပန်းသဘောပေါက်ပေမယ့် ငြင်းဆန်ဖို့တော့ စကားမဆိုမိပါ။ ဒါပေမယ့် ဝန်ခံဖို့





ထိတော့ နွေဦးပန်းတွင် သတ္တိမရှိခဲ့တာ အမှန်ပင် ဆိုရမည်။

ချစ်ခြင်းတရားဆိုသည်မှာ မွေးဖွားခြင်းနဲ့ရှင်သန်တတ်သော အရာတစ်ခုမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

ဦးတင်ဌေးအပါအဝင် ကျော်စွာမင်းခေါင်နှင့် ရွာသား(၁၀) ဦးတို့ကို တရားရုံးမှ ထောင်ဒဏ် (၆)လစီ အပြစ်ဒဏ်ချမှတ်လိုက်သောကြောင့်···

“တောက်···ဝုန်း···”

ဦးဘချစ် ဒေါသမီးတွေ ပေါက်ကွဲတော့သည်။

“ဘာမဟုတ်တဲ့ကောင်တစ်ကောင်ကြောင့် ငါ့သားရော ငါ့မြေးပါ ထောင်ကျရတယ်လို့ကွာ၊ ဘချစ်ဘဝမှာ ရာဇဝင်ရိုင်းတယ်၊ ဒင်းတို့ကိုပြန်ပြီး ဆုံးမရမှ ကျေနပ်မယ်”





“ဦးဘချစ်··· ခင်ဗျားပါးစပ်နဲ့ဒေါသထွက်နေလို့မရ ဘူးလေ၊ ကျုပ်ပြောတာကို ခင်ဗျားက သေသေချာချာမလိုက်နာတာ ခုတော့ဖြစ်ကြပြီ”

ဦးဖိုးအောင် နိုင်းသောကိစ္စတစ်ခုကို ဦးဘချစ် ပျက်ကွက်ခဲ့တာရှိသည်။ ဒါကလည်း သူသာနှံတွင် ည(၁၂း၀၀) နာရီသွားပြီး အလောင်းတစ်ခုရဲ့ခေါင်းကိုတူးဖော်ယူခိုင်းခြင်းဖြစ်သည်။ ဦးဘချစ် ပထမတော့ သွားယူရန် သူ့အလုပ်သမားတွေကို အရက်တိုက်ပြီးမှ တစ်ယောက်မှ မလုပ်ရဲ၍ မလုပ်ဖြစ်ခဲ့ပေ။

“ကျုပ်ပညာကိုမယုံရင် ခုလိုပဲဖြစ်မှာပဲ”

“မယုံလို့တော့မဟုတ်ပါဘူးဗျာ·· ဘယ်သူမှ မလုပ်ရဲကြလို့ နောက်တစ်ခါဆို မဖြစ်မနေလုပ်ပါ့မယ်၊ ခုဘာလုပ်ရမလဲ ပြောပါ”

“ကျုပ်တို့အတွက် အန္တရာယ်ပြုမယ့်ကောင် ရောက်နေပြီဆိုတာကို တွေ့ပြီဆိုရင်ဒီကောင့်ကို အရှင်ဖမ်းပြီး မျက်လုံးထုတ်ဖို့ကိစ္စကိုလုပ်တော့ ဦးဘချစ်··· တစ်ခုတော့ ပြောထားမယ် ခုလုပ်ကိုင်မယ့်သူတွေဟာ ပိရိသေသပ် ဖို့တော့လိုမယ်၊ အမြန်သိပ်

www.burmeseclassic.com



မရဘူး၊ ဒီလထဲမှာကျမယ့် ကြယ်စုံနက္ခတ်နဲ့ ဂမ္ဘီရဆေးစွမ်းကြီးကို လုပ်ရမှာနော်”

““ကြားထဲမှာ ရက်ဘယ်လောက်ရမလဲ”

““အင်း…ရက်ပေါင်း (၂၀)တော့ရမယ်၊ ဒီထက်နောက်ကျ လို့တော့မရဘူး”

““ဒီလောက်အချိန်ဆိုရင်တော့ ဖြစ်ပါတယ်၊ ကျုပ်ဟိုရွာစု ဘက်က လူမိုက်တွေဆီကိုသွားပြီး ခုကိစ္စကို လုပ်ပါ့မယ်”

““စိတ်ချရတဲ့လူဖြစ်ပါစေနော်”

““ဒီကောင်တွေက ဓားပြမှုနဲ့ထောင်ကပြန့်ပြီးလွတ်လာ ကြတာ မကြာသေးဘူး၊ အရင် ကျုပ်လူကြီးလက်ထက်ကတည်း က သူ့အဖေတွေနဲ့ လုပ်ကိုင်ခဲ့တာ၊ ဟိုခွေးမသားကို ခုတောင် ပြေးပြီး အပြတ်ရှင်းချင်နေတာ၊ ဟူး…အရင် အသက်အရွယ်နဲ့ဆို ဒိုးကြီးထက် ဆိုးဝါးသွားမယ်မှတ်…”



BURMESE CLASSIC

““မင်းပြောတာ သေချာရဲ့လား ဆန်းထူး”

““သေချာတာမှ ကျွန်တော့်နားနဲ့ကို ကြားရတာ ဦးလေး သာကျော်… ကျွန်တော့်ကိုသောက်ရေခပ်ခိုင်းလို့ ခပ်ပေးနေတာကို သူတို့နှစ်ယောက် သတိမထားဘဲ ပြောနေကြတာကို… ကျွန်တော် လည်းသူတို့ မသိအောင် ခိုးနားထောင်ခဲ့တာ”

ဆန်းထူးဆီမှကြားရသော စကားကြောင့် နွေဦးပန်း ထိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားသည်။ ကန္တာပေါ်မှာ ဦးဘချစ် အကောက်ကြီတော့မည်ဖြစ်သည်။

"ဘချစ်ကတော့ ကြီးလေ မိုက်တွင်းနက်လေဖြစ်နေပြီ"

"အဖေ…ဘယ်လိုလုပ်ကြမလဲဟင်"

"ဘယ်လိုလုပ်ရမလဲ၊ သက်ဆိုင်ရာကို အကြောင်းကြားရမှာပေါ့၊ ဟိုမှာ ဆရာလေးကိုမြတ်သာတောင် လာနေပြီ၊ သူနဲ့တိုင်ပင်ကြတာပေါ့၊ ခက်တော့ ခက်နေပြီကွာ…"

"ဘာတွေခက်နေတာလဲဗျ"

"ကိုမြတ်သာရေ… ပြဿနာတစ်ခုက ပြီးမယ်မကြဲသေးဘူး နောက်ထပ်အန္တရာယ်တစ်ခုက ဝင်လာပြန်ပြီ"

"ဘာအန္တရာယ်လည်း ကိုကန္တာနဲ့ပတ်သက်ပြန်ပြီလား"

"ပတ်သက်တာမှ တိုက်ရိုက်ကြီးပဲ ဒီလို… ××××××× ××××××× ××××××× ×××××"

ကိုမြတ်သာကို အကြောင်းစုံပြောပြလိုက်တော့သည်။

"ဦးဖိုးအောင်ရဲ့ ရှုးသွပ်မှုပေါ်မှာ ဦးဘချစ်တို့က မိုက်မဲနေကြတာပဲ၊ သက်ဆိုင်ရာကို အကြောင်းကြားပေမယ့် သူတို့ လုပ်မယ့်အချိန်မှာ ဖမ်းဆီးနိုင်ဖို့က အရေးကြီးတယ်၊ ခုနေသွားပြီးဖမ်းရင် သက်သေခိုင်ခိုင်လုံလုံမရှိသေးဘူး၊ ပြီးတော့ ရွာမှာ လူကြီးမတင်မြှောက်ရသေးဘူး၊ နွေဦးသူငယ်ချင်း ကိုလေးစံနဲ့တိုင်ပင်ပြီး လုပ်ကြတာပေါ့"

"ဘချစ်…ဘချစ်… နောက်တစ်ယောက်ကိုသတ်ဖို့ ပြင်ဆင်နေပြန်ပြီ"

"ဖေဖေ…ဦးဘချစ်က ပထမတစ်ယောက်ကို သတ်ဖူးတယ်ပေါ့"

"ဒီအကြောင်းတွေကိုပြောရင် ဖေဖေလည်း အပြစ်မကင်းပါဘူးကွယ်၊ ဒီတုန်းက ဖိုးအောင်စကားကို ယုံစားမိလို့ ဖေဖေကိုယ်တိုင် အမှားကြီးတစ်ခုထဲမှာ ပါဝင်ခဲ့ဖူးတယ်၊ ဒီအကြောင်းတွေကို ပြန်ပြီးစဉ်းစားတိုင်း တခွေခွေခြောက် သလို ဖြစ်နေခဲ့တယ်"

"သမီးတို့ကိုပြောပြပါလား ဖေဖေ"

ဦးသာကျော် တစ်ချိန်တုန်းက မြလေးရဲ့ရွာကလေးသွင်







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်ခဲ့သော ဒိုးကြီးနှင့်ပတ်သက်သောအကြောင်းလေးကို ပြန်လည်ပြောပြလိုက်လေသည်။

"ဟင်...ဖေဖေရယ်..."

"ဒိုးကြီးကို သတ်တဲ့နေ့က ဖေဖေကိုယ်ထိလက်ရောက် မပါဝင်ခဲ့ပေမယ့် ဖေဖေ သတ်ကြတဲ့လူစုထဲမှာ လိုက်ပါခဲ့တယ်"

"နေရာမှာတင် သေသွားခဲ့တာလားဖေဖေ"

"ဒိုးကြီးဆိုတဲ့သူဟာ ဖေဖေတို့လူအုပ်စုများလို့သာခံရပေမယ့် သိပ်ပြီးလျင်တဲ့ကောင်၊ ဒဏ်ရာတွေနဲ့ သူ့ဇရပ်ကို ရောက်အောင်ပြေးနိုင်ခဲ့တယ်၊ ဖေဖေတို့လည်း နောက်ကလိုက်ကြသေးပေမယ့် ဇရပ်ပေါ်မှာ ဒိုးကြီးရဲ့အလောင်းကိုပဲတွေ့ရပြီး ကလေးနဲ့ ဗုံတိုကိုတော့ မမီလိုက်ဘူး၊ ဒါကြောင့် ဘချစ်က ဖိုးကြူကိုကလေးရော ဗုံတိုကိုပါ အပြတ်ရှင်း ခိုင်းခဲ့တယ်'

"ကလေးပါ သတ်ခဲ့တာပေါ့"

"ဖိုးကြူပြောတာတော့ ဗုံတိုရော ကလေးပါ သတ်ပြီး မြစ်ထဲမှာ ခဲဆွဲပြီး မြှုပ်ခဲ့တယ်လို့ပြောတာပဲကွယ်၊ ဖေဖေ့မျက်စိ





နဲ့တော့ မတွေ့ခဲ့ပါဘူး"

"သူတို့သတင်းဘာမှဆက်ပြီး မကြားရတော့ဘူးပေါ့"

"ဒီကတည်းက ဘာမှမကြားရတာပဲကွယ်"

"ဖိုးကြူဆိုတဲ့လူကြီးကရော ခုထိ ရှိနေတုန်းလား ဦးလေး"

"ရှိသေးတယ်၊ ရွာမှာတော့မနေတော့ဘူး၊ ငါတို့ရွာနဲ့ (၃)ရွာလောက်ခြားတဲ့ ရွာဦးမှာနေတယ်၊ သူလည်း နောင်တတရားတွေရပြီး ဘာသာရေးသမားဖြစ်နေပါပြီကွာ"

"ဦးဒိုးကြီး ပိုင်ဆိုင်တဲ့ လယ်ယာတွေနဲ့ငွေကြေးတွေကို ဦးဘချစ်နဲ့ ဒေါ်ကြာကျ အပိုင်စီးလိုက်ကြတာပေါ့"

"ဟုတ်တယ်သမီး... ဒေါ်ကြာကတော့ သူ့ရဲ့မကောင်းတဲ့ အကုသိုလ်ဒဏ်ကိုခံနေရပါပြီ၊ သူ့အပေါ်မှာ ဘချစ်က အယုံသွင်းပြီး ပစ္စည်းတွေနဲ့လယ်ယာတွေကို မောင်ပိုင်စီးသွားတယ်လေ၊ နောက်ဆုံးတော့ ဘချစ်နဲ့ ဖိုးအောင်တို့ပဲ ကောင်းစားနေတာပေါ့၊ ဖိုးအောင်ခုလို နေနိုင်စားနိုင်တာတွေဟာ ဒိုးကြီးရဲ့ လယ်ယာကရတဲ့ငွေကြေးတွေပဲ၊ ဖေဖေ့ကို ဒိုးကြီးပိုင်ဆိုင်တဲ့လယ်ယာ မြေ(၃)

www.burmeseclassic.com



ကွက်ကိုပေးပါတယ်၊ သမီးမေမေက လက်မခံခဲ့ဘူး၊ ဖေဖေလည်း အိုးကြီး သေပြီးနောက်ပိုင်းမှာ စိတ်ထဲမှာ အရမ်းကိုခံစားခဲ့ရပြီး သူတို့လုပ်ရပ်တွေကို ရွံလာတယ်၊ ဒါပေမယ့် ဒီရွာမှာ သူတို့သြဇာ ကြီးထွားနေတော့ သူတို့အကြိုက်ပဲ နေထိုင်နေခဲ့ရတာ ခုချိန်ထိဆိုရ မှာပေါ့ကွယ်၊ ခုတော့ ခေတ်စနစ်ကြီးက ပြောင်းလဲသွားပြီလေ၊ မြလေးရုံရွာမှာ ဘာမဆို လုပ်တိုင်းဖြစ်နေတဲ့ ဦးဘချစ်ရဲ့သားနဲ့ မြေးကို ထောင်ချလိုက်ပြီဆိုတော့ သူတို့ရဲ့အခြေအနေတွေဟာ ကျဆုံးခန်းကို ရောက်ပြီဆိုတာ ပြသလိုက်တာပဲ၊ ဒါကို ဘချစ် သဘောမပေါက်နိုင်ဘဲ ဆက်ပြီးမိုက်ဦးမယ်''

''မကောင်းမှုရဲ့ဇာတ်သိမ်းခန်းဟာ မလှပနိုင်ပါဘူးဖေဖေ၊ ဦးဘချစ် သူပြုခဲ့တဲ့ မကောင်းမှုဒဏ်ကို ပြန်ပြီးခံရမှာပါ''

''ဖေဖေလည်း ဘချစ်နဲ့ ပတ်သက်ပြီး အမှန်တရားဘက်မှာ ဘယ်လိုအပြစ်ပဲခံရခံရ ဖော်ထုတ်ပေးမယ်သမီး၊ ဖေဖေကိုငဲ့ပြီး ဘချစ်အပြစ်တွေကို မဖုံးကွယ်နဲ့ ဖော်ထုတ်မယ်ဆိုရင် ဖော်ထုတ် လိုက်ပါ၊ ဖေဖေရင်ဆိုင်ဖို့ အသင့်ရှိတယ်၊ ဒါမှ ဒိုးကြီးနဲ့ ပတ်





သက်ပြီး ဖေဖေ့စိတ်တွေ ကြည်လင်သွားမှာသမီး''

နွေဦးပန်း ဖခင်ဖြစ်သူကို ကြည့်ပြီး သက်ပြင်းကလေး ချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

မုတ်သုန်လေရူးကလေးမှာ မြစ်ရေပြင်ကိုဖြတ်ကျော်ကာ တိုးဝှေ့တိုက်ခတ်နေလေသည်။မိုးရာသီရောက်ပြီဆိုရင် တာကြီးရဲ့ အန္တရာယ်ကို တစ်နှစ်တစ်ခါ ကြုံရတတ်ပေမယ့် ယနေ့အချိန် ထိတော့ နှစ်ရှည်ခိုင်ခံ့အောင်ပြုလုပ်ခြင်းမရှိ ကြသေးပေ။

မိုးရာသီလောက်သာ လုပ်ကိုင်ကြပြီး ပြီးစလွယ်သဘောသာ ထားကြလေသည်။ ယခုအခါ မိုးရာသီကိုပင်ရောက်နေသော်လည်း တာကြီးကို ပြုပြင်ခြင်းမရှိကြသေးပေ။

ရွာမှလူတွေ မဖြစ်မနေလုပ်တတ်ကြသည့်မှာ ဂမ္ဘီရဆရာ





ကြီး ဦးဖိုးအောင်၏ နက္ခက်ပညာနှင့် တွက်ချက်လုပ်ကိုင်သော ကမ္ဘီရ ၄က်ပျော်ပွဲတွေကို တာကြီးပေါ်မှာထိုးကြပြီး ကြက်၊ ဝက်၊ ဆိတ်တွေနှင့် ပူဇော်ပသကြသည်မှာ အစဉ်အလာမပျက်ခဲ့ကြ၊ ဒီနှစ်တော့ ဦးဖိုးအောင်နှင့် ဦးဘချစ်တို့ သောကဖိစီးနေကြသော ကြောင့် တာကြီးကိစ္စကိုပင် လှည့်မကြည့်နိုင်ကြသလို မြစ်ရေမှာ အရင်နှစ်တွေလိုမဟုတ် တည်ငြိမ်နေဆဲဖြစ်သည်။

နွေဦးပန်း တာကြီးဘက်ဆီသို့ စိတ်ကူးလေးနှင့် တစ်ယောက်ထဲတွက်လာခဲ့သည်။ ထိုအကျင့်ကလေးမှာ နွေဦးပန်း ခုမှမဟုတ် အထက်တန်းကျောင်းသူဘဝကတည်းက ကျောင်းပိတ်ရက် ရွာကိုရောက်သည့်အခါတိုင်း ခုလိုပဲ တာကြီးပေါ်သို့ တစ်ယောက်တည်းလာနေကျပင်ဖြစ်သည်။ တာကြီးပေါ်မှ မြစ်ရေပြင်ကို ကြည့်ပြီး ရင်ထဲမှာ ကြည်နူးတတ်သူတစ်ဦး···

"ဟယ်···"

တာကြီးကို မနှစ်က ဖို့ထားသောနေရာတွင် ကန္တာကိုတွေ့လိုက်ရသည်။ နွေဦးပန်းလာနေသည်ကို ကန္တာသတိ ပြုမိပုံမရ



www.burmeseclassic.com

www.burmeseclassic.com



တာဖို့ထားသောနေရာကိုသာ စိတ်ဝင်စားစွာကြည့်နေလေသည်။ ကန္တာနှင့် သိပ်ပြီးမဝေးသောနေရာကို ရောက်မှ နွေဦးရောက်နေသည်ကို သတိပြုမိလိုက်သည်။

"ကိုကန္တာ ဒီမှာဘာလာလုပ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး လမ်းထွက်ပြီးလျှောက်နေတာပါ"

"မနွေဦးပန်းရော"

"ကျွန်မလည်း လမ်းလျှောက်ထွက်လာတာ ညနေခင်းနဲ့ မြစ်ရေပြင်ဟာ စိတ်ကိုကြည်နူးချမ်းမြေ့တယ်"

"သောက ကင်းတဲ့သူတွေအတွက်တော့ ဟုတ်မှာပေါ့"

"ကိုကန္တာက သောကမကင်းဘူးလို့ ဆိုလိုတာပေါ့"

"ကိုယ်ပိုင်သောကရယ်ကတော့ မရှိသလောက်ပါပဲဗျာ"

"ကိုယ်ပိုင်သောကမရှိဘူးဆိုရင် အများနှင့် သက်ဆိုင်တဲ့ သောကမျိုးတော့ ရှိနေတယ်ပေါ့"

"ဟုတ်တယ်လို့ဆိုရမှာပဲ"

"ကျွန်မတို့ရွာနဲ့ ပတ်သက်နေလားဟင်"





ကန္တာ နွေဦးပန်းစကားကို ချက်ချင်းမဖြေသေးဝဲ တာကြီးအောက်ခြေပိုင်းကို ငေးကြည့်ပြီးမှ…

"မြလေးရုံရွာအတွက် ဒီနေရာဟာ အန္တရာယ်ကြီးတစ်ခု ပေးလိမ့်မယ် ထင်တယ်"

"ဟင်.."

"ဒီစကားပြောလို့ စိတ်ထဲက ထင်ယောင်ထင်မှားနဲ့ ပြောတာတော့ မဟုတ်ပါဘူး၊ မဖြစ်မနေ ကြုံလာနိုင်တယ်၊ ဒီနေရာဟာ အရှေ့ဘက်မြစ်ကြောင်းတိုက်ရိုက်ထိတွေ့ပြီး ရေတိုက်စားမှု အားကောင်းတဲ့နေရာတစ်ခုဖြစ်လို့ အောက်ခြေပိုင်းမှာ မာသလိုထင်ရပေမဲ့ အတွင်းရေနုက်ပိုင်းထဲမှာလှိုက်စားနေပြီ မနွေဦးပန်း၊ ကမ်းရဲ့အပေါ်မှာ တည်ဆောက်ထားတဲ့တာဟာ အပေါ်ယံလောက်ကို တုပ်ရိုက်ပြီးဖို့ထားတာ၊ တကယ်လို့ကမ်းပြိုပြီးရေအားပါလာရင် သေချာပေါက် ကျိုးထွက်သွားမှာ"

ကန္တာ၏ ထွက်ချက်ပြောဆိုမှုတွေမှာ သာမန်လူတစ်ယောက်၏အမြင်နှင့် ပြောဆိုနေခြင်း မဟုတ်ဘဲပညာရှင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဖြင့် ပြောဆိုနေခြင်းနှင့် တူနေသည်။

"ဒီတာကြီးကျိုးရင်တော့ ရွာကိုရေလွှမ်းသွားမှာပေါ့နော်"

"မြစ်နဲ့အနီးကပ်ဆုံးရွာလေးဖြစ်နေတော့ ရေဘေး အန္တရာယ်ကို ကြုံလာနိုင်တယ်၊ တကယ်ဆို မိုးမကျခင်ကတည်းက ဒီတာကြီးရဲ့ အဓိက အားနည်းချက်တွေကို ပြင်ထားသင့်တယ်"

"ခုနေလုပ်ရင်ရော မရနိုင်ဘူးလား"

"လုပ်မယ်ဆိုရင် လူအင်အားအပြည့်နဲ့ ညီညီညွတ်ညွတ်လုပ်နိုင်မှရမယ် နွေဦးပန်း"

"ကျွန်မတို့ရွာမှာ ညီညွတ်ဖို့ဆိုတာ မလွယ်လှပါဘူး"

"တံတားတုန်းက တစ်ယောက်တည်းလုပ်လို့ရတဲ့ ကိစ္စဖြစ်ပေမယ့် ခုလိုတာကြီးကိုတော့ တစ်ယောက်တည်းလုပ် လို့မရနိုင်ဘူး၊ ဒါကိုတွေးပြီး စိတ်မကောင်းဖြစ်နေတာပါ"

"ရွာမှာလည်း လူကြီးမရှိတဲ့ကာလ ရပ်မိရပ်ဖဆိုတဲ့ လူကြီးတွေကလည်း မဖြစ်မနေသာ ရွာအတွက်အုပ်ချုပ်ဖို့ နေရာပေးထားရတာ၊ ခုလိုကိစ္စတွေမှာ အတွေးအခေါ်အရမ်းကို အားနည်းကြ





တယ်၊ ကျွန်မတို့ အားကိုးစရာဆိုလို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေပဲ ရှိတော့တယ်"

"သက်ဆိုင်ရာက ဆောင်ရွက်ပေးလည်း ရွာကလူတွေပါဝင်ခြင်းမရှိရင် လုပ်ငန်းပိုင်းမှာ အောင်မြင်မှာ မဟုတ်ဘူး၊ အချိန်က သိပ်ပြီးနီးကပ်နေပြီ နွေဦးပန်း"

"မြစ်ရေအခြေအနေက ခုထိတော့ စိုးရိမ်စရာမရှိသေးဘူးနော်"

"မြစ်ရေတိုးမှုမရှိပေမယ့် မြစ်ရေထဲမှာ ရေဝါတွေလိုက်နေတာကို သတိထားမိလား"

"ဟင့်အင်း…ကိုကန္တာပြောမှ သတိထားမိတာ အဲဒါဘာဖြစ်တာလဲဟင်"

"မြစ်အောက်က နုံးရေတက်တဲ့သဘောပါ၊ ဒီလိုပုံစံမျိုးကြောင့် မြစ်ရေတက်မှုဟာ မထင်မှတ်ဘဲ တက်လာနိုင်တယ် ရေအောက်ကြမ်းပြင်ပြောင်းလဲမှုတစ်ခု ဆိုရမှာပေါ့"

"ကိုကန္တာကို တစ်ခုမေးချင်တယ် အမှန်တိုင်းဖြေမှာလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်''

''နွေဦးပန်းသိချင်တာကို မကွယ်ဝှက်ဘဲ ဖြေပါ့မယ်''

''ဆရာကိုမြတ်သာက ပြောဘူးတယ် ကိုကန္တာဟာ အင်ဂျင်နီယာတစ်ဦးလို ပညာရှင်တစ်ဦးဖြစ်နိုင်တယ်တဲ့''

''ကျွန်တော့်အခြေအနေကို ဒီလောက်ထိအထင်ကြီးတာတော့ မကောင်းပါဘူးဗျာ၊ ဒီလောက်အဆင့်ထိ မဖြစ်လောက်ပါဘူး၊ ကျွန်တော် လုပ်ကိုင်ပြောဆိုနေတာတွေက ကြားဖူးနားဝတွေပါ…အထင်မကြီးပါနဲ့''

''ကိုကန္တာ ကျွန်မကို မကွယ်ဝှက်ဘူးဆိုတဲ့စကားပေါ်မှာ ထပ်ပြီး ညာလိုက်တာပေါ့ ဟုတ်လား''

''ကျွန်တော်မေးမယ် မနွေဦးပန်းကလည်း ဆရာကိုမြတ်သာလိုပဲ ကျွန်တော့်ကို ထင်တာလား''

''ပထမတော့ ခိုင်ခိုင်မာမာမသတ်မှတ်ထားပါဘူး၊ ခုတော့ သတ်မှတ်လိုက်ပြီ''

''ဘာကြောင့်လဲ''





''ကိုကန္တာ ခုပြောဆိုနေတဲ့ တာကြီးရဲ့ အခြေအနေဟာ သာမန်အတွေ့အကြုံရှိတဲ့လူတွေတောင် မတွက်ချက်နိုင်ဘူး၊ ဒီအခြေအနေကို တွက်ချက်နိုင်တာ အင်ဂျင်နီယာပညာရှင်တွေပဲ တွက်ချက်နိုင်ကြတာလေ၊ ကိုကန္တာက ကျွန်မကို ခပ်ညံ့ညံ့ကျောင်းဆရာမတစ်ယောက်လို့ သဘောထားပြီးဖြေရင်တော့လည်း ခပ်ညံ့ညံ့ပဲ သဘောထားလိုက်ပါ့မယ်''

မြစ်ရေပြင်ဆီသို့ ရွံ့ခဲလေးတွေကို ကန္တာပစ်ရင်း…

''ကျွန်တော်ညာချင်လို့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ရဲ့ ရည်ရွယ်ချက်လေး အကောင်အထည်မဖော်ရသေးခင်မှာ ဘယ်သူမှ မသိစေချင်လို့ ဖုံးကွယ်ထားတာပါ''

''ကျွန်မကို မယုံကြည်လို့လား ကိုကန္တာ''

''မယုံကြည်လို့မဟုတ်ပါဘူး၊ အမှန်တိုင်းပြောရရင် မနွေဦးပန်းဟာ ဦးသာကျော်ရဲ့သမီးဖြစ်နေလို့ပါ''

''ရှင်… ကျွန်မဖေဖေနဲ့ ကိုကန္တာကြားမှာ ဘာအကြောင်းတွေ ရှိခဲ့လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



“မနွေဦးပန်း ဖခင်ဦးသာကျော်ဟာ ကျွန်တော့်ကို သတ်ချင်နေတဲ့လူတစ်ယောက်ပါ”

“ဟယ်”

“တစ်ချိန်က ကျွန်တော့်မွေးစားဖခင်ကြီးကို သူတို့သတ်ခဲ့ပြီး ကျွန်တော့်ကို သတ်ဖို့ကြိုးစားခဲ့တယ် မနွေဦးပန်း”

“ကိုကန္တာ ရှင်ဟာ ဦးဒိုးကြီးရဲ့သား ဒိုးလေးဆိုတာပေါ့နော်”

“ဟုတ်ပါတယ်…ကျွန်တော်ဟာ ဦးဘချစ်၊ ဦးဖိုးအောင်နဲ့ ဦးသာကျော်တို့ သတ်ခဲ့တဲ့ ဦးဒိုးကြီးရဲ့မွေးစားသား ဒိုးလေးပါ”

“ကိုကန္တာကို ဖိုးကြူတို့ကသတ်ပြီး မြစ်ထဲကိုပစ်ချလိုက်တယ်ဆိုတာ မဟုတ်ဘူးပေါ့”

“ဒီအဖြစ်အပျက်ကြီးကို ဒုတိယမွေးစားဖခင်ကြီး ဦးဖုံတိုကပြောပြခဲ့တာလေးကို ပြောပြပါ့မယ်၊ မနွေဦးပန်း နားထောင်ချင်တယ်ဆိုရင်ပေါ့”

“ကျွန်မ နားထောင်ချင်ပါတယ်”





“ကျွန်တော်နဲ့ အဖေဖုံတိုတို့ လွတ်မြောက်ရာကို ပြေးကြရင်း ရွာနဲ့ အတော်ဝေးတဲ့ မြစ်ဆိပ်နားတစ်ခုကို ရောက်ခဲ့ကြပေမယ့် မြစ်ဆိပ်မှာ မော်တော်တစ်စီးမှ မရှိတော့ဘူး၊ မြစ်ဆိပ်မှာရှိတဲ့ တဲကလေး တစ်ခုမှာ မိုးခိုနေကြတယ်၊ တစ်လမ်းလုံး မိုးမိပြီး ကျွန်တော်ဟာ အဖျားတွေ တက်ခဲ့တယ်၊ ဒီအချိန်မှာပဲ ဦးဖိုးကြူနဲ့ လူ(၃)ယောက် ဓါးတွေနဲ့ ရောက်လာခဲ့ကြတယ်”

“ဖုံတို မင်းတို့ ပြေးလို့မလွတ်ပါဘူးကွာ”

“ဖိုးကြူ မင်းတို့ဆီမှာ စာနာမှုတရားဆိုတာ ရှိကြသေးရဲ့လား၊ ဒီကလေးဟာ ဘာမှအပြစ်မရှိတဲ့ ကလေးပါကွာ၊ ခုလည်း အဖျားတွေတက်နေတယ်”

“ဖေဖေဒိုးကြီး…သားတို့ကိုကယ်ပါဦး အီး…အီး”

“ဖိုးကြူ မင်းတို့အမြင်ပဲကွာ မင်းတို့သတ်ချင်နေတယ်ဆိုရင် ငါ့ကိုအရင်သတ်ပြီးမှ ကလေးကိုသတ်ကြကွာ”

ပြောပြောဆိုဆိုဖုံတိုသည် ဖိုးကြူရှေ့တွင် ဒူးထောက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း....ဂျိမ်း"

......ကောင်းကင်ထက်တွင် မိုးခြိမ်းသံများနှင့် လျှပ်စီးလက်သံတွေကြောင့် ဖိုးကြူတို့သည် သူတို့အာရုံထဲမှာ ရက်စက်လိုစိတ်များ ပျက်ပြယ်သလို ဖြစ်သွားကြသည်။

"ဗိုတို ထပါကွာ ငါတို့မင်းကို မသတ်ချင်တော့ဘူး ဒါပေမယ့် နောက်မှာ ဦးသာကျော်ပါလာတယ်ကွ... ငါတို့က မင်းကို မသတ်ရင် ငါတို့ကိုသူကသတ်ဖို့ လိုက်လာတာ ဒီလိုလုပ်ကွာ၊ မင်းအဝတ်အစားနဲ့ ကလေးအဝတ် အစားတွေပေး... မင်းတို့ ဟိုသစ်ပင်ကြီးနောက်မှာ သွားပုန်းနေတော့ ညပ်ကြီးနဲ့ စိုးတင့် မင်းတို့နှုတ်တွေလုံနော်"

"စိတ်ချပါကွာ ငါတို့က မင်းခေါ်လို့သာလိုက်လာရတဲ့ လူတွေပါ သတ်ချင်စိတ် လုံးလုံးမရှိဘူး၊ ဟိုမှာမီးရောင်ကိုမြင်နေရပြီ"

"ဗိုတို သွားတော့"

"မင်းတို့ကျေးဇူးကို မမေ့ပါဘူး ဖိုးကြူရာ"





မိုးရေထဲမှာ ကလေးရော ဗိုတိုပါ အင်္ကျီမပါဘဲ သစ်ပင်ကြီးနောက်ကို ပြေးရပြန်သည်။

"ဖိုးကြူတွေ့လား"

"ကိုသာကျော် ခုလေးတင်မြစ်ထဲမှာ မြှုပ်ပစ်လိုက်ပြီ"

"ဟုတ်ရဲ့လား"

"ဒီမှာ ခင်ဗျားမယုံမှာစိုးလို့ ဗိုတိုအင်္ကျီနဲ့ ကလေးအင်္ကျီကို ချွတ်ယူလာတယ်"

ဦးသာကျော် သေချာစွာ အင်္ကျီတွေကို ကိုင်ကြည့်ပြီး...

"သေချာသွားပြီ၊ ဟူး...ခုမှပဲကြိုပ်ဆိုးတွေကို တစ်ယောက်မကျန်ရှင်းနိုင်တော့တယ်၊ သွားကြမယ်ဟေ့"

ဦးသာကျော်နှင့် ဖိုးကြူတို့ ပြန်သွားပြီးမှ သစ်ပင်ကွယ်မှ ထွက်တော့ ဒိုးလေးတစ်ယောက် သတိပင် လစ်နေလေပြီ။

"သား...သား...ဒိုးလေး အားတင်းစမ်းပါကွယ် ဖေဖေတို့ လွတ်မြောက်ပါပြီ သားလေး..."

ကိုယ်တွေခြစ်ခြစ်တောက်ပူနေတော့ ဒိုးလေးကို ဗိုတိုဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေပင် ကျနေတော့သည်။

"ငါ့သားလေး မသေရဘူး မသေရဘူး"

ဗုံတိုတစ်ယောက် အရူးသဖွယ် ဖြစ်နေချိန်မှာ ကံကောင်းထောက်မစွာနှင့် မော်တော်လေးတစ်စီးကမ်းသို့ကပ်လာသောကြောင့် ဗုံတို မော်တော်ဆီသို့ ပြေးသွားပြီး လူတွေကို အသနားခံတော့သည်။ ဒိုးလေးကံကောင်းစေခဲ့သည်မှာ ဆေးရုံမှ ကျေးရွာများတွင် ဆေးကုသပြီး ပြန်လာခဲ့သော အထူးကုဆရာဝန်များ၏အဖွဲ့မော်တော်ဖြစ်ခဲ့လို့ ဒိုးလေးအသက်ကို အချိန်မီလေးကယ်တင်နိုင်ခဲ့ကြတယ်။

"တော်သေးတာပေါ့ ကိုကန္တာရယ်"

"ကျွန်တော့်ဘဝအတွက် အပြောင်းအလဲတစ်ခုဖြစ်ဖို့ အခြေပြုခဲ့တယ်ပဲ ဆိုရမှာပေါ့ မဒွေဦးပန်း... မြို့ကိုရောက်တော့ ဖေဖေဗုံတိုဟာ ဆရာဝန်ကြီးတွေ ပေးကမ်းတဲ့ငွေကြေးလေးနဲ့ မြို့က ဘုန်းကြီးကျောင်းမှာခိုကပ်နေပြီး သားအဖနှစ်ယောက် ဘဝကို ရပ်တည်ခဲ့ကြရတယ်၊ အလုပ်ရှိတဲ့အခါ အပြင်မှာ သွားလုပ်ကိုင်ပြီး အလုပ်မရှိတဲ့အခါ ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စတွေကူလုပ်ပေးပြီးစားသောက်ခဲ့ကြရတယ်၊ ဒီလိုနဲ့ တစ်နေ့ဖေဖေဗုံတို ခြေထောက်သံစူးပြီး နောက်ဆုံးဆေးရုံတင်ရတဲ့ အဆင့်ကို ရောက်ခဲ့တယ်"

"ကံဆိုးမှုတွေဟာ ကိုကန္တာနောက်ကို အလွတ်မပေးပဲ လိုက်ခဲ့တာပဲနော်"

"ကံဆိုးခြင်းတွေကြောင့် ကံကောင်းခြင်းဖြစ်ပေါ်ခဲ့ရတယ်လို့ပဲ ဆိုရမှာပေါ့...ဖေဖေဗုံတို ဆေးရုံတက်ချိန်မှာ (၄)နှစ်သားကျွန်တော်ဟာ ဖေဖေနားမှာနေပြီး ဘေးခုတင်မှလူနာရှင်တွေ ကျွေးမွေးတာလေးကို စားသောက်ခဲ့ရင်းနဲ့ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မာလာသင်းနဲ့ ဆုံခဲ့ရပြီး ကျွန်တော့်ကို သားအဖြစ်မွေးစားခဲ့တယ်၊ ဖေဖေဗုံတိုကိုလည်း သူ့အိမ်မှာ မိသားစုသဖွယ်ဝိုင်းကူလုပ်ကိုင်ဖို့ ခေါ်ထားခဲ့တယ်၊ ဒေါ်ခင်မာလာသင်း ကျွန်တော့်ကို မွေးစားရခြင်း အကြောင်းရင်းမှာ သူ့မောင်လေးပေါ်ဦးကရုပ်ရည်နဲ့ ကျွန်တော်ဟာ အတော်လေးကို တူနေတာကြောင့်လေ၊

www.burmeseclassic.com



နောက်တော့ ဖေဖေဖုံတိုက ကျွန်တော့် မိခင်နဲ့ဖခင်ကြီးတွေ မြလေးရုံရွာလေးကို ရောက်လာခဲ့ကြပုံနဲ့ နာမည်တွေကို ပြောပြတော့မှ ကျွန်တော်ဟာ ဒေါက်တာ ဒေါ်ခင်မာလှသင်းရဲ့ တူ ဖြစ်ခဲ့ရတယ်''

''ကိုကန္တာဖေဖေနဲ့ မေမေက ဘာလို့ရွာကို ရောက်ခဲ့ကြရတာလဲဟင်''

''ဖေဖေဟာ အရမ်းကို မာနကြီးတယ်၊ မေမေနဲ့ယူရမလားဆိုပြီး အစ်မသူဖြစ်က ပြောဆိုတာလေးနဲ့ စိတ်ဆိုးပြီး တစ်ခါတည်း ခြေရာဖျောက်သွားခဲ့ကြတယ်၊ အစ်မဖြစ်သူက စိတ်ဆိုးတုန်း ပြောခဲ့ပေမယ့် မောင်လေးတစ်ယောက်တည်း ရှိခဲ့တာမို့ စိတ်ပြေတော့ လိုက်ရှာပေမယ့် ဘယ်လိုမှ သတင်းအစအန မရခဲ့ဘူး၊ ကျွန်တော်နဲ့ဆုံမှ ဖေဖေနဲ့မေမေ ဘယ်မှာနေတယ်ဆိုတာကို သိရတာ''

''တော်သေးတာပေါ့နော် ကံကြမ္မာက အဒေါ်အရင်းကြီးဆီကို ပြန်ပြီးပို့ပေးခဲ့လို့''





''ဒေါ်လေးရဲ့ ပြုစုပျိုးထောင်မှုအောက်မှာ ဗိသုကာ အင်ဂျင်နီယာဘွဲ့ကို ရခဲ့တယ်''

''ကျွန်မ နောက်ဆုံးအမေးကလေးကိုတော့ ဘာကိုမှ မငဲ့ကွက်ပဲ ပြောပေးပါနော်၊ ကိုကန္တာ မြလေးရုံရွာကို ပြန်လာတာ လက်စားချေဖို့လားဟင်''

''ဟုတ်ပါတယ်''

''ရှင်''

ဖခင်ဖြစ်သူမှာ ရက်စက်သူတွေထဲမှာ ပါဝင်နေသောသူဖြစ်ခြင်းကြောင့် နွေဦးပန်းခေါင်းလေးကိုငုံ့ပြီး ဘာမှ မပြောဝံ့တော့ချေ။

''ကျွန်တော်လက်စားချေမယ်ဆိုတာက သူတို့လို ရက်စက်ခြင်းတွေနဲ့ မဟုတ်ပါဘူး''

''ဘယ်လိုလက်စားချေခြင်းမျိုးနဲ့လဲဟင်''

''မြလေးရုံရွာကြီးကိုဒုက္ခတွေ အန္တရာယ်တွေပေးဖို့ ရောက်လာတဲ့ ဘီလူးလေးဟာ မြလေးရုံရွာကြီးကိုအကောင်းဆုံး လုပ်ပေးနိုင်သူတစ်ဦးအဖြစ်နဲ့ရယ် ဦးဖိုးအောင်နဲ့ဦးဘချစ်တို့ကို ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကြီးနောင်တရစေအောင် ဒီရွာကို လာခဲ့တာပါဗျာ"

"ကိုကန္တာစိတ်ဓာတ်ဟာ ချီးကျူးဖို့ကောင်းပါတယ် မြင့်မြတ်တဲ့စိတ်ဓာတ်ပိုင်ရှင်တစ်ဦးပါပဲရှင်"

"ကိုကန္တာ ခုလိုထွက်လာတာကို အိမ်ကခွင့်ပြုလား"

"အန်တီကြီးဆီက (၁)နှစ် ခွင့်တောင်းပြီး ထွက်လာခဲ့တာပါ၊ (၁)နှစ်ပြည့်တာနဲ့ နိုင်ငံခြားကို ဗိသုကာဘွဲ့ တစ်ခုထပ်ယူဖို့ သွားရဦးမယ်"

"ကိုကန္တာ"

"မနွေဦးပန်း ဘာမေးချင်သေးလို့လဲ"

"ကျွန်မဖေဖေ့အတွက် ကျွန်မတောင်းပန်ပါရစေ"

"ဖြစ်ပျက်ခဲ့တာတွေဟာ ကျွန်တော့်ကံကြမ္မာရဲ့ စေစားမှုတွေပါမနွေဦးပန်းရယ်..."



## အခန်း (၁၁)

"ဦးဖိုးအောင်အိမ်မှာ ရွာဦးက လူ(၃)ယောက်ကို တွေ့ခဲ့တယ် နွေဦး"

ဆန်းထူးဆီမှ ကြားရသော သတင်းကြောင့် ဦးဘချစ်နှင့် ဦးဖိုးအောင်တို့ ကန္တာကို သတ်ဖြတ်ရန်စီစဉ်နေကြမည်ကို သဘောပေါက်လိုက်သည်။

"ဆန်းထူး..မင်းဒီကောင်တွေကို တွေ့ဖူးလား"

"တွေ့ဖူးတယ် ဦးလေးသာကျော်၊ ဒီကိုရောက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေထဲမှာ ဘာပုဆိုတဲ့ကောင်က ဓားပြမှုနဲ့ထောင်က လွတ်လာတာ မကြာသေးဘူး၊ ကျန်တဲ့(၂)ကောင်ကတော့ ရွာဦးမှာ ဆိုးပေနေတဲ့ ကောင်တွေ"

"သမီး ဆရာလေးမြတ်သာကို ခေါ်သွားပြီးကွယ် ဘာတွေ လုပ်ရမယ်ဆိုတာကို တိုင်ပင်ကြရအောင်"

"ဖေဖေ ရွာလူကြီးရွေးချယ်ဖို့အတွက် ဘုန်းကြီးကျောင်းကို သွားရဦးမယ်မဟုတ်လား"

"ဘုန်းကြီးကျောင်းက ညနေမှသွားရမှာ"

နွေဦးပန်းသည် အိမ်မှ ကိုမြတ်သာနေထိုင်သော စာသင်ကျောင်းဆီသို့ ထွက်လာရာလမ်းတွင် လူစိမ်း(၃)ယောက်နှင့် မျက်နှာချင်းဆိုင်တိုးလေသည်။

"အလဲ့...မြလေးရုံရွာရဲ့ အလှကေရီလေးဆိုတာ သူပဲဖြစ်မယ်"

"သေချာလောက်တယ် ဆရာပု ဒီလောက်လှတဲ့ အလှပိုင်ရှင်လေးကို ခုမှတွေ့ဘူးတယ်...ဟဲဟဲ"



နွေဦးပန်းသွားမည့်လမ်းကို ပိတ်ပြီးရပ်နေကြသည်။

"ရှင်တို့ ဒါဘာလုပ်တာလဲ... လမ်းဖယ်နော်"

"မင်းလေးနဲ့ မိတ်ဆွေဖြစ်ချင်လို့ပါ၊ နာမည်လေးဘယ်လိုခေါ်လဲ သိပါရစေ"

"ရှင်...လွှတ်နော်"

"ချစ်စရာကောင်းလို့ပါကွာ"

နွေဦးပန်းလက်ကို အတင်းဆွဲတော့သည်။

"မင်းတို့အပြုအမူတွေက သိပ်ပြီးရိုင်းလွန်းတယ်"

"ကိုမြတ်သာ"

ကိုမြတ်သာရောက်လာပေမယ့် နွေဦးပန်းလက်ကို လွှတ်ပေးခြင်းမရှိသေး။

"မင်းကဘာကောင်လဲ၊ သူရဲကောင်းကြီး ဝင်လုပ်ချင်တဲ့ သဘောပေါ့"

"ကြာပါတယ် ဆရာပုရယ်...ကဲကွာ"

"ခွပ်...အင့်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြတ်သာ"

ဘပုတပည့်နှစ်ယောက်တိုက်ခိုက်မှုကြောင့် ကိုမြတ်သာ တစ်ဖက်သို့လဲကျသွားသည်။ ထိုမြင်ကွင်းကို ရွာသားတချို့ တွေ့နေပေမယ့် ဝင်ရောက်ကူညီခြင်းမရှိဘဲ မဆိုင်သလို နေနေကြသည်။

"ရှင်တို့ မတရားအနိုင်မကျင့်နဲ့ ရပ်ကြစမ်း"

"ဟား…ဟား…ဟား…"

ကိုမြတ်သာကို တစ်ယောက်ကချုပ်ပြီး တစ်ယောက်က ထိုးဖို့ပြင်နေစဉ်….

"ဖြောင်း….အီး"

"ကိုကန္တာ…"

ကိုမြတ်သာရှေ့ကလူကို ခုန်ကန်လိုက်သဖြင့် ရှေ့သို့ စိုက်ကျပြီး ဘေးမှသစ်ပင်နှင့် ဝင်ဆောင့်သွားကာ ပြန်ပြီးမထနိုင်တော့

"မင်းက အလကားကြီးပဲကွာ"

"ဒုတ်…အင့်…ကျွီးပါပြီ…"





ကန္တာ လှမ်းထိုးသည့်လက်ကို ဖမ်းကိုင်ပြီး လိမ်ချိုးကာ မျက်နှာကို ရိုက်ချလိုက်တော့သည်။

နှစ်ယောက်ကတော့ ပြန်ပြီးခေါင်းထောင်နိုင်ခြင်း မရှိတော့ဘဲ ဘပုတစ်ယောက်သာ ကျန်တော့သည်။

"ထောက်…ဗိုး"

"ကိုကန္တာ သတိထား"

ဘပု သူ့ဓားမြှောင်ကိုထုတ်ပြီး ကိုကန္တာကို ထိုးချလိုက်သည်။

ဘပု၏ ဓားထိုးချက်ကို ကန္တာအသာအယာပင် ရှောင်တိမ်းကာ ထိုလူ၏ အရိုက်တည့်တည့်ကို လက်သီးနှင့်ထိုးချလိုက်သည်။

"အား…"

လဲကျမလိုဖြစ်သွားသော ဘပု၏ ရင်ဘတ်မှ အင်္ကျီစကို ကန္တာဆွဲလိုက်ပြီး….

"မြလေးရုံရွာမှာ မင်းတို့လုပ်သမျှတွေကို ခေါင်းငုံ့ပြီး ခံနေမယ့်ကောင်တွေလို့ မထင်ထားနဲ့ဘပု"



www.burmeseclassic.com

www.burmeseclassic.com



"မင်း…မင်း ငါ့ကိုသိတယ်"

"မင်းကို ဘယ်လောက်ထိသိတားသလဲဆိုတာကို ဆက်ပြီး ပြောရမလား၊ ငါ့ကို သတ်ဖို့ ဦးဘချစ်က ငွေပေးပြီး ခေါ်ထားတဲ့ သူတွေပဲ…ကဲ…မင်းတို့သတ်လေ"

"ငါ…ငါမသတ်တော့ပါဘူး"

ဘပုသည် ကန္တာကို ကြောင်လန့်စွာဖြင့် ပြောနေလေသည်။

"မင်းမသတ်ရင် ငါက မင်းကိုသတ်မှာ"

"ကိုကန္တာ မလုပ်နဲ့"

ကန္တာလက်ကို ကိုမြတ်သာ ဆွဲထားသည်။

"ကိုမြတ်သာ ဒီကောင်တွေကို ဒီတိုင်းတော့ ပြန်ပြီးမလွှတ် နိုင်ဘူး၊ ကိုယ့်ရွာကိုလာပြီး ရဲရဲတင်းတင်းစော်ကားရဲတဲ့ ကျူး ကျော်မှုအတွက် တစ်သက်တာအမှတ်ရစေမယ့် လက်ဆောင်လေး တော့ ပေးလိုက်ဦးမယ်"

"ဖြောင်း…အီး…ကျိုးပါပြီ…"

ဘပုလက်ကို ခြေဖြင့်ကန်ချလိုက်တော့သည်။





"သွားတော့ နောက်တစ်ခါ မြလေးရုံရွာထဲမှာ ခုလိုပုံစံမျိုး နဲ့သာတွေ့ရင် ကန္တာဆိုတဲ့ကောင်အကြောင်းကို ကောင်းကောင်း သိစေရမယ်မှတ်"

ဘပုတို့ (၃)ယောက် ခပ်သွက်သွက်လေးပြေးထွက်သွား တော့သည်။

"ကျေးဇူးတင်ပါတယ် ကိုကန္တာ"

"မဟုတ်တာ… ကိုမြတ်သာက မြလေးရုံရွာက ကလေး တွေအတွက် စာလာသင်ပေးနေတဲ့သူပါ၊ စိတ်မကောင်းစရာက တော့ ရွာအနေနဲ့ ကိုမြတ်သာကို ကာကွယ်မပေးတာပဲ"

"ဒီရွာမှာ ခုလိုသာဆို ရှေ့ဆက်ပြီး မကောင်းတော့ဘူးဗျ"

"မြလေးရုံရွာအတွက် ဘာလုပ်ရမယ်ဆိုတာကို ကျွန်တော် စဉ်းစားပြီးပါပြီ"

"ဘယ်လိုစဉ်းစားတာလဲကိုကန္တာ"

"ဒီလို×××××××××××"



www.burmeseclassic.com

www.burmeseclassic.com

"ဦးဘချစ် ဦးဘချစ် ထွက်ခဲ့စမ်းပါဦးဗျ၊ ခင်ဗျားနဲ့စကားတွေပြောစရာရှိလို့ပါ"

"ဟာ..."

ဦးဘချစ်အိမ်ရှေ့တွင် ရပ်ပြီးအော်ခေါ်နေသူမှာ ကန္တာပင်ဖြစ်သည်။

"မင်း...မင်း ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမလဲဗျ၊ ခင်ဗျားကြီးနဲ့ ရာဇဝင်ကြွေးလေးရှင်းစရာရှိလို့"





"ငါ့အိမ်ရှေ့က ခုထွက်သွားစမ်း"

"ထွက်သွားလို့ မရသေးဘူး ဦးဘချစ်၊ ကျုပ်ဘယ်သူလဲဆိုတာကို မမေးတော့ဘူးလား"

"မင်းက အရူးပဲ"

"ဟား ဟား ဟား.... သိပ်ဟုတ်တာပေါ့ ဒီရွာကိုအရူးဘဝနဲ့ ဘာကြောင့်ရောက်လာတယ်ဆိုတာကိုရောဆက်ပြီး မေးဦးလေဗျာ၊ ခင်ဗျားကြီးဆက်ပြီးမမေးရင်လည်း ကျုပ်ကပြောရဦးမှာပဲ၊ တစ်ခါတုန်းက ခင်ဗျားတို့ ရက်ရက် စက်စက်သတ်ခဲ့တဲ့ ဒိုးကြီးရဲ့သား ဒိုးလေး၊ ဘီလူးနက္ခတ်နဲ့ မွေးလာတဲ့ ကောင်ပဲဗျာ"

"ဘာ..."

ကန္တာစကားကို ဦးဘချစ်ကြားပြီး မျက်လုံးများပင်ပြူးသွားသည်။

"မင်း ပေါက်ကရတွေမပြောနဲ့"

"ကျုပ်စကားတွေက သိပ်ကိုမှန်လွန်းတဲ့စကားတွေပါဗျ၊ ဖိုးကြူတို့သတ်ခဲ့တယ်ဆိုတာ ခင်ဗျားကြီးကို ညာခဲ့တာပဲ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မသေဘူး၊ ကျုပ်အဖေဗုံတိုလည်း မသေဘူး၊ ဒီရာဇဝင်ကြွေးကို ဆပ်ဖို့ မြလေးရုံရွာကို ကျုပ်ရောက်လာခဲ့တာပဲ''

''မွေးနီနဲ့စောင်းတီတို့ လာစမ်း''

''ဘကြီးချစ် ဘာဖြစ်လို့လဲ''

''ဟိုအရူးကို ရိုက်ထုတ်လိုက်ကြစမ်း''

''မင်းတို့ ရှုးတိုက်တိုင်းကိုက်မယ်ဆိုရင် ငါ့ဘက်ကတော့ ညှာမှာမဟုတ်ဘူးနော် ဝင်ချင်တဲ့ကောင် ဝင်လာလို့ ရတယ်''

ကန္တာဆီကို မွေးနီနှင့် စောင်းတီ ပြေးဝင်ပြီး ရိုက်ကြသည်ကို ကန္တာရှောင်တိမ်းပြီး တစ်ယောက်ကို တစ်ချက်စီရိုက်ချလိုက်သည်။

''ဖြောင်း… အီး… ခွပ်… အား…''

''နောက်တစ်ခါ မင်းတို့ပထွေးကြီးကိုက်ခိုင်းတိုင်း ကိုက်မယ်ဆိုရင် ဒီထက်ပိုပြီးနာမယ်…ဦးဘချစ်''

''မင်း…မင်း…ငါ့အိမ်ပေါ်မလာနဲ့''

''ခင်ဗျားအိမ်ပေါ်ကို မတက်ပါဘူး၊ ခင်ဗျားကိုလည်း





ခုမသတ်သေးပါဘူး၊ ဒိုးလေး ဘီလူးဒိုးလေး မြလေးရုံရွာကို [illegible]တ်လာပြီဆိုတာကို အသိလာပြီးပေးတာပါ''

ကန္တာထွက်သွားသည့် နောက်ကို ဦးဘချစ်ရပ်ကြည့်ပြီး သွေးပျက်မတတ်ဖြစ်သွားတော့သည်။

''ခွေးမသားတွေ ဘာမှအသုံးမကျဘူး''

''ဒီ…ဒီကောင်က သိပ်ပြီးမြန်တယ်၊ (၂)ယောက်လောက်နဲ့ မဖြစ်ဘူး''

''ဘာကွ… တစ်ရွာလုံးနဲ့ ဝိုင်းပြီးချခိုင်းမလို့လား၊ ပထမအမူဖြစ်လို့ ငါ့သားတွေ ငါ့မြေးတွေ ထောင်ထဲရောက်သွားပြီ၊ မင်းကငါ့ကိုပါထောင်ထဲ ဆက်ပြီးထည့်မလို့လားကွ၊ ငါ့လုပ်လိုက်ရင် ထပ်ပြီးနာတော့မယ်''

ဦးဘချစ်အတွက် အားကိုးစရာ ဦးဖိုးခေါင်ဆီကိုသာ ခြေကုန်သုတ်ပြီးထွက်လာခဲ့တော့သည်။

''ဒိုးကြီး…ဒိုးကြီး''

ဦးဘချစ်၏ စိတ်အာရုံထဲတွင် ဒိုးကြီး၏ ပုံသဏ္ဌာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီးထင်ဟပ်လာနေတော့သည်။

ကံကြမ္မာတစ်ပတ် သူ့ဆီသို့ ပြန်လည်လာပြီလို့ ထင်မှတ်နေတော့၏။



ဦးဖိုးအောင်နှင့် ဦးဘချစ်တို့ ဦးဆောင်ပြီး ရွာနောက်နတ်ကွန်းကြီးတွင် ရွာသူရွာသားတွေနှင့် အုန်းပွဲ၊ ငှက်ပျောပွဲတွေကို ဖြင့်ဆင်ပြီး ကြက်တွေ၊ ဝက်တွေနှင့် ဖယောင်းတိုင်ကြီးတွေကို ထွန်းကာ ဂန္ဓီရပွဲကြီးကို ပြုလုပ်နေသည်။

"မြလေးရဲ့ရွာကြီးကို ဝါးမျိုဖို့ ဘီလူးတစ်ကောင် ရှောက်နေပြီဆိုတာကို ခင်ဗျားတို့အားလုံးသိတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်"

"ဆရာကြီးရယ် ဒီဘီလူးကို နှိမ်နှင်းပေးပါ"

"ငါက ကြိုပြီးမြင်လို့ မင်းတို့ကိုရှင်းခိုင်းတာကို မင်းတို့ဘက်က ပေါ့လျော့လို့ ဒီဘီလူးအသက်ရှင်နေရတာ၊ စိတ်ချ ဒီတစ်ခါ ဘီလူးဓာတ်သိမ်းစေရမယ် ဥုံ××××××××××"

ဦးဖိုးအောင် သူ့ပါးစပ်မှ ဂါထာတွေရွတ်ဖတ်ပြီးနေတော့သည်။ သူ့လက်ထဲမှာလည်းလှံရှည်ကြီး တစ်ချောင်းကို ကိုင်ပြီးပူဇော်ပသနေသည်။

"ဒီလှံဟာ ဘီလူးကိုထိုးသတ်ဖို့အတွက်သိဒ္ဓိတင်ပြီးထားတာနဲ့ မင်းတို့ထဲက သတ်မယ့် (၃)ယောက် ငါ့ရှေ့ကို လာခဲ့ကြ"

"ထွက်ကြလေ‥"

ရွာသားတွေထဲမှ တစ်ယောက်က ထရပ်ပြီး…

"ဆရာကြီး ဒီဘီလူးကိုသတ်ရင် အဖမ်းမခံရဘူးလား"

"လူကိုသတ်ရင်သာ ထောင်ကျတာ ဘီလူးကိုသတ်ရင် ဘယ်လိုလုပ်ပြီး ထောင်ကျမှာလဲကွ"





"ဒါဆို ကျွန်တော်တို့ (၃)ယောက်သတ်မယ်"

ဖေကြိုင်၊ အာလူးနှင့် အောင်မောင်းတို့ (၃)ယောက် ဦးဖိုးအောင်ရှေ့သို့ ထွက်လာခဲ့ကြသည်။

"ဥုံ……"

ဦးဖိုးအောင် ရေစင်တွေ ပက်ဖြန်းပြီးတိုက်လေသည်။ ဦးဖိုးအောင်တိုက်သော ရေစင်ကို သောက်ပြီးသည်နှင့်

"ခုသွားပြီးသတ်ရမှာလား ဆရာအောင်"

"ခုကျတဲ့နက္ခတ်အရဆိုရင် ဒီဘီလူးကိုသတ်ဖို့ အကောင်းဆုံးအချိန်ပဲဟေ့"

"ဒီကောင်ရှိတဲ့ ဇရပ်ကိုသွားမယ်"

"မင်းတို့သွားစရာမလိုပါဘူး ငါကိုယ်တိုင်လာပြီ"

"ဘီလူး…ဒိုးလေး"

ကန္တာ နတ်ကနမ်းကြီးနောက်မှ ထွက်လာပြီး ပွဲတွေ ပြင်ထားသည့်နောက်တွင် ရပ်ကာနေလိုက်သည်။

"ဦးဘချစ်နဲ့ ဦးဖိုးအောင် ခင်ဗျားတို့ ဘာလို့ရွာသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနေတာလည်း ခင်ဗျားတို့ကိုယ်တိုင် သတ်လေဗျာ"

"ဖေကြိုင်၊ အာလူးနဲ့အောင်မောင်း သတ်..သတ်တော့"

ဖေကြိုင်လက်ထဲမှ လှံဖြင့် ကန္တာကို ပြေးပြီးဝင်ထိုးသလို ကျန်(၂)ယောက်ကလည်း လက်ထဲမှ ဓားတွေနှင့် ဝင်ပြီးပိုင်းကြသည်။

"မိုက်မဲတဲ့ကောင်တွေ ကဲကွာ"

"ဒုတ်...ဖြောင်း...အင့်..."

အရင်ဆုံး ဖေကြိုင်လက်ထဲမှ လှံကိုရှောင်တိမ်းပြီး မျက်နှာကို လက်ပြန်ရိုက်ချကာ လှံကိုဆွဲယူလိုက်သည်။

"ဝီး...ချွင်...ဒုတ်...အီး...အား"

အောင်မောင်းနှင့် အာလူးတို့ကို လှံဖြင့် ခုခံပြီး သူတို့၏ ခေါင်းတွေကိုလှံရိုးနှင့် ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်သည်။

"ဝုန်း...ဒုန်း"

"သွားစမ်း ပေါက်ကရ အလုပ်တွေ"

"ပြေး...ပြေး...ပြေး...ဘီလူးကြမ်းနေပြီ"





ကန္တာ...ဦးဖိုးအောင် ပြင်ဆင်ထားသော ပွဲတွေကို လှွင့်ပစ်ကိုင်ပေါက်နေသည်ကို ရွာသူရွာသားများ တွေ့မြင်၍ ကြောက်လန့်ပြီး ပြေးကုန်တော့သည်။

"ဦးဖိုးအောင်"

"ငါ...ငါ့တူရယ် အသက်ကိုချမ်းသာပေးပါကွယ် တောင်းတောင်းပန်ပါတယ်"

"ခင်ဗျားပါးစပ်က ပေါက်ကရစကားတွေကြောင့် ကျုပ်ဘဝတစ်ခုလုံး ဘယ်လောက်ထိဒုက္ခတွေ ရောက်ခဲ့ရသလဲ၊ ကျုပ်အဖေလည်း ခင်ဗျားကြောင့် သေခဲ့ရတာ"

"ဒါတွေကြာခဲ့ပါပြီကွယ်"

"ခင်ဗျားတို့အတွက်ကြာပေမယ့် ကျုပ်အတွက်တော့ မနေ့တစ်နေ့ကလိုပဲ ခုကျုပ်အလှည့်ရောက်ပြီ၊ တစ်ခုတော့ ခင်ဗျားကို အခွင့်အရေးပေးမယ် ခင်ဗျားပေါက်ကရတွေ လုပ်ခဲ့တယ်ဆိုတာကို ရွာသူရွာသားတွေရှေ့မှာ ခင်ဗျားတို့ (၂)ယောက်လုံး ဝန်ခံမယ်ဆိုရင် ကျုပ်မသတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဝန်…ဝန်ခံပါမယ်"

"ခင်ဗျား သေချာတယ်နော်"

"သေချာပါတယ်"

"ဦးဘချစ်"

"ပြော…ပြောပါ"

"ကျူပ်ဖခင်ဆီက မတရားယူထားတဲ့ လယ်ယာတွေနဲ့ ငွေတွေကို ခင်ဗျားပြန်ပြီးပေးမလား အသက်ခံမလား"

"ဟို…ဟို ပေးပါ့မယ်ကွာ"

"ကောင်းပြီ မနက်ဖြန် ဘုန်းတော်ကြီးကျောင်းမှာ ရွာသားတွေကို ဆင့်ခေါ်ပြီး ခင်ဗျားတို့(၂)ယောက်ရှင်းကြ"

"ရှင်းပေးပါ့မယ်၊ သွားလို့ရပြီလားဟင်"

"ရပြီ…သွားတော့"

ဦးဘချစ်နှင့် ဦးဖိုးအောင်တို့ ထွက်သွားပြီးနောက် နွေဦးပန်း၊ ကိုမြတ်သာနှင့် ဆန်းထူးတို့ ပုန်းနေရာမှ ထွက်လာကြသည်။



"ဦးဖိုးအောင် ဂမ္ဘီရ ဓာတ်သိမ်းကတော့ သိပ်ပြီးမဝေးတော့ဘူး"

"ဥပဒေလမ်းကြောင်းပေါ်က လုပ်စရာရှိတာတွေ ဆက်ပြီး လုပ်ရမှာပေါ့"

"သူတို့ကို ဒီလောက်ထိမလုပ်ချင်တော့ဘူး နွေဦးပန်း၊ သူတို့လုပ်ရပ်တွေကို စွန့်မယ်ဆိုရင်ပဲ ကျေနပ်လိုက်ချင် တယ်"

"သူတို့ ကျူးလွန်ခဲ့တာ ရာဇဝတ်မှုလေ ဖေဖေကလည်း တရားဥပဒေအတိုင်း သူ့အမှားတွေကို ပေးဆပ်ချင်တယ်လို့ ပြောတယ်"

"ဒီအပိုင်းကိုတော့ ကျွန်တော်က ဘာမှမပြောချင်ဘူးလေ၊ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒက မြလေးရုံရွာကို ပြောင်းလဲစေ ချင်တာပဲ"

"ဆန်းထူးရေ ဟိုကောင်(၃)ကောင်ကိုနှိုးပြီး ထခိုင်းတော့ ဒီကောင်တွေကို ဘာအရက်တွေတိုက်လို့ ဒီလောက်သွေးကြွတာလည်းမသိဘူး၊ မဟုတ်မှလွဲရော ဦးဖိုးအောင် စိတ်ကြွဆေးတွေ ရေထဲဖျော်ပြီးတိုက်တယ်နဲ့ တူတယ်"

www.burmeseclassic.com



"သေချာတာပေါ့ ဒါကြောင့် ခုထိတောင် မထနိုင်ကြတာကဲ…သွားကြရအောင်"

"အင်း"



အခန်း ( ၁၂ )

"ဦးဘချစ် တစ်ယောက်တော့ သေနေပြီ"

"ဟင်…"

နွေဦးပန်း ကျောင်းကအပြန်တွင် ကြားလိုက်ရသော သတင်းကြောင့် အိမ်တွင်အဝတ်အစားတောင်မလဲတော့ဘဲ ဦးဘချစ်အိမ်ဘက်သို့ ထွက်လာခဲ့သည်။လမ်းတွင် ကိုမြတ်သာနှင့်ဆုံပြီး အတူတူလာခဲ့ကြသည်။

ဦးဘချစ်အိမ်ရှေ့တွင် ရွာသူရွာသားများ စုပြုံပြီး ရောက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုယ်သူ သတ်သေသွားတာဖြစ်မယ်"

"မဖြစ်နိုင်ဘူး၊ သူ့ဆရာကြီးဖိုးအောင်နိုင်းတာမလုပ်လို့ အသက်နုတ်တာခံရတာတဲ့"

ရွာသူရွာသားများ သူတို့ထင်ရာမြင်ရာတွေ ပြောဆိုနေကြသည်ကို ကြားနေရသည်။ အိမ်အပေါက်ဝတွင် ကိုကန္တာ ရပ်နေသည်။

"ကိုကန္တာ ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော့်အထင်တော့ အဆိပ်သင့်ပြီး သေတာဖြစ်နိုင်တယ်၊ သေတဲ့ပုံသဏ္ဌာန်က အဆိပ်သင့်သေတဲ့လက္ခဏာပဲကိုမြင်တာ"

"သူ့ကိုယ်သူသတ်သေတာလား"

"ဖြစ်နိုင်ခြေတော့ရှိပါတယ်၊ တိတိကျကျတော့ တပ်အပ်ပြောလို့မရဘူး"

"သက်ဆိုင်ရာက မရောက်လာသေးဘူးလား"

"သွားပြီး အကြောင်းကြားနိုင်းထားတယ်၊ အိမ်ပေါ်မှာ





နွေဦးပန်း အဖေနဲ့ ရပ်ရွာလူကြီးတွေတော့ အလောင်းကို ပုံစံမပျက်ဖို့ စောင့်နေကြတယ်"

"ကိုကန္တာ ဘယ်သွားမလို့လဲ"

"ဦးဖိုးအောင်အိမ်ကို သွားမလို့"

"ဘာသွားလုပ်မှာလဲ"

"ခုကိစ္စမှာ ဦးဖိုးအောင်ပါဝင်ပတ်သက်နေနိုင်တယ်၊ သူ့ကို သွားပြီး ခေါ်ထားမလို့၊ သူတကယ်လို့မရှိဘူးဆိုရင် ဦးဘချစ်ကို သူသတ်တာသေချာသွားပြီ"

ကန္တာ ဦးဘချစ်အိမ်ထဲမှ ခပ်မြန်မြန်လေးပင် ထွက်သွားသည်။ ဦးဘချစ်နှင့် ဦးဖိုးအောင်ကို နှိပ်ကွပ်ပြီးကတည်း မှစပြီး ရွာသူရွာသားတွေ ကန္တာကို တင်းတင်းမာမာမဆက်ဆံရဲကြပေ။

ကန္တာကို ချစ်ခင်၍တော့ မဟုတ် ကြောက်ရွံ့၍သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကန္တာထွက်သွားပြီးမကြာမီ စခန်းမှူးကိုလေးစံနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြပြီး ဦးဘချစ်အလောင်းကို စစ်ဆေးကြတော့သည်။

"ဒီအလောင်းကို ဘယ်သူစပြီးတွေ့တာလဲ"

"အိမ်ဖော်လုပ်ကိုင်တဲ့ ခင်ညိုပါဆရာ"

"ခင်ညိုကို ခဏလောက်ခေါ်ပေးပါ၊ ဦးဘချစ်အိမ်မှာ တစ်ယောက်တည်းနေတာလား"

"မဟုတ်ဘူးဆရာ၊ သူ့ချွေးမ ဦးတင်ငွေဇနီး ဒေါ်မြင့်နဲ့ သူ့တူမ မြကြည်တို့နေကြတာပါ"





"သူတို့မရှိကြဘူးလား"

"မနေ့ညကတည်းက မြို့ကို တက်သွားကြတယ်၊ ခင်ညိုရောက်ပြီဆရာ"

စခန်းမှူးကိုလေးစံရှေ့တွင် ခင်ညို မတ်တတ်ကလေးရပ်ပြီးနေသည်။

"ခင်ညို...မင်း ဒီအလောင်းကို ဘယ်အချိန်လောက်ကတွေ့တာလဲ"

"ညနေ (၃း၀၀)နာရီထိုးခါနီးလောက်ကမှ ကျွန်မအပေါ်ထပ်ကိုဘုရားပန်းလဲဖို့တက်တော့ ခုလိုမျိုးကြီးကို တွေ့တာနဲ့ဦးလေးသာခေါင်နဲ့ဦးလေးသာကျော်တို့ကို သွားပြီးပြောပြခဲ့တာပါ"

"ဦးဘချစ်ဆီကို ဒီနေ့ဘယ်သူတွေလာသေးလဲ"

"ဟို...ဦးဖိုးအောင် လာသွားတယ်"

"ဘယ်အချိန်လောက်ကလဲ"

"နေ့ခင်း (၁း၃၀)နာရီလောက်ကပါဆရာ၊ သူတို့နှစ်ယောက် အပေါ်ထပ်မှာ စကားပြောကြတုန်းက ကျွန်မတောင်



www.burmeseclassic.com

www.burmeseclassic.com



အမဲခြောက်ဖုတ်နိုင်းလို့ ဖုတ်ပြီးသွားပေးခဲ့ရသေးတယ်''

''မင်းသွားပေးတုန်းက သူတို့နှစ်ယောက်စကားပြောနေတာပဲလား''

''ဟင့်အင်း‥ ဦးဖိုးအောင်က နတ်စင်ရှေ့မှာ ဖယောင်းတိုင်တွေ ထွန်းပြီး ဘာလုပ်နေမှန်းမသိဘူး၊ ကျွန်မကို ဘကြီးချစ်က ချက်ချင်းပြန်ဆင်းခိုင်းတာနဲ့ အောက်ကိုပြန်ဆင်းခဲ့ရတယ်''

''ဦးဖိုးအောင် ဘယ်အချိန်လောက်မှ ပြန်သွားလဲ''

''နေလည် (၂း၀၀)နာရီထိုးခါနီးလောက်မှပြန်သွားတာပါ''

''သူ့လက်ထဲမှာဘာတွေပါသွားသေးလဲ''

''လက်ထဲမှာဘာမှမပါဘူး၊ လွယ်အိတ်ကြီးလွယ်ပြီးပြန်သွားတာပဲ''

''ဆရာကျော်မြင့်‥ဦးဖိုးအောင်ကိုသွားပြီးဖမ်းတော့''

''ဆရာကိုလေးစံရေ‥‥နောက်ကျသွားပြီဗျ''

''ကိုကန္တာ‥‥ဘာဖြစ်လို့လဲ''

''ဦးဖိုးအောင်တစ်ယောက် ပြေးပြီ၊ သူနဲ့အတူ မွေးနီနဲ့





စိုးရိတို့တောင် ပါသွားကြတယ်''

''ဦးဘချစ်ကို အဆိပ်ရေတိုက်ပြီး ဗီရိုထဲကပစ္စည်းတွေယူသွားတယ်၊ အင်း‥‥ သူတယ်ထိပြေးနိုင်မလဲဆိုတာ စောင့်ကြည့်တာပေါ့၊ ဆရာကိုကျော်မြင့်တို့အဖွဲ့က သူစပြီးထွက်သွားတဲ့နေရာကနေ ခြေရာခံပြီးလိုက်ပါ၊ ကျေးရွာလူကြီးတွေကိုအကြောင်းကြားပြီး ပူးပေါင်းဆောင်ရွက်ပါ''

''ဟုတ်ကဲ့ဆရာ''

''တရားခံကို အမြန်ဆုံးဖမ်းဆီးနိုင်ရေးကို ကြိုးစားပါ၊ လုပ်စရာရှိတာဆက်လုပ်၊ ရွာက လူငယ်တချို့က အလောင်းကိုဆေးရုံပို့နိုင်ဖို့အတွက် ဝိုင်းကူပေးကြပါ''

မြလေးရုံရွာတွင် ခုလိုကိစ္စမျိုးကို ဝင်ပြီးကူညီမည့်သူဝေးသည်။

စခန်းမှူးကိုလေးစံစကားကိုကြားပြီး မသိသလိုနှင့်ထွက်သွားဖို့ခြေလှမ်းတွေပြင်သည်နှင့်‥‥

''မြလေးရုံရွာသားတွေ မြို့မှာတွေ့ရင် ဖမ်းပြီး အချုပ်ထဲကို

www.burmeseclassic.com



ထည့်ပြီသာမှတ်''

စခန်းမှူးကိုလေးစံ ခပ်တည်တည်နှင့်ပြောလိုက်တော့မှ အလျှိုလျှိုပြန်လှည့်လာပြီး အလောင်းကို နွားလှည်းပေါ်သို့ တင်ကြပြီး လိုက်ပို့ဖို့ပြင်ကြတော့သည်။

''နေဦး နင်တို့ရွာ လူကြီးတင်မြှောက်ပွဲ မလုပ်သေးဘူးလား''

''မနက်ဖြန် ရွေးချယ်ထားတဲ့(၃)ဦးထဲက တစ်ဦးကို အတည်ပြုရွေးကြမယ် ကိုလေးစံ''

''ဒီတစ်ခါတင်မြှောက်တဲ့ သူဟာ ဦးတင်ဌေးလို လူတော့ မဖြစ်စေနဲ့ဟာ''

''ခုတင်မြှောက်မယ့် (၃)ဦးထဲမှာ တစ်ဦးက မြလေးရဲ့ ရွာသားတော့မဟုတ်ဘူး ဆိုပေမယ့် ရွာအတွက် အားကိုးရတဲ့ လူတစ်ယောက်ပါ၊ တပ်မတော်က ဒုအရာခံဗိုလ်အဆင့်နဲ့ ဆေးပင်စင်ယူပြီး ရွာမှာလာနေတာ၊ သူ့ကိုတော့ ငါတို့သဘော ကျတယ်၊ ရွာသားတွေကတော့ သူတို့ရွာခံသားကိုပဲ သဘောကျနေကြတာ၊ သူတို့သဘောကျတဲ့ (၂)ယောက် လုံးဟာ ငွေကြေးချမ်းသာတာ တစ်ခုကလွဲပြီး ဦးတင်ဌေးနဲ့ သိပ်ကွာမှာမဟုတ်ဘူး''

''ဘယ်သူတွေလဲ''

''ဦးဘချစ်နဲ့ တူတော်တဲ့ ဦးခင်မောင်နဲ့ ဦးဖိုးအောင် မယားညီအစ်ကို ဦးဝင်းကြည်လေ''

''ငါသိပြီ၊ ဦးဝင်းကြည်ဆိုတာ မနှစ်က နွားပြိုင်ပွဲမှာ အုပ်စုနဲ့ ရွာလယ်က လူတစ်ယောက်ကိုရိုက်ခဲ့ကြတဲ့ ရာမိုးအဖေ မဟုတ်လား''

''ဟုတ်တယ်''

''ငါက ဒုရဲအုပ်အဆင့်နဲ့ရောက်တုန်းက စခန်းမှာ တွေ့ဘူးကြားဘူးတယ်''

''ဦးဝင်းကြည်သာ ရွာလူကြီးဖြစ်ရင် ရာမိုးကို့ချိုတပ်ပေးသလိုဖြစ်မှာသေချာတယ်''

''နင်တို့ရွာကိစ္စကိုတော့ နင်တို့သေသေချာချာ စဉ်းစားပြီး လုပ်ကြပေါ့ဟာ''







www.burmeseclassic.com

www.burmeseclassic.com

“ဟား..ဟား...ဟား.. သောက်ကြစမ်း တပည့်တို့၊ မနက်ဖြန်ဆိုရင် ရာမိုးဆိုတဲ့ကောင်က မြလေးရဲ့ရွာ လူကြီးရဲ့ တစ်ဦးတည်းသောသားဖြစ်ပြီ”

“သေချာရဲ့လား အာစရိရဲ့၊ ဦးဘချစ်ရဲ့တူတော်မောင် ဦးခင်မောင်နဲ့ဟိုကောင်စစ်ပြန်ကြီးဦးဘကွန်းတို့ရှိသေးတယ်နော်”

“ငါက မပိုင်ဘဲ စကားကိုအပိုမပြောဘူး၊ ဦးခင်မောင်ကို ငါ့အဖေကလုပ်ကိုင်ပေးထားတာ၊ သူ့ရဲ့စီးပွားရေးက ငါ့ အဖေ





လက်ထဲမှာပါ၊ ပြီးတော့ ဦးခင်မောင် ဥပဒေနဲ့မကင်းတဲ့ ကျွဲမှောင်ခို ထုတ်တဲ့ကိစ္စကို ငါ့အဖေက အပိုင်ကိုင်ထားတာ”

“ဟို...စစ်ပြန်ကြီးကျတော့ရော”

“သူက မြလေးရဲ့ရွာသားမဟုတ်ဘူးလေ၊ သူ့ကိုဘယ်သူက လက်ခံမှာလဲ”

“ဆရာကသာ လက်ခံတဲ့သူမရှိဘူးပြောနေတာ၊ နွေဦးတို့ သားအဖနဲ့ အရှေ့ပိုင်းရွာသားတွေက ဦးဘကွန်း ဘက်မှာနော်”

“သူတို့ဘက်မှာ လူတွေက ရှိရင်တောင် ဆယ်ယောက် မပြည့်တဲ့ လူနည်းစုပါ၊ ငါ့အဖေဘက်မှာက တစ်ရွာလုံးနီးပါးကွ”

“အာစရိအဖေ လူကြီးဖြစ်တာနဲ့ အရင်ဆုံးဘာလုပ်မလဲ”

“ဘာလုပ်ရမှာလဲ၊ ရွာရဲ့အလှထိပ်ခေါင်မလေး နွေပန်းလေး ကို သွားပြီးတောင်းမှာပေါ့”

“သူက လက်မခံဘူးဆိုရင်ရော”

“ချက်ဖောင်း...လောကမှာ ငွေနဲ့အရှိန်အဝါသာရှိရင် ဝပ်ဆင်းသွားရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လုပ်ပါဦးဆရာ.. ကျော်စွာမင်းခေါင်တို့လို ဖြစ်သွားမှဖြင့် မလွယ်ကိန်းဆိုက်နေမယ်"

"ကျော်စွာမင်းခေါင်ဆိုတဲ့ကောင်က ဘာဗဟုသုတမှမရှိဘူး၊ ပြီးတော့ ငါ့လောက်ကျောင်းနေဖူးတာ မဟုတ်ဘူးကွ၊ ဘုန်းကြီးကျောင်းစာလောက်တတ်ပြီး အဟုတ်ကြီး မှတ်နေတာ၊ ငါက မြို့ကျောင်းမှာ (၈)တန်းထိ တက်ခဲ့ဖူးတာ၊ သူ့ထက်အရာရာသာတယ်၊ လာပြီးမနှိုင်းစမ်းပါနဲ့"

"ဆရာ့အတွက် အကြီးမားဆုံးအန္တရာယ်တစ်ခုတော့ ရှိသေးတယ်"

"ဘယ်သူလဲ"

"ကန္တာဆိုတဲ့ကောင်"

"ဟုတ်တယ်ဆရာ..ဒီကောင်က ဘီလူးနက္ခတ်နဲ့ မွေးလာတာနော်၊ လက်စခြေစက ပြင်းတယ်"

"ဟား..ဟား..ဟား.. ဒီကောင်ကို သေရွာပါပို့နိုင်မယ့် ပစ္စည်း ငါ့မှာရှိတယ်"





"ဆရာကြီးအောင်ရဲ့ ဂမ္ဘီရအစွမ်းလား"

"ဂမ္ဘီရပစ္စည်းထက်ကောင်းတဲ့ ပစ္စည်းကွ"

"တပည့်တို့ မသိရဘူးလားဟင်"

"မင်းတို့ကို ဒီပစ္စည်းမပြခင် သတိတစ်ခါတည်းပေးထားမယ်၊ ငါ့ဆီမှာ ဒီပစ္စည်းရှိတာကို ပေါက်ကြားသွားရင် မင်းတို့နှစ်ယောက်လုံးကို အရှင်ဆုံးသတ်မယ်"

"စိတ်ချပါဆရာ... ဘယ်သူ့မှ မသိစေရပါဘူး"

"ဒီမှာကြည့်..."

"ဟာ...ဟင်..."

ရာမိုးပြလိုက်သော အဝတ်ထုပ်ထဲမှ ခြောက်လုံးပြူးသေနတ်ကြောင့် ချက်ဖောင်းနှင့်တက်တူတို့ မျက်လုံးပြူးသွားသည်။

"ငါ့အဖေ ကျွဲတွေကို မော်လမြိုင်နယ်ကိုသွားပြီးရောင်းတုန်းက ဓားပြတစ်ယောက်ဆီက ဝယ်ခဲ့တာ၊ ဒီသေနတ်နဲ့ ဆိုမင်းဘီလူးနက္ခတ်ကောင် ဘာတတ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...ရာမိုး..ဆရာ..."

ထိုအချိန်တွင် ထန်းတောထဲသို့ ရာမိုးရဲ့တပည့်ဖြစ်သူ ဖိုးကုလားအပြေးကလေး ရောက်လာသည်။

"ဘာဖြစ်တာလဲ ဖိုးကုလား"

"ဆရာ့အဖေနဲ့ ဦးခင်မောင်ကို ရဲတွေဖမ်းသွားပြီ"

"ဘာ...ဘာအမှုနဲ့ဖမ်းတာလဲ"

"ကျွဲတွေကို တရားမဝင် မှောင်ခိုလုပ်ပြီး ရောင်းမှုနဲ့ ဖမ်းသွားကြတာ"

"ဟာ...ကွာ"

"ရဲတွေကို သတင်းပေးလိုက်တာ ဟိုကျောင်းဆရာ မြတ်သာနဲ့ ကန္တာပဲဆရာ"

"တောက်..ဒီကောင်တွေ လူကြီးရွေးခါနီးမှ ဒါသက်သက် ကောက်ကျစ်တာပဲ၊ တွေ့ကြသေးတာပေါ့ကွာ နှစ်ကောင်လုံးကို သတ်မယ်"

"ဘာလို့ဆန္ဒတွေစောနေရတာလဲ မောင်ရာမိုး"





"ဟာ...ဆရာကြီးအောင်"

ထန်းတောထဲကို ရုပ်ဖျက်၍ ဦးဖိုးအောင် ဝင်လာပြီးရာမိုးတို့ဝိုင်းတွင် ဝင်ပြီးထိုင်သည်။

"မင်း ဒီကောင်(၂)ကောင်တင်မကဘူး ဟိုကောင်မကိုပါ သတ်ရမယ်"

"ဟိုကောင်မဆိုတာ နွေဦးပန်းလေးလား"

"ဟုတ်တယ်"

"သူ့ကိုတော့ မသတ်ပါရစေနဲ့ ဆရာကြီးအောင်ရယ်"

"မင်းသူ့ကိုမသတ်ရင် မင်းကို သူကသတ်လိမ့်မယ် ရာမိုး၊ မင်းတို့ငါစီစဉ်တဲ့အတိုင်းကို လုပ်မယ်ဆိုရင်တော့ ငါနဲ့လက်တွဲ ဘယ်လိုလဲ"

"တွဲရမှာပေါ့ ဆရာကြီးအောင်ရယ်"

"ကောင်းပြီ ဒီနေ့ကစပြီး ငါခိုင်းတာတွေကို စပြီး လုပ်ကြဖို့ ပြင်ထားပေတော့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မြလေးရုံရွာတွင် ရွာလူကြီးကို ဦးဘကွန်းကို တင်မြှောက်လိုက်ကြသည်။ ရွာသူရွာသားတွေအနေဖြင့် သူတို့ရွေးချယ် တင်မြှောက်ချင်သော လူကြီးတွေမှာ ဥပဒေနှင့်မလွတ်ကင်းသည့် ပြစ်မှုတွေကြောင့် အရေးယူခြင်းခံခဲ့ရသဖြင့် ဦးဘကွန်းကို မဖြစ် မနေ တင်မြှောက်ရတော့သည်။





ဦးဘကွန်းမှာ ကန္တာ၊ ရွှေဦးပန်း၊ ဦးသာကျော်၊ ကိုမြတ်သာတို့နှင့် အတွဲညီသူဖြစ်ကြသဖြင့် မြလေးရုံရွာကြီးကို ပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ လုပ်ဆောင်ကြမှာဖြစ်သည်။

ဦးဘကွန်းအိမ်တွင် အားလုံးစုံကြသောအခါ ဦးဘကွန်းဇနီးဒေါ်ခင်သွယ်မှ ကျင်းသုပ်လေးနှင့် ညှော်ခံသဖြင့်စားသောက်ကြရင်း....

"မောင်ကန္တာက ဆောက်လုပ်ရေးဗိသုကာ အင်ဂျင်နီယာဆိုတော့ ရွာရဲ့ တာကြီးနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ချင်လဲ အချိန်သိပ်ပြီးမရှိတော့ဘူး"

"အချိန်မရှိတာတော့ အမှန်ပဲ ဦးလေးဘကွန်း၊ တာကြီးဖို့မယ်ဆိုရင်တော့ မဖြစ်နိုင်တော့ဘူး"

"ဟင်...ကိုကန္တာ ဘာဖြစ်လို့လဲ"

"မနေ့က ကျွန်တော်တာကြီးဘက်ကို သွားကြည့်တော့ အောက်ခြေပိုင်းဟာ အခြေအနေအတော်ကိုဆိုးနေပြီ လိုဏ်ခေါင်းတောင် ဖြစ်နေပြီလားမသိဘူး အပေါ်ကနေ တုတ်ရိုက်ပြီ တာပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖို့လည်း မထူးခြားနိုင်ဘူး ရေအားတိုးချိန်မိုး သဲသဲမဲမဲရွာတာနဲ့ ပြိုဆင်းသွားမယ်၊ တစ်နေ့ရာထဲပြိုဆင်းသွားတယ်ဆိုရင်ရွာအတွက် အန္တရာယ် ဒီလောက်မကြီးဘူး တာရိုးတစ်လျှောက်လုံး ပြိုဆင်းသွားရင် ရွာပါပျောက်သွားမယ်''

''မိုးလေဝသကလည်း ဒီနှစ် မြစ်ရေကြီးမှုအတွက် ကြိုတင်အသိပေးထားတယ် ခက်နေပြီကွာ ရွာကိုတစ်နေရာပြောင်း ထားရမယ့်ပုံပေါက်နေပြီ''

''ကိုကန္တာ ဘယ်လိုလုပ်ရင်ကောင်းမလဲ''

''ကျွန်တော့်စိတ်ကူးအတိုင်း ဆိုရင်တော့ ရေတံခါးတစ်ခုကို ဆောက်ပြီး ရေမြောင်းကြီးတွေကိုဖောက်ရမယ်၊ ဒီရေမြောင်းတွေနဲ့ လယ်တွေထဲကို ရေဖြည့်နိုင်အောင် ကျွန်တော်တို့ရွာ ဘေးကနေ မြောင်းနဲ့တောင် ဘက်မှာရှိတဲ့ ကွင်းလေးတွေဆီကို ဖောက်ထားမှဖြစ်မယ်''

''ဒီလိုလုပ်ဖို့အချိန်ရပါ့မလား''

''လူအင်အားသက်သက်နဲ့ဆိုရင်တော့ မရနိုင်သလို စက်တွေ





ချည်းပဲလည်းမဖြစ်ဘူး လူတွေနဲ့ စက်တွေ ပေါင်းပြီး လုပ်မှရမယ်''

''မောင်မြတ်သာ မြို့ကသက်ဆိုင်ရာဆီက ဘာသတင်းရလဲကွဲ့''

''ဦးလေးဘကွန်းရေ (-------)ကုမ္ပဏီက တာဝန်ယူပြီး သူ့စက်တွေကို တစ်ရက်နှစ်ရက်ဆို လွှတ်ပေးမယ်တဲ့ ကျွန်တော်တို့ ဘက်ကအသင့်ပြင်ထားဖို့ပဲလိုတယ်''

''မနက်ဖြန် တစ်ရွာလုံးမှာရှိတဲ့ ရွာသူရွာသားအားလုံး တစ်အိမ်တစ်ယောက် မဖြစ်မနေလုပ်အားပေးရဖို့ကို ဘုန်းကြီးကျောင်းမှာ ခေါ်ပြီးပြောရမယ်…ဆန်းထူးရေ''

''ဗျာ ဦးလေးဘကွန်း''

''မင်းနဲ့ ကိုဦး တစ်ရွာလုံးကို လိုက်ပို့ပြီး ဦးဆန်းဝင်းဆီက မာတ်စက်ငှားပြီးလိုက်အော်စမ်း''

''အော်တာတော့ ဟုတ်ပါတယ် ရွာကလူတွေက အလေးထားကြတာမဟုတ်ဘူး''

''ဆန်းထူး… ခုမြလေးရဲ့ရွာကို အုပ်ချုပ်တဲ့လူကြီးဟာ

www.burmeseclassic.com



အရင်လူကြီးတွေလို မဟုတ်ဘူးကွ၊ ရွာအတွက်လုပ်တဲ့နေရာမှာ ပြတ်ပြတ်သားသားကို ကိုင်တွယ်ရမယ်၊ အစည်းအဝေးမတက်တဲ့ အိမ်ကို ဒဏ်ငွေတစ်သောင်းနဲ့ ထိတ်တုံး(၃)ရက် တစ်ခုခုကို အပြစ်ပေးခံရမယ်လို့ပါ ထည့်ပြီးကြေညာလိုက်"

"ဟုတ်ကဲ့ ဦးလေးဘကွန်း… ကိုဦးရေ သွားကြရအောင်၊ ဒီတစ်ခါမှ မြလေးရုံရွာကိုဆော်သြရေးလုပ်ရတာ အရသာအရှိဆုံး ပဲဟေ့…ကိုဦး"

"ဘာလဲကွ"

"မင်းမျက်နှာ ခပ်ပျော့ပျော့မနေနဲ့ ခပ်တင်းတင်းနဲ့ လူကြီး အမိန့်ကြေညာ…ကြားလား"

"စိတ်ချစမ်းပါ ဆန်းထူးရာ ငါ့ယောက္ခမအိမ်ရှေ့ကျရင် လော်ကြီးအိမ်ဘက်လှည့်ပြီး အော်ပစ်ဦးမှာ ရပ်ရေးရွာရေးဆို ဘာမှ မလုပ်ချင်တဲ့ ယောက္ခမ ဟင်း…သူ့သမီးမျက်နှာကြောင့် ကြည့် နေတာ"

ဆန်းထူးနှင့် ကိုဦးသူတို့ပြောချင်တာတွေကိုပြောပြီး





ပြန်ထွက်သွားကြပြီး ခဏတွင် ကိုတိုးရောက်လာသည်။

"ကိုတိုး ဘာသတင်းလာယူတာလဲ"

"မဟုတ်ရပါဘူးမာမာရယ် ငါကသတင်းလာပြီး ပေးမလို့ ပါဟ၊ ငါ့ကို အရင်လိုမသတ်မှတ်ပါနဲ့ အခုတိုးကြီးက အရင် တိုးကြီးမဟုတ်တော့ပါဘူး"

တိုးကြီးမှာ မာမာအောင်ကို တစ်ဖက်သတ်ကြိုက်နေသူ ဖြစ်သဖြင့် မာမာအောင်နှင့် ပတ်သက်ပြီး လူရင်းတစ်ယောက် ဖြစ်ခြင်းထက် သူကိုယ်တိုင်က ရွာအကျိုးကို သယ်ပိုးချင်သော စိတ်ထားလေးပါ ရှိလာသည်။

"မင်းပြောချင်တဲ့သတင်းက ဘာလဲကိုတိုး"

"ရာမိုးနဲ့ဦးဖိုးအောင်တို့အချိတ်အဆက်လုပ်နေကြတယ်"

"ဟင်…မင်းသတင်းသေချာလား ကိုတိုး"

"ကျွန်တော်မဟုတ်ဘဲ လူကြီးကို ပြောရဲပါ့မလား၊ တခြား တစ်ယောက်ဆီက ကြားရတာဆိုရင်တောင် ပြောရဲမှာ မဟုတ်ဘူး ခုဟာက ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးကုလားခြံပျက်ထဲမှာ တွေ့ခဲ့တာ ရာမိုး၊ ချက်ဖောင်းနဲ့ ဖိုးကုလားတို့ (၃)ယောက် ခိုးကြောင်ခိုးဝှက်နဲ့ ဝင်သွားတာကို ကျွန်တော် ပိုက်တားနေရင်း တွေ့လိုက်တာ ကျွန်တော့်ကိုသူတို့မမြင်ပါဘူး၊ ကျွန်တော်လည်း မသိမသာနဲ့ လိုက်ပြီးချောင်းကြည့်တော့ ဦးဖိုးအောင်ကိုပါ တွေ့လိုက်ရတာ သူတို့ဘာတွေပြောနေသလဲတော့ မသိပါဘူး"

"ဒီကောင်တွေ တွေ့ဆုံခြင်းဟာ ကောင်းတဲ့တွေ့ဆုံခြင်းတော့ မဖြစ်နိုင်ဘူး၊ ဒုက္ခတစ်ခုခုပေးဖို့ ကြံစည်နေကြတာ ဖြစ်မယ်၊ ဒီကောင်တွေကို လွှတ်ထားလို့မရဘူးဆိုပေမယ့် ဟိုလူ ဦးဖိုးအောင်ကို တစ်ခါတည်း ဖမ်းမိဖို့အတွက် မသိချင်ယောင်ဆောင်ပြီးစောင့်ကြည့်ရမယ်.... ကိုတိုး"

"ပြောပါ ဦးလေးဘကွန်း"

"မင်းဒီတာဝန်ကို ယူနိုင်မလား ရာမိုးတို့လှုပ်ရှားမှုကို အနီးကပ်သတင်းယူပေး"

"လူကြီးတာဝန်ပေးရင် ကျေပွန်ရမှာပေါ့ဗျာ"



မြလေးရုံ ရှာသူရှာသားများသည် ခြောက်လျှင်ကြောက်တတ်သူများဖြစ်သည်။ လူကြီးသစ် ဦးဘကွန်း၏ အစည်းအဝေးခေါ်ယူမှုပေါ်တွင် အသက်အရွယ်ကြီးရင့်ပြီး လွှဲခွဲမရှိသူ၊ ကျန်းမာရေး မကောင်းသူကလွဲပြီး စုံညီစွာတက်ရောက်ကြသည်။ အစည်းအဝေးကို နောက်ဆုံးတက်ရောက်သူမှာ ရာမိုး၊ ချက်ဖောင်းနှင့် ဖိုးကုလားတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရာမိုး မင်းတို့ ဘုန်းကြီးကျောင်းပေါ်ကို ဒီအတိုင်းတက်လို့မရသေးဘူး"

"ဘာကွ ငါတို့က ဒီအတိုင်းတက်လို့မရတော့ မင်းကို ကန်တော့ပြီးမှ တက်ရမှာလား"

"ဒီမှာ လက်မှတ်ထိုးပြီးမှတက်ရမယ်"

"ရွာမှာ အစည်းအဝေးလုပ်တိုင်း မင်းတို့လိုလက်မှတ်ထိုး ရတာမျိုးမရှိပါဘူး၊ အလုပ်မရှိအလုပ်ရှာလို့ကွာ"

"အာစရိ မထိုးနဲ့"

"ဖိုးကုလား မထိုးလည်းရတယ် ငါက အစည်းအဝေး မတက်ကြောင်း လူကြီးကို ပြောလိုက်ရုံပဲ၊ လက်မှတ်ထိုးပြီး တက်တဲ့သူကိုပဲ အစည်းအဝေးတက်ကြောင်း အသိအမှတ်ပြုတာ"

"ဆန်းထူးရယ် ချက်ဖောင်းနဲ့ ဖိုးကုလားက လက်မှတ်ဆိုတာ ထန်းရည်နဲ့ မြည်းစရာမှတ်နေသလားမှ မသိတာ"

"ငဦး မင်း လူကြီးနားမှာ မျက်နှာလို မျက်နှာရနေရတယ် ဆိုပြီး လူပါးမဝနဲ့နော် ဟင်း..."





"ဖိုးကုလား ငဦးဆိုတဲ့ကောင်က ဘုန်းကြီးကျောင်းမှာ ဆွမ်းကျန် ဟင်းကျန် စားဖို့ရောက်နေတာမဟုတ်ဘူးနော်၊ အလုပ်တာဝန်နဲ့ ရောက်နေတာ ထိရင်ထိတဲ့ အကျိုးကိုခံစားသွားရမယ်၊ စကားကြီး စကားကျယ် ပြောတာတော့ မဟုတ်ဘူး ဝတ္တရား နှောင့်ယှက်မှုဆိုတာ သိလား"

"တောက်...မင်းတို့ခေတ်ပဲ ပြောထားဦးပေါ့ကွာ ဖိုးကုလားနဲ့ ချက်ဖောင်း... ထိုးစရာရှိတာထိုးလိုက်"

ကန္တာ၊ ရွှေဦးပန်းနှင့် ကိုမြတ်သာတို့သည် ဆန်းထူးနှင့် ရာမိုးတို့ ပြောနေကြတဲ့စကားများကို ကြားနေရပြီး ပြုံးနေလေ သည်။ ရာမိုးတို့ (၃)ယောက် မကျေမနပ်ဖြင့် အပေါ်သို့ တက်လာ ခဲ့ကြတော့သည်။

အစည်းအဝေးတွင် ဆရာတော်မှ ဩဝါဒစကားကို စတင် မိန့်ကြားလေသည်။

"ဦးပဉ္စင်းဟာခုမြလေးရုံရွာမှာ ကျောင်းထိုင်ဆရာတော်ကြီး ဖျံလွန်တော်မူပြီးကတည်းက ကျောင်းထိုင်ဆရာတော်တာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တာ (၁၀)နှစ်ပြည့်ခဲ့ပါပြီ၊ မြလေးရုံရွာမှာ ဖြစ်ပျက်နေတဲ့ အခြေအနေများပေါ်မှာ ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ တရားအားထုတ်မှုအပေါ်မှာ နေခဲ့ပါတယ်၊ ရွာရဲ့ အခြေအနေတွေကို ကြားနေရပေမယ့် ဆရာတော်ဘုရားကြီးလို ဦးပဥ္ဇင်း မစွမ်းဆောင်နိုင်ခဲ့ပါဘူး၊ မြလေးရုံရွာရဲ့နောက်ဆုံးချိန်ကို ရောက်လာပြီဖြစ်လို့ ဦးပဥ္ဇင်း မဖြစ်မနေပါဝင်ခဲ့ ရခြင်းဖြစ်တယ်''

ဆရာတော်၏ နောက်ဆုံးချိန်ဆိုသောမိန့်ကြားမှုကြောင့် တစ်ရွာလုံးထိတ်လန့်ကုန်ကြသည်။

''မြလေးရုံရွာမှာ စည်းလုံးညီညွတ်မှုမရှိဘဲ ဆက်ပြီနေကြမယ်ဆိုရင် ရွာပျက်လိမ့်မယ်ဆိုတာပဲ ဦးပဥ္ဇင်းပြောပါရစေ၊ တစ်ချိန်က ဦးဆောင်မှုမကောင်းလို့ ရွာရဲ့ ကျဆုံးခြင်း၊ ဆုတ်ယုတ်ခြင်းတွေ တလွဲအယူသည်းမှုတွေကို ဒီနေ့ဒီရက်က စပြီး ပြောင်းလဲကြပါလို့ ဘုန်းကြီးမေတ္တာရပ်ခံလိုပါတယ်ကွယ်''

ဆရာတော်ကြီး ဩဝါဒမိန့်ကြားပြီးနောက် ရွာလူကြီး ဦးဘကျွန်းမှ ရွာသူရွာသားများကို မတ်တတ်ရပ်ပြီး...





''ကျုပ်ဟာ မြလေးရုံရွာက မဟုတ်ပေမယ့် မြလေးရုံသူနဲ့ အိမ်ထောင်ကျခဲ့ပြီဆိုကတည်းက မြလေးရုံရွာသား တစ်ယောက်လို့ ခံယူထားခဲ့တယ်၊ ဒါပေမယ့် မြလေးရုံရွာမှာ လူကြီးလုပ်မယ်လို့ တစ်ခါမှ စိတ်ကူးမယဉ်ခဲ့ပါဘူး၊ လူကြီးဝင်ပြီးလုပ်ရတာလည်း ရွာရဲ့ အခြေအနေဆိုးတွေကို အမြစ်ကနုတ်ပစ်ဖို့ လူကြီးစာရင်းတင်သွင်းခဲ့တာပါ၊ ခုခင်ဗျားတို့ အားလုံးကို အစည်းအဝေးခေါ်တာ ကျုပ်စကားလုံးလှလှလေးတွေပြောဖို့ မဟုတ်ဘူး ရွာအတွက်သိပ်ကို အရေးကြီးတဲ့ အချိန်ကို ရောက်နေလို့ခေါ်ယူရခြင်းဖြစ်တယ်''

ရွာသူရွာသားအားလုံး တိတ်ဆိတ်စွာ နားထောင်နေကြလေသည်။

''ရှေးလူကြီးအဆက်ဆက်က ခပ်ပေါ့ပေါ့လေးလုပ်ခဲ့ကြသလို အတတ်ပညာပိုင်း၊ အသိပညာပိုင်းတွေ အားနည်းခဲ့လို့ ရွာရဲ့ လုပ်အားနဲ့ တည်ဆောက်ခဲ့တဲ့ ရွာရဲ့တာကြီးဟာ ခုဆိုတယ်လိုမှ မြစ်ရေတိုးပြီး ရေကြီးမှုဒဏ်ကို မခံနိုင်တော့ဘူး၊ ဒီနှစ်မြစ်ရေကြီးမှုက ကြိုတင်သတိပေးထားပြီဖြစ်တာဆိုတော့ သိတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေသိနေကြမှာပါ၊ ဒီနှစ်မြစ်ရေကြီးမှုဟာ အရင်နှစ်တွေလို လယ်ယာတွေ ရေမြုပ်တဲ့ အဆင့်ထက်များစွာကျော်လွန်ပြီး ရွာကိုပါ ရေဘေးအန္တရာယ် ကျနိုင်တယ်၊ ခုဆို မိုးဦးစပြီး ဝင်နေပြီ ဒီအန္တရာယ်ကို ကာကွယ်ဖို့ ခင်ဗျားတို့ ဘာလုပ်နိုင်မလဲဆိုတာကိုတင်ပြပါ...''

''အရင်လူကြီးတွေ လုပ်သလိုပဲ ရွာကို (၃)ပိုင်းခွဲပြီး တစ်ပိုင်းကို တစ်ရက် တာဖို့လိုက်ရင်ပြီးတာပဲ...မလုပ်နိုင်တဲ့သူက နေ့စားအလုပ်သမားငှားပြီးလုပ်ခိုင်းပေါ့ သိပ်ပြီးဆန်းကြယ်တဲ့ကိစ္စ မဟုတ်ပါဘူး''

ရာမိုးကထပြီးပြောလေသည်။

''နောက်ဘယ်သူအကြံပြုချင်သေးလဲ''

''နှစ်စဉ်လုပ်နေကျ တာပေါ်မှာ ပူဇော်ပသပွဲတွေကို လုပ်ရင်း အစောင့်အရှောက်တွေက ကာကွယ်ပေးသွားမှာပါ''

ရွာသားတွေက စာစ်ယောက်ကို တစ်မျိုးတင်ပြကြပေမယ့် ဘယ်သူမှ အကြံဉာဏ်ကောင်းကို မပေးနိုင်ကြပေ။





မြလေးရုံရွာကို ရေဘေးသင့်အန္တရာယ်က ကာကွယ်ပေးတဲ့ တာကြီးရဲ့ တည်ဆောက်မှုဟာ စပြီးဆောက်ကတည်းက စနစ်တကျ တည်ဆောက်ခဲ့တာမျိုးမဟုတ်ဘဲ တာဖြစ်ရင်ပြီးရောဆိုပြီး လုပ်ခဲ့တဲ့ ရလဒ်ဟာ ခုဘယ်လိုမှ ပြန်ပြီး ပြုပြင်လို့တောင် မရတော့ဘူး ဒါကိုခင်ဗျားတို့ တစ်ရွာလုံး ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ဒီအခြေအနေကို အတတ်ပညာရှင်တွေနဲ့ တိုင်းတွာပြီးမှ အခြေအနေမှန်ကို သိနိုင်မှာဖြစ်တယ်''

''ခုတာကြီးကို တိုင်းတာပြီးပြီလား စိတ်ထင်ရာတွေပြောနေတာလား လူကြီး''

''ဒီစကားဟာ မေးသင့်တဲ့စကားပဲရာမိုး၊ ငါဆိုတဲ့ လူကြီးဟာ မြလေးရုံရွာမှာ ဘာအသိပညာ အတတ်ပညာမှမရှိဘဲ လူကြီးတက်ပြီးလုပ်တဲ့သူ မဟုတ်ဘူး၊ တာကြီးနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဘက်က ငါတို့ရဲ့တင်ပြမှုအချက်အလက်တွေကို အတည်ပြုပြီး ဆက်လက်ဆောင်ရွက်ဖို့ လုပ်ကိုင်ခွင့်အမိန့်ကို ချပေးလိုက်ပြီ...မင်းသိချင်တယ်ဆိုရင် ဒီမှာလာပြီးဖတ်ကြည့်နိုင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက တိုင်းထွာပြီး အကြောင်းကြားလိုက်တာလဲ"

"ဗိသုကာ အင်ဂျင်နီယာကန္တာက အကြောင်းကြားတင်ပြလိုက်တာ"

"ဟင်…ဟာ…ဟယ်…"

ကိုကန္တာကိုအရှုံးတစ်ယောက်အဖြစ် ဘီလူးဝင်စား တစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့သော ရွာသူရွာသားအားလုံး အံ့အားသင့်သွားကြသည်။

"ရာမိုး ခင်ဗျားကို ကျုပ် အင်ဂျင်နီယာဘွဲ့လက်မှတ် ထုတ်ပြဖို့လိုသေးလား"

ရာမိုးတစ်ယောက် ငြိမ်ကျသွားတော့သည်။

"ခင်ဗျားတို့ စောစောကတင်ပြအကြံပြုချက်တွေဟာ အန္တရာယ်နဲ့ ကြုံလာတော့မယ့် တာကြီးကို ကာကွယ်ပေးဖို့ အတွက်တစ်ခုမှမဖြစ်နိုင်ပါဘူး၊ ဒီတော့ကျုပ်တို့ဘာလုပ်ရ မလဲ ဆိုတာကို ပြောပြမယ်၊ အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ပါ တစ်ခါတည်း ခုကတည်းက ပြောထားမယ်၊ အလုပ်အားမပေးလုပ်





မယ် ဆိုတဲ့ အကြောင်းပြချက်တွေကိုလည်း လက်မခံဘူး၊ တာကြီး အတွက်လုပ်ကိုင်နေတဲ့အချိန်မှာ ရွာမှာရှိတဲ့လယ်ပိုင်ရှင်တွေဆီက အလှူခံထားတဲ့ဆန်နဲ့ တစ်ချိန်က ဒိုးကြီးဆိုတဲ့လူ ပိုင်ဆိုင်ထားသော လယ်ယာမြေမှရတဲ့ ဆန်စပါးတွေကို ဦးဘချစ်ဆီက နေ တရားဝင်ပြန်ပြီးလွှဲယူထားခဲ့တာကြောင့် တစ်အိမ်ကို လူဦးရေ အကန့်အသတ်နဲ့ ဆန်တွေပေးမယ်၊ ဟောဒီက ဆရာလေး ကိုမြတ်သာရဲ့ သူငယ်ချင်း ကုမ္ပဏီတစ်ခုကလည်း ဆီနဲ့ပဲတွေကို ကူညီမှာဖြစ်လို့ တစ်ယောက်မကျန် မြလေးရုံရွာကြီးရဲ့ တာပေါင် ကြီးကို ကာကွယ်ကြဖို့ ထွက်ပြီးလုပ်အားပေးကြပါ"

"တကယ်လို့ လုပ်အားမပေးခဲ့ရင် ဘယ်လိုအပြစ်ဒဏ်တွေ ကို ခံရမှာလဲ လူကြီးမင်း၊ ဥပဒေအရ အရေးယူမယ်ဆိုတဲ့ ခြိမ်းခြောက်မှုမျိုးဆိုရင်တော့ ရယ်စရာတွေဖြစ်နေမယ်နော်"

"ခုလုပ်မှာက ငါ့အိမ် ငါ့ခြံဆောက်ဖို့ မဟုတ်ဘူး ရွာရဲ့ ကျရောက်လာမယ့် အန္တရာယ်ကိုကာကွယ်ဖို့လုပ်ရမှာ၊ ဒါကိုမလုပ် ဘူးဆိုရင် ရွာကနေနှင်ထုတ်ဖို့ပဲရှိတာပေါ့၊ ဘယ်လိုနည်းနဲ့နှင်



www.burmeseclassic.com

www.burmeseclassic.com



မလဲဆိုတာတော့ စောင့်ကြည့်ပေါ့…ရာမိုး… ဘကွန်းက ကြောက်အောင်မခြောက်တတ်ဘူး၊ ကြောက်သွားအောင်ကို လုပ်ပြမှာ ဘယ်သူတွေ ဘာတင်ပြစရာရှိသေးလဲ”

“ မရှိတော့ပါဘူး”

”ကောင်းပြီ တာကြီးအတွက် လုပ်ငန်းခွင်စတာနဲ့ တစ်ရွာလုံး ညီညီညွတ်ညွတ်ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်ကိုင်တာ ကိုတွေ့ပါရစေ၊ အစည်းအဝေးကို ဒီမှာပဲ ရုပ်သိမ်းပါတယ်”

ရာမိုးတို့နှင့်အတူ ကိုတိုး ရောပြီးပါသွားသည်။

“ဦးလေးဘကွန်း”

“ဘာလဲ ဆန်းထွန်း”

“ဟို မြေကော်တဲ့စက်ကြီးတွေ ရွာထိပ်ကိုရောက်နေပြီ၊ လူကြီးတွေလည်း ပါလာတယ်”

“အေး..အေး..သွားကြရအောင်.. လုပ်ငန်းကစမယ့်စ မနက်ဖြန်စရတော့မှာ မောင်ကန္တာရေ…”



အခန်း ( ၁၄)

မြလေးရုံတာတာမံကြီးအတွက် အစိုးရမှ အင်ဂျင်နီယာတစ်ဦးနှင့်ဝန်ထမ်း(၅)ဦးကို ပို့လိုက်သည်။ ထိုထဲတွင် အင်ဂျင်နီယာ မင်းမော်အောင်မှာ ကန္တာနှင့်သူငယ်ချင်းဖြစ်နေသည်။

တာရိုးကြီးပေါ်တွင် ကန္တာ၊ နွေဦးပန်းနှင့် မင်းမော်အောင်တို့လျှောက်လာကြရင်း…

“ဟူး…တော်သေးတာပေါ့ ကန္တာရာ၊ ငါတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းသာ ခုစီမံကိန်းကိုလုပ်ရရင်မလွယ်ဘူး၊ ခုဆို မင်းနဲ့ငါ အပိုင်းခွဲပြီးလုပ်လို့ရပြီ၊ မင်းက ဘာစိတ်ကူးပေါက်ပြီး ဒီကိုရောက်နေတာလဲ”

“ဒါက ငါ့ရွာလေ၊ မိသားစုကိစ္စတစ်ခုနဲ့လာရင်း ဒီက အခြေအနေကိုတွေ့ခဲ့ရတာပဲ”

“တာကြီးအခြေအနေက အတော်ကိုဆိုးနေပြီပဲ”

“ဟုတ်တယ် မင်းမောင်… ဒါကြောင့် တာဖို့ဖို့ မဖြစ်နိုင်တော့ဘူး၊ ရေတံခါးကို အရေးပေါ်ဆောက်ပြီး ရေလွှဲမြောင်းကြီးတွေ ဖောက်ရမှာပဲ၊ မင်းဖောက်ဖို့အတွက် လမ်းကြောင်းမြေပုံတောင် ငါကြိုပြီး ဆွဲထားတယ်”

“မင်းကြိုတင်ပြီး ပြင်ဆင်ထားလို့ပေါ့ကွာ၊ ငါ ခုမှ စပြီး လုပ်ရရင် အချိန်မီဖို့ မလွယ်ဘူး၊ နေပါဦး··မင်းက ဘယ်တုန်းက အိမ်ထောင်ကျသွားတာလဲ”

“ဟာ·· ငါဘယ်သူနဲ့ အိမ်ထောင်ကျလို့လဲကွ”

“သူက မင်းမိန်းမဟုတ်ဘူးလား”





“ပေါက်ကရတော့ ပြောတော့မယ်”

နွေဦးပန်း မျက်လုံးအဝိုင်းသားနှင့်ဘာပြောရမှန်းပင် မသိဖြစ်နေတော့သည်။

“ငါ့ကို ဟိုအရပ်ပုပုနဲ့လူပြောလိုက်တာ၊ ဆန်းဒူးလား၊ ဆန်းထူးလားမသိပါဘူး”

“မင်းမောင်··မင်းပါးစပ်ပိတ်ထားစမ်းကွာ၊ ကျောင်းတုန်းက အကျင့်တွေမပျောက်သေးဘူး၊ ဟိုမှာ မင်းတပည့်တွေခေါ်နေပြီ သွားတော့”

“သွားမှာပါ·· တစ်ခုတော့ မင်းကိုပြောခဲ့မယ်၊ ငါ့ကို ကျောင်းမှာတုန်းက သတ်မှတ်ခဲ့တာလေးကို မင်းသတိရလား·· မင်းမောင်ပါးစပ်က ပြောလိုက်ရင် ကွက်တိဆိုတာလေ”

“သွား·· သွားစမ်းပါကွာ··”

မင်းမောင်အောင် ရယ်မောပြီး တာပေါ်မှပြေးဆင်းသွားတော့၏။

“နွေဦးပန်း စိတ်မဆိုးနဲ့နော်၊ ဒီကောင်က ဒီလိုပဲ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



တတ်တာအကျင့်ပဲ''

''ကျွန်မ စိတ်ဆိုးတယ်လို့ပြောနေလို့လား ကိုကန္တာ...''

''ကိုယ့်ကို အားနာပြီး စိတ်ဆိုးဟန်မပြဘဲ စိတ်ထဲမှာ ဒေါသလေးတွေ ဖြစ်နေမှာစိုးလို့ပါ''

''မဖြစ်ရဲပါဘူးရှင်...တော်ကြာ ဘီလူးနက္ခတ်ဝင်စားတဲ့ လူကြီးကို ကြောက်ပါတယ်''

''နွေဦးပန်းကရော ဒီလိုပဲ ကိုယ့်ကိုသတ်မှတ်ထားခဲ့တယ်ပေါ့''

''ကျွန်မ အမှန်အတိုင်းပြောမယ်နော်၊ ကျွန်မ (၈)နှစ်သမီး လောက်တုန်းက ရွာကလူကြီးတွေ ပြောဆိုတုန်းကဆို အရမ်းကို ကြောက်ခဲ့တာသိလား''

''ခုရော ကြောက်တုန်းပဲပေါ့''

''အဲ...နည်းနည်းတော့ကြောက်တယ်''

''ကြောက်လက်စနဲ့ မထူးဘူး ဦးလေးဘကွန်းပြောသလို ကြောက်အောင်လုပ်ထားရမယ်''





''ကိုကန္တာက ကြောက်အောင် အစွယ်တွေထုတ်ပြမှာလား ဒီလောက်နဲ့တော့ မကြောက်တတ်ဘူးနော်''

''အစွယ်လောက်နဲ့တော့ ကြောက်အောင်မလုပ်ဘူး၊ ကဲ... မင်းကိုမေးမယ် ကိုယ့်ကိုချစ်မလား မချစ်ဘူးလားပြော''

''ရှင် ဘယ်ကဘယ်လို ရည်းစားစကားပြောနေတာလဲ''

''ဘီလူးနက္ခတ်နဲ့ဝင်စားတဲ့ လူတစ်ယောက်ရဲ့ စကားလေ''

''မချစ်ဘူးဆိုရင် ဘာလုပ်မှာလည်းဟင်''

''ဒီနေရာကနေ ဘယ်မှမသွားဘဲ ထိုင်နေတော့မယ်''

ကန္တာ မြစ်ရေပြင်ကြီးဘက်ကိုလှည့်ပြီးထိုင်ချလိုက်တော့သည်။

''မချစ်ရင် မထဘူးပေါ့''

''ဟုတ်တယ်''

''ဒီဘီလူးက ဘယ်လိုဘီလူးလဲမသိဘူး၊ ထပါ မိုးစက်တွေ ကျကုန်ပြီ''

''မထဘူးဆို မထဘူး၊ တစ်ခွန်းပဲပြောမယ်''

''ကဲပါ...ဘီလူးလေးရယ် ထပါတော့''



www.burmeseclassic.com

www.burmeseclassic.com



ကန္တာလက်မောင်းလေးကို ဆွဲမပြီး ထူလိုက်တော့သည်။

"ချစ်တယ်ဆိုတဲ့ သဘောပေါ့"

"ချစ်လို့မဟုတ်ဘူး၊ မိုးမိပြီး နေမကောင်းဖြစ်နေမှာကို စိုးရိမ်လို့ရှင်"

"ဒါဆိုမထဘူး"

"ဘီလူးလေးတော့ခက်နေပြီ၊ မချစ်ဘဲနဲ့ စိုးရိမ်မလားရှင်"

"ချစ်တယ်ပေါ့နော်"

"အင်း..."

မိုးစက်ကလေးတွေ အင်အားကောင်းလာသဖြင့် နှစ်ယောက်သား တာရိုးကြီးပေါ်မှနေ တစ်ယောက်လက်ကိုတစ်ယောက်ဆုပ်ကိုင်ပြီး ဆင်းလာခဲ့ကြတော့သည်။

ချစ်သူနှစ်ဦးတွက် မိုးဦးသက်သေလေးပင်ဖြစ်တော့သည်။ သူငယ်ချင်း မင်းမောင်အောင်ကို ကျောင်းသားဘဝတုန်းက သတ်မှတ်ထားသလို သူပြောတဲ့စကားတွေဟာ "ကွက်တိ"ဆိုတဲ့ အတိုင်း ခုတော့ဖြစ်ခဲ့ကြရပြန်ပြီ မဟုတ်လား။



၁

တာကြီးရဲ့ ရေတံခါးကြီး ဆောက်လုပ်မှုပိုင်းကို ကန္တာဦးစီးပြီးလုပ်ကိုင်နေသလို မင်းမောင်အောင်မှာ တစ်ဖက်ချောင်းရိုးဆီသို့ စီးဆင်းမည့် ရေမြောင်းကြီးတွေကို ဖောက်လုပ်နေတော့သည်။

ဆရာကိုမြတ်သာနှင့် မာမာအောင်တို့မှာ ရွာတွင် ဆန်၊ ဆီ၊ ပဲတွေကို ခွဲဝေပေးသော တာဝန်တွေကို ယူဆောင်နေကြရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြလေးရုံရွာတွင် တစ်ကြိမ်တစ်ခါမှ မကြုံဘူးသော လုပ်အားပေးပွဲကြီးကို တွေ့မြင်နေရလေပြီ။

"မြင်ရတဲ့ မြင်ကွင်းက ဝမ်းသာစရာ ကြည်နူးစရာမြင်ကွင်းတစ်ခုပဲ မောင်ကန္တာရေ"

"ဟုတ်တယ် ဦးလေးရေ ရွာသားတွေဘယ်လိုကြောင့် ခုလိုစိတ်တွေပြောင်းလဲသွားသလဲ မသိဘူးနော်"

"အမှန်တရားဆိုတာ ဘယ်တော့မှ ကြာရှည်ဖုံးကွယ်ထားလို့ မရပါဘူးကွာ၊ ကိုယ့်ရွာကိုယ့်မြေ ဆုံးရှုံးမယ့်အန္တရာယ်ကျတော့မယ်ဆိုတာကို သူတို့ရင်ထဲမှာ ဝင်ရောက်သွားပြီဆိုရင် အမှန်တရားရဲ့ မျက်နှာပြင်ပေါ်ကို တက်ခဲ့ကြမယ်"

"ဒီထဲမှာ အမှားကိုမပြုပြင်သေးဘဲ မိုက်မဲနေတဲ့သူတွေရှိသေးတယ်နော် ဦးလေးဘကွန်း"

ရွှေဦးပန်း ရည်ရွယ်ပြီးပြောဆိုသောသူတွေမှာ ရာမိုးနှင့်ရွာသား (၁၀)ဦးခန့်ဖြစ်သည်။

"ဒီကောင်တွေက မေတ္တာတရ နှောင်တရမယ့်ကောင်





တွေမဟုတ်ဘူး"

"ဘယ်လိုနည်းနဲ့မှ နောင်တရနိုင်မှာလဲ"

"ဒီကောင်တွေအတွက် နောင်တရဖို့ အချိန်ကိုရောက်လာတော့မှ မလှပတဲ့အဆုံးသတ်နဲ့မှ နောင်တရကြမယ့်ဟာတွေ"

"ဦးလေးဘကွန်း"

"ဟေ...ဘာလဲ ဆန်းထူး"

ရေတံခါးကြီးတည်ဆောက်နေသည့်နေရာကို ဆန်းထူးအပြေးလေးရောက်လာသည်။

"ရာမိုးနောက်ကို လိုက်သွားတဲ့ ဓော်လတ်တို့(၃)ယောက်ပြန်ရောက်လာတယ်"

"ဒါများ ဆန်းထူးရယ်၊ အလန့်တကြားဖြစ်ပြီး ပြောရတယ်လို့ဟယ်"

"ရွှေဦးရဲ့.. ဒီကောင်တွေ ရောက်လာတဲ့အကြောင်းကို ထန်းတောပိုင်ရှင် ဦးရွှေရိုးက ငါ့ကိုပြောလိုက်တယ်၊ဒီကောင်တွေ ဟိုအင်ဂျင်နီယာ ကိုမင်းမောင်အောင်ကို ရှင်းမလို့ တိုင်ပင်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရတယ်တဲ့”

“ဟင်…ဟယ်..”

“မင်းမောင်တို့အဖွဲ့ ဘယ်နေရာမှာ လုပ်ကိုင်နေကြလဲ ဆန်းထူး”

“ရွာမြောက်ပိုင်းက လျှိုကြီးဘက်မှာ တူးနေကြတယ်၊ ဒီနေရာက ရွာနဲ့အလှမ်းဝေးတယ်၊ ပြီးတော့ ချောင်ကျတယ်”

“မဖြစ်ဘူး.. ဦးလေးဘကွန်းတို့ နောက်ကနေလိုက်ခဲ့၊ ကျွန်တော်အရင်သွားနှင့်မယ်”

“အေး..အေး..”

“ကို..သတိနဲ့သွားနော်”

“အင်း…”

နွေဦးပန်းကို ခေါင်းလေးညိတ်ပြပြီး မြောက်ဘက်လျှိုရှိရာသို့ ကန္တာ ပြေးလာခဲ့တော့သည်။

“ဇော်လတ်… ရှင်းရမယ့်ကိစ္စကို ခပ်မြန်မြန်ရှင်းနော်၊ ပြီးတာနဲ့ တစ်ခါတည်းလစ်ရမှာ”





“အေးပါကွာ..”

ဇော်လတ်တို့ သုံးယောက် လုပ်အားပေးမည့်ပုံသဏ္ဌာန်နှင့် ရောက်လာကြပြီး ရွာသားတွေကြားထဲမှာ ဝင်ပြီးလုပ်ကိုင်နေသည်။ မင်းမောင်အောင်မှာ လျှိုကြီးနား သစ်ပင်ကြီးအောက်တွင် သူလုပ်ကိုင်ရမည့်ကိစ္စတွေအတွက် စဉ်းစားနေသည်။

“ဇော်လတ်…ဟိုကောင်တစ်ယောက်တည်း သူ့လူတွေက အလုပ်ထဲမှာ အာရုံရောက်နေတယ်”

“ဒီကောင့်နားကို ဘယ်လိုသွားမလဲ”

“မင်းတော်တော်ညံ့တာပဲ၊ သူ့ဘေးမှာ ရေဘူးတွေတွေ့လား၊ ရေတောင်းသောက်သလိုနဲ့ အနီးကပ်ရှင်းရမယ်”

“ဒါဆို သွားမယ်”

မင်းမောင်အောင်မှာ လုပ်အားပေးလာကြသော ရွာသားတွေလို့သဘောထားပြီး သူ့နားလာသည်ကိုကြည့်နေသည်။

“ဆရာ…ကျွန်တော်တို့ကို ရေတစ်ခွက်လောက်တိုက်ပါ”

“သောက်လေဗျာ…ဟိုမှာ ရေအိုးတွေလုပ်ပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ''

''ရေက ကုန်နေလို့ပါ''

''ဩော်…ရှော…''

မင်းမောင်အောင် ရေဘူးလေးကို လှမ်းပြီးပေးသည်နှင့် ဖော်လတ် သူ့ခါးကြားမှ ဓားကိုထုတ်ဖို့ပြင်သည်နှင့်…

''ဖြောင်း…အား…''

''ဟာ…ကန္တာ…''

ဖော်လတ်ကို နောက်မှပြေးပြီး ခုန်ကန်လိုက်သောကြောင့် ရှေ့သို့စိုက်ကျသွားသည်နှင့် ဘေးမှ ဝင်းအောင်နှင့်ဝင်းဖော်၊ သူတို့ ဝှက်ပြီးယူလာသော ဓားမြှောင်ကိုယ်စီထုတ်ပြီး ထိုးဖို့ပြင်သည်။

''မင်းမောင်အောင်…သတိထား…''

''ဒီလောက်ကတော့ စာမဖွဲ့ဘူးကွာ''

''ကဲ…ကွာ…ဒုတ်…အင့်…''

''ခွပ်…အား…''

မင်းမောင်အောင်မှာ လက်နှေးသူတော့မဟုတ်၊ တစ်ယောက်





ကို တစ်ချက်စီနှင့် ပွဲသိမ်းလိုက်တော့သည်။

''ခွေးမသားတွေ ဝိုင်းပြီးသတ်ကွာ''

ရွာသားများ ဝိုင်းအုံရောက်လာပြီး ရိုက်နှက်မည်ပြင်သောကြောင့် ကန္တာ အားလုံးကို တားထားလိုက်ရသည်။

''မလုပ်ကြပါနဲ့၊ သူတို့ကို ဥပဒေအတိုင်း အပြစ်ပေးပါလိမ့်မယ်''

''ဒီလောက်တောင် မိုက်ရိုင်းတဲ့ကောင်တွေကို အချုပ်ထဲပို့မနေနဲ့၊ ဒင်းတို့ကို သတ်ပြီးသာမြှုပ်ပစ်လိုက်''

''ဒီလောက် တစ်ရွာလုံး ဒုက္ခပေးက လွတ်အောင်လုပ်နေရတဲ့ထဲ ဒင်းတို့က ခွေးကျင့်ခွေးကြံ ကြံရတယ်လို့ကွာ''

''ဟိုကောင် ရာမိုး…ခိုင်းတာဖြစ်ရမယ်''

ဦးဘကွန်းတို့ရောက်လာပြီး ရွာသားတွေကို နားချကာ လုပ်ငန်းခွင်ထဲ ပြန်ခိုင်းရသည်။

''ဒီ(၃)ကောင်ကို ကြိုးတုပ်ပြီးသာခေါ်သွားတော့၊ မြို့က အချုပ်ကို တစ်ခါတည်းပို့ရမယ်၊ မောင်မင်းမောင်အောင် ဘာမှ

www.burmeseclassic.com



မဖြစ်ဘူးနော်''

''ကန္တာ..အချိန်မီရောက်လာလို့ နို့မို့ဆိုရင် ကိစ္စတုံးပြီ၊ ကျေးဇူးပဲကွာ..''

''မင်းနဲ့ငါက သူငယ်ချင်းတွေပဲကွာ၊ ကျေးဇူးတင်ဖို့ မလိုပါဘူး။ ပြီးတော့ ငါ့ရွာအတွက် မင်းက တာဝန်ထမ်းဆောင်နေတဲ့သူလေ.. ကာကွယ်ပေးရမှာ ငါ့တာဝန်''

''ထားလိုက်ပါတော့ကွာ.. ဒြော်..ကန္တာ.. ငါပြောတာ ကွက်တိမဟုတ်လား''

''မင်းဘာကိုပြောတာလဲ''

ကန္တာ...နွေဦးပန်းဘေးမှာ ရပ်နေသဖြင့် တမင် မသိချင်ယောင်ဆောင်ကာ မေးလိုက်ခြင်းဖြစ်သည်။

''ဘာကွက်တိရမလဲကွ၊ မင်းတို့နှစ်ယောက်ကိစ္စကို ပြောတာပေါ့၊ ဝါတွင်းကြီး မင်္ဂလာတော့ မဆောင်နဲ့နော်၊ ရိုးရာ ပျက်တယ်..''

''မင်းကတော့ ဓားထိုးလို့မသေဘူး၊ ငါ့လက်သီးနဲ့ နှာန





တော့ ကျိုးတော့မယ်''

''ဒါတော့ မလုပ်ပါနဲ့ သူငယ်ချင်းရယ်၊ ဒီနှာခေါင်းလေးနဲ့ လုပ်စားနေတာပါ..ဟား..ဟား..ဟား...''

''မင်းမောင်..မင်းလုပ်ငန်းပြတ်တော့မှာလား''

''နောက်(၂)ရက်လောက်ဆို ပြီးပြတ်ပါပြီ၊ စိတ်ချရအောင် ရေပိုလွှဲလမ်းကြောင်းတွေ လုပ်နေတယ်ကွ၊ မြစ်ရေ အခြေအနေက တစ်နေ့ထက်တစ်နေ့ မကောင်းသလိုပဲ''

''ဒီရေ အတက်ကြမ်းနေတာကို စိုးရိမ်နေတာ၊ တခါးကြီးခံနိုင်ရည်အားရှိအောင်တော့ အစွမ်းကုန်လုပ်နေတာပဲကွာ''

ဒီရေမြင့်တက်မှုသည်တစ်နေ့ထက်တစ်နေ့ အားကောင်းနေသည့်အပေါ်မှာ စိုးရိမ်စရာဖြစ်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်သိမ်းပိုင်၊

ရေတံခါးကြီးဘေးတွင် ယာယီကင်းတဲဆောက်ပြီး အလှည့်ကျစနစ်ဖြင့် လုံခြုံရေးကို စောင့်ကြပ်နေရသည်။

တစ်နာရီတစ်ကြိမ် သံချောင်းခေါက်ပြီး ရေတံခါး၊ ရေကျကို စောင့်ကြည့်နေရသည်။

"ညနေကတည်းက ရာသီဥတုအခြေအနေက မကောင်းသလိုပဲနော်"





"ဟုတ်တယ်နော့ ဒီညကို သတိရှိရှိနေကြဖို့ တစ်ရွာလုံးကိုတော့ လှို့ဆော်ထားတယ်"

ကင်းတဲနားတွင် အထူးရုံးခန်းကို ဖွင့်ထားပြီး ကန္တာတို့အားလုံးနေပေးနေရသည်။

"မောင်ကန္တာရေ ရွာကလူငယ်တွေကို ဒီည နိုးနိုးကြားကြား နေကြဖို့ကို မှာထားသေးလား"

"ဟုတ်ကဲ့ မှာထားပါတယ် ဦးလေးဘကွန်း၊ ဆရာကိုမြတ်သာနဲ့ ရွာလည်ပိုင်းမှာ စုပြီးနေကြတယ်"

"ဝေါ...ဂျိုင်း..."

ကန္တာတို့စကားမဆုံးခင်မှာ လေရောမိုးပါ အသံနက်ကြီးနှင့် ပြိုဆင်းလာတာကို ကြားနေရသည်။

"လေက အရမ်းကြမ်းနေတယ်ဟေ့"

တစ်နေ့လုံး ညှို့မှိုင်းနေသော ကောင်းကင်ကြီး၏ ဓာတ်ရှိန်လုံးက ညအရောက်တွင် ပေါ်လွင်လာပြီဖြစ်၏။

"ကင်းစစ် ဘယ်သူသွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆန်းထူးနဲ့ ကိုဦးတို့သွားကြတယ်"

"အခြေအနေမကောင်းဘူး၊တစ်ဖွဲ့နဲ့တစ်ဖွဲ့ အဆက်အသွယ်မပြတ်ဖို့ အရေးကြီးတယ်"

"ဦးလေးဘကွန်း…ဦးလေးဘကွန်း…"

ရုံးခန်းအပြင်ဘက်မှ ခေါ်သံကြားရတာကြောင့် ထွက်ပြီးကြည့်တော့ ဆန်းထူးတို့ဖြစ်နေသည်။

"ဟေး ဆန်းထူး ဘာဖြစ်တာလဲ"

"မြစ်ရေတွေ အရမ်းကိုတိုးနေပြီ တာပေါ်ကို ရောက်တော့မယ်"

"ဘာ..ဟင်…ဟယ်…"

ဆန်းထူးစကားကြောင့် အားလုံးတုန်လှုပ်သွားသည်။

"ဒါသိုမဖြစ်သေးဘူး ဦးလေးဘကွန်း ကျွန်တော်လိုက်သွားမယ်"

"ကန္တာရေ သတိနဲ့သွားဟေ့…ငါနောက်ကနေလိုက်ခဲ့မယ်"





"ကျွန်တော့်အတွက်စိတ်ချ…နွေ"

"ပြောလေ ကန္တာ"

"ကယ်ဆယ်ရေးစခန်းက ပစ္စည်းတွေယူပြီး ကလေးသူငယ်နဲ့ လူကြီးတွေကို ပြင်ဆင်ထားတော့"

"ဟုတ်…ဟုတ်ကဲ့…ကို…သတိမပေါ့နဲ့နော်"

"အင်း…"

နွေကို ခေါင်းလေးညိတ်ပြလိုက်ပြီး ဆန်းထူးတို့ကို ခေါ်ကာ အပြင်ကို ထွက်ခဲ့တော့သည်။

အပြင်တွင် မိုးရောလေပါ ပြင်းထန်ဆုံး ရွာသွန်းတိုက်ခတ်နေတာကြောင့် ကန္တာတို့ သတိနှင့် သွားနေရသည်။

"ဟား…ဟား…ဟား…"

"ဟင်…"

လေသံ၊ မိုးသံကြားမှ ရယ်မောသံကြီးကို ကြားလိုက်ရတာကြောင့် ကြည့်လိုက်တော့

"ဟို…ဟိုမှာ ဦးဖိုးအောင်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီးဟုတ်တာပေါ့ကွာ၊ မင်းတို့ရောက်လာမယ်ဆိုတာကို သိတယ်လေ၊ ငါတို့ဘဝတွေကို တစ်စစီဖျက်ဆီးခဲ့တဲ့ မင်းတို့ကို ဘယ်တော့မှ ခွင့်လွှတ်လို့မရဘူး"

ကိုယ်ပြုခဲ့သော အမှားအပေါ်မှာ နောင်တရခြင်းမရှိဘဲ ဆက်ပြီးမိုက်တွင်းနက်နေသော ဦးဖိုးအောင်ကြောင့် ကန္တာတို့ စိတ်ပျက်သွားသည်။

"ဦးဖိုးအောင် ခင်ဗျား ကျုပ်တို့ကို လက်စားချေချင်ရင် နောက်မှလက်စားချေ၊ ခုရွာအတွက် သိပ်ကိုအရေးကြီးနေတယ်"

"ဟား ဟား ဟား အခွင့်အရေးဆိုတာ တစ်ခါပဲရတာ နောက်ဆိုတာ မသေချာဘူး"

"ဒိုင်း…အား…"

"ဟင်…ဟာ…ကန္တာ"

"တောက်…ခွေးထက်မိုက်မဲတဲ့ကောင်တွေ ချကွာ"

အသိတရားမဲ့နေသော ဦးဖိုးအောင်တို့ကို ကိုဦးတို့အားလုံး သည်းထန်စွာရွာသွန်းနေသော မိုးထဲတွင် လုံးထွေးကုန်တော့သည်။





"ခွပ်…ဖြောင်း…ဖြောင်း… အင့်…အား…အီး…"

ဦးဖိုးအောင်နှင့်ရာမိုးတို့ တစ်ဖက်၏ ဒေါသနှင့် ဝင်ရောက်ပြီး ကိုနိုက်မှုတွေကို ဘယ်လိုမှ ပြန်ခုခံချိန်မရလိုက်သလို ရာမိုးလက်ထဲမှ သေနတ်မှာ မိုးရေတွေကြောင့် ဂျမ်းဖြစ်ပြီး ကျည်ဆက်ပြီး မထွက်…

"ဦးဖိုးအောင်…ပြေး…ပြေး…"

ရာမိုးအခြေအနေ မကောင်းတာကို သဘောပေါက်သွားပြီး နောက်ကြောင်းပြန်ပြီးလှည့်ပြေးဖို့ကို ကြိုးစားကြတော့သည်။

"ဝုန်း…ဖြောင်း…ဂျိုင်း…"

"အား…"

ဦးဖိုးအောင်တစ်ယောက် ပြိုဆင်းလာသော ရေစီးနှင့် အောက်ကိုလွင့်စင်ကျသွားတော့သည်။

"ဟူး…ဦး…ကယ်…ကယ်ကြပါဦး"

"ဆန်းထူး…ကယ်လိုက်ပါကွာ"

ကန္တာ သေနတ်ဒဏ်ရာရထားပေမဲ့၊ ဦးဖိုးအောင်ကို ကယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ကိုလှမ်းပြောနေသည်။

"ခွေးမသားကြီး သေပါစေဗျ"

"ဟုတ်တယ် ရွာကို ဒီလောက်တောင် ဒုက္ခပေးတဲ့လူကြီး ဓာတ်သိမ်းသွားတာကောင်းတယ်"

"သူ့ရဲ့မကောင်းမှုကို သူ့ကံကြမ္မာက ဆုံးဖြတ်ပေးသွားမှာပါကွာ၊ ငါတို့ကြောင့် သူ့ဘဝကို နောက်ဆုံးအခွင့်အရေးတစ်ခုပေးလိုက်ပါ"

ကန္တာမေတ္တာရပ်ခံခြင်းကြောင့် ကိုဦးနှင့်ဆန်းထူး မကျေမနပ်နှင့် ကြိုးတစ်ချောင်းကိုယူပြီး ဦးဖိုးအောင်ကို ပစ်ချပေးလိုက်ပြီး…

"ဟေ့လူကြီး ကြိုးစကို မြဲမြဲဆုပ်ကိုင်ပြီးတက်ခဲ့"

ရေလှိုင်းဂယက်တွေကြားတွင် ဦးဖိုးအောင်ကြိုးစကို ဆုပ်ကိုင်ပြီး တာပေါ်သို့ တက်ရန်ကြိုးစားပေမဲ့…

"ဝုန်း…အား…"

"ဟင်…ဟာ…"





ဦးဖိုးအောင်ကို ကံကြမ္မာက ကောင်းကောင်းကြီး ဒဏ်ခတ်လိုက်ပြီဖြစ်သည်။ တာကြီးပေါ်သို့ မရောက်ခင်မှာ ရေလှိုင်းကြီးတွေနှင့် ရိုက်ခတ်သွားပြီး လွင့်စင်သွားတော့သည်။ ဓာတ်မီးတွေနှင့် ရှာဖွေပေမဲ့ အစအနပင် မတွေ့ရတော့ပေ။

"မတတ်နိုင်ဘူး သူ့ကံအကြောင်းပဲပေါ့"

"ကန္တာရေ…ရေလှိုင်းကြီးတွေ တက်လာနေပြီ"

"ဟာ…ရေတံခါးကြီးတွေ ဖွင့်ဖို့ပြင်တော့"

"ကန္တာ…မင်းဒဏ်ရာက သွေးထွက်များနေတယ်"

"ရတယ် ဦးလေးဘကွန်း၊ ကျွန်တော်အ[illegible]ထက် ရွာက ပိုပြီးအရေးကြီးတယ် လုပ်စရာရှိတာတွေကို လုပ်ကြပါ"

"ကျွိ…အိ…ကျွိ"

ကန္တာရေ ရေတံခါးတွေက တစ်ဖက်ရေအားနဲ့ ကျပ်ပြီး ဖွင့်လို့မရတော့ဘူး"

"ဒါဆို အောက်ကိုဆင်းပြီး ရိုက်ချိုးမှ ရတော့မယ်၊ ဦးလေးဘကွန်း ကျွန်တော့်ခါးကို ကြိုးချည်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ကန္တာ မင်းမှာ ဒဏ်ရာကြီးနဲ့"

"ဒဏ်ရာအကြောင်းကို ခေါင်းထဲမှာ ထည့်မထားနဲ့တော့"

"အရမ်းကို အရေးကြီးနေပြီ"

ကန္တာ ရေတံခါးအောက်ကိုဆင်းရန် ပြင်ဆင်ပြီး ပုဆိုးကိုင်လိုက်သည်။

"ဝုန်း…"

ကန္တာ ရေထဲကို ခုန်ချလိုက်ပြီး ရေတံခါးအောက်ကို အားစိုက်ပြီး ရိုက်ချိုးနေရသည်။

"ဒုတ်…ဒုတ်…ဒုတ်…ကျွိ…ကျွိ…"

"ကန္တာရေ သတိထား ရေတံခါးကျိုးတော့မယ်၊ ကိုဦးနဲ့ဆန်းထူး ကြိုးကိုမလွှတ်စေနဲ့နော်"

"ဟုတ်ကဲ့"

"ဖြောင်း…ဝုန်း…အား…"

ရေတံခါးကြီးကျိုးပဲ့သွားပြီး ရေတွေအလုံးအရင်းနှင့် ဝင်လာ





ခဲ့ကြတော့သည်။

"ကန္တာ…ကန္တာ…"

ရေလုံးကြီးတွေနှင့်အတူ ကန္တာတစ်ယောက် ကြိုးပြတ်တောက်သွားပြီး မျောပါသွားတော့သည်။

"ရှာကြပါဦးဟ"

တာကြီးပေါ်မှ ခါတ်မီးတွေနှင့် နေရာအနှံ့ရှာဖွေခဲ့ပေမဲ့ ကန္တာ့အရိပ်အယောင်ပင်မတွေ့ရတော့။

"လှေတွေနဲ့ လိုက်ကြလေ"

ကယ်ဆယ်ရေးအတွက် လုပ်ထားသော လှေတွေဖြင့် ရေစီးကြောင်းအတိုင်း လိုက်ပြီးရှာကြတော့သည်။

ညဏ်ပိုင်ဆိုင်မှုတွေပျောက်ကွယ်သွားပြီး အရဏ်တက်ခဲ့ပြီဖြစ်သည်။

တစ်ရွာလုံး ရေဘေးကြီးမှ လွတ်မြောက်ခဲ့ကြပေမဲ့ ကန္တာတစ်ယောက်တော့ ရေပြင်ကြီးထဲတွင် ရှာလို့မတွေ့ခဲ့တော့။

"နွေ…ရယ် ငါတို့အားလုံး နင့်ကိုဘယ်လိုဖြေသိမ့်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းတောင် မသိတော့ဘူးဟာ''

နွေတစ်ယောက် တာကြီးပေါ်မှ ရေပြင်ကြီးကို ငေးမောနေရင်း မျက်ရည်ဥတွေက ချောင်းငယ်ပမာကြီး စီးဆင်းနေတော့သည်။

''ငါလည်းဆက်ပြီး အသက်မရှင်ချင်တော့ဘူး''

''နွေ''

''သူမရှိတဲ့ဘဝဟာ ငါ့အတွက် ဘာမှ အဓိပ္ပါယ်မရှိတော့ဘူး''

''ဒီလိုတော့ မဆုံးဖြတ်ပါနဲ့ဟာ ကန္တာဖြစ်စေချင်တဲ့ ဆန္ဒတွေအတွက် နင်ဆက်ပြီးအသက်ရှင်ရဦးမယ်''

''ဟာ… ဟို…ဟိုမှာ ကန္တာ''

မာမာအောင်စကားကြောင့် ရီဝေနေသောမျက်လုံးတွေနဲ့ ကြည့်လိုက်တော့ ချစ်သောသူ ကန္တာကိုတွေ့လိုက်ရသည်။

''ဟယ်…ပလုပ်တုတ် ကောင်မစုတ်''

မာမာအောင်တို့ကို တွန်းဖယ်ပြီး နွေတစ်ယောက် ကန္တာ





ဆီ အပြေးကလေးထွက်ခွာသွားတော့သည်။

''ကန္တာ''

''နွေ''

ကန္တာရင်ခွင်ထဲသို့ မျက်ရည်တွေနှင့် တိုးဝှေ့ပြီး ဝင်လိုက်တော့သည်။

''ဟေး…ဟေး…ဒီမှာလူတွေရှိနေတယ်ဟ''

''ဟယ်တော်''

နောက်ဘက်ဆီမှ အသံတွေကြောင့်ကြည့်တော့ မြလေးရဲ့ ရှာသူရှာသားတွေကို တွေ့လိုက်ရသည်။ ဒါပေမဲ့ ချစ်သူရင်ခွင်ထဲကတော့ ရုန်းမထွက်ခဲ့ပေ…။ ။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

**ရွှေအဝင်**



www.burmeseclassic.com